www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်ခိုင်

## မှော်ဝင်ပန်း



(အချစ်
လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ မတ်လ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မြန်ဈေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅ ၈၃

မယ်နိုင်
မော်ဝင်ပန်း / မယ်နိုင် - ရန်ကုန်
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၇၁ - စာ ၊ ၁၂·၇ × ၁၈ စင်တီ။
(၁) မော်ဝင်ပန်း

# မယ်နိုင်

# မော်ဝင်ပန်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပန်းခင်းလမ်းလည်း
မသွားလိုပါဘူး၊
ပန်းဘဝ ငါ့ကြောင့် ကြေပျက်ရလိမ့်မယ်။
ဆူးခင်းလမ်းလည်း
မသွားချင်ပါဘူး၊
ချွန်မြတဲ့ဆူးသွားတွေက
ငါ့သွေးကြောင့် အလှပျက်ကြလိမ့်မယ်။
မိုးရေထဲလည်း
မလျှောက်တော့ပါဘူး၊
ငါ့ခြေလှမ်းတွေကြောင့်
သူတို့သဘာဝ ပျက်စီးလိမ့်မယ်။
နေရိပ်ထဲလည်း
မနေဝံ့ပါဘူး၊
ငါ အေးဖို့ သစ်ပင်တွေ ပူလောင်ရလိမ့်မယ်။
သူ့ကိုလည်း မချစ်တော့ပါဘူး။
ငါ့အချစ်ကြောင့် သူ မွန်းကျပ်နေလိမ့်မယ်။
တကယ်တော့
အချစ်သည် . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

တောင်ကုန်း တောင်တန်းတွေ အထပ်ထပ်ကို ကျော်လွန်ပြီးချိန်၌ ကုန်းမြင့်လေးတစ်ခုကို တွေ့ရသည်။ ထိုကုန်းမြင့် မြေလျောလျောလေးအောက်တွင် ရွာတစ်ရွာရှိသည်။ သူက အုံးရွာ။ ထိုရွာနှင့် မိုးလုံးကဲရွာကို မုန်းချောင်းကြီး ခြားထားသည်။

အုံးရွာသည် မုန်းချောင်းကြီးနှင့် သရက်ချောင်းနှစ်ခုအကြားတွင် တည်ရှိသည်။ အုံးရွာ၏အနောက်ဘက် သရက်ချောင်းကြီးနှင့် ခပ်လှမ်းလှမ်းတွင် ရွာသားများ စွန့်ပစ်ကြ၍ တောင်မို့နယ်ဖြစ်နေသော အမှိုက်ပုံကြီးရှိသည်။

ထိုအမှိုက်ပုံကြီး၏ခပ်လှမ်းလှမ်းတွင် တောင်နှင့်မြောက်



www.burmeseclassic.com

www.burmeseclassic.com



သွယ်တန်းနေသော တောင်တန်းပြာကြီး ရှိသည်။ ထိုတောင်တန်းသည် အမြဲတစေ မြူမှုန်များ အုံ့ဆိုင်းနေတတ်သည်။

မြန်မာနိုင်ငံ မြောက်ဖျားပိုင်း ကချင်ပြည်နယ်အစွန်မှ နေရာလေးတစ်ခုမို့ ကားသံနှင့် စက်ယာဉ်သံတို့ကင်းရှင်းပြီး အေးချမ်းတိတ်ဆိတ်လှသည်။

လျှပ်စစ်မီးမရှိ၍ ရေနံဆီမီးအိမ်နှင့် ဖယောင်းတိုင်၊ ကညင်ဆီမီးတိုင်တို့ကို သုံးနေရဆဲ။

ညအချိန်၌ တောတန်းများဆီမှ ကျားဟိန်းသံကို ကြားနေရဆဲ။ တောကောင်များကို ကိုင်းထောင်ကာ ဖမ်းဆီးနေကြဆဲဖြစ်သည်။

တောင်ပေါ်မှ ကျလာသော စိမ့်ရေများကို ဝါးကျည်တောက်နှင့် ခံယူကာ သောက်သုံးကြသည်။ ထိုရေကပဲ လေးသလို၊ တွင်းရေကပဲ ပေါ့သလို ခံစားကြရ၍ ဖြစ်သည်။

မပွံ့ဖြိုးသည့်ဒေသဖြစ်သောကြောင့် စပါးကိုပင် ဆန်ဖြစ်လာရန် ခက်ခဲနေကြသေးသည်။ စပါးကို ဆုန်ထဲထည့်ပြီး ထောင်းစားကြတုန်းပင်။

ယခုနှစ်ပေါ်သည့်စပါးကို ယခုနှစ်မှာပင် မောင်းထောင်းဆန်ဖွတ်ကြ၍ ဆန်သည် လတ်ဆတ်ပြီး သင်းပျံ့သည်။





တစ္ဆေးဝါးလွှတ်သည့် အသီးအရွက်ကိုစားသုံးကြ၍ ရွာသား များ ကျန်းမာကြံ့ခိုင်ကြသည်။ ရောဂါဘယကင်းသော သတ္တဝါတို့၏အသားကို စားသုံးကြ၍ ရောဂါဘယ ကင်းရှင်းကြသည်။

သို့သော် ထိုဒေသ၌ ထိတ်လန့်စရာတစ်ခု ရှိနေသည်။ ညအချိန်၌ သရက်ချောင်းအနောက်ဘက် တောစပ်ဆီမှ မီးရောင်များ ထွက်နေသည်။

ကြောက်မက်ဖွယ်အော်သံတစ်ခုကိုလည်း ကြားရသည်။ ထိုအော်သံကြောင့် တစ်ရွာလုံးမှာ ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရသည်။

ထိုအော်သံကြီးကြားပြီးနောက်ပိုင်းတွင် ထိုမီးရောင်များ ဖြာနေသည်ကို တွေ့ကြရသည်။

ထိုအရောင် ဘယ်ကလာသည်မှန်း အဖြေကိုမူ မည်သူမျှ ရှာမတွေ့ကြပါ။ ထိုမီးရောင်ပေါ်ထွက်လာရာနေရာကို မှန်းဆပြီး နေ့အချိန်၌ ရွာသားများအားလုံး စုပြီး တောနင်းရှာသော်လည်း အဖြေကိုမူ ရှာမတွေ့ခဲ့ပါ။

ထိုမီးရောင်သည် သုံးလခန့် ညစဉ်ညတိုင်း ပေါ်ထွက်လာတတ်ပြီးနောက် ရုတ်တရက် ပျောက်ကွယ်သွားသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားပြန်တော့ အမှန်တကယ် ပေါ်ထွက်ခဲ့သော မီးရောင်သည် ကောလာဟာလပမာ ယောင်တောင်တောင် ပျောက်ကွယ်သွားခဲ့ပြန်သည်။

ထိုမီးရောင် ပျောက်ကွယ်သွားပြီး သယ်ရှစ်နှစ်အကြာတွင် အုံးရွာသည် ထူးဆန်းမှုများ တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့ရတော့၏။

စုန်နေသောရေများ ဆန်တက်ကြသည်။ စပါးပင် စိုက်သော်လည်း မြက်ပင်များဖြစ်သွားတတ်ပြီး မြက်ပင်မှလည်း ဆန်များ ပွင့်လာတတ်သည်။ သရက်ပင်မှ စပါးစေ့တွေရလာပြီး သရက်သီးသည် ဆေးရိုးပင်ပေါ်၌ သီးနေတတ်ပြန်သည်။

အုန်းသီးကိုခွဲလိုက်လျှင် အုန်းရေမရဘဲ ပဲဆီတွေ ရနေတတ်သည်။ တစ်ခါတစ်ရံ၌ ဆူးပုပ်ရွက်သည် အဆိပ်ဖြစ်နေပြီး တစ်ခါတစ်ရံ၌ ဆေးအဖြစ် သုံးစွဲနေရတတ်ပြန်သည်။

ရွာသားများက ထိုပြောင်းလဲမှုကို ထိတ်လန့်သလို ဝမ်းလည်း သာကြရသည်။ သို့သော် ထိုပြောင်းလဲမှုသည် အမြဲတစေတော့ မဟုတ်ပါ။ ရံဖန်ရံခါမှ ဖြစ်နေတတ်၏။

ဒါတွေ ဒီလိုဖြစ်ရတာ ဘာကြောင့်လဲဆိုပြီး ရွာသားများ စူးစမ်းကြသည်။ သို့သော် အရင်းအမြစ်ကိုမူ မည်သူမျှ ရှာမတွေ့ခဲ့ပါချေ။





လူအများစုထဲမှ တစ်ဦးသည် သိနေသည်။ ထိုလူသည် လောဘတက်နေမိသည်။ သူသည် ဦးဘသိန်းဖြစ်သည်။ အုံးရွာ၏ မျက်နှာဖုံးဖြစ်သည်။ မြို့နှင့်အဆက်ရှိသူလည်းဖြစ်ပြီး ချမ်းသာသည်။ ရွာဦးကျောင်းဆရာတော်၏ဒကာရင်းဖြစ်သည်။

ဦးဘသိန်းသည် ညစဉ်ညတိုင်း အိမ်မှပျောက်သွားတတ်သည်။ ဦးဘသိန်းက ထိုသို့ ညစဉ်ညတိုင်း ပျောက်သွားပြီး တစ်လအကြာတွင် ရုတ်တရက် မြို့ပေါ်တက်သွားသည်။

ပြီးနောက် . . . မြို့ပေါ်မှ မိန်းကလေးတစ်ယောက်နှင့် အတူ ပြန်လာသည်။ မိန်းကလေးသည် ဆံပင်ရှည်ရှည်နှင့် ချောသည်။

မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းထူအိအိနှင့် မဟာနုဖူးကို ပိုင်ဆိုင်သည်။ အလှပေါ်အယဉ်ဆင့် ဆိုရလေမလားမသိ။ မိန်းကလေး၏အလှသည် မြင်သူအပေါင်းကို အေးမြစေသည်။

မဟာဆန်သော အလှပိုင်ရှင်ဖြစ်သည်။ ထိုမိန်းကလေး၏အမည်သည် ခါနွေဦးဖြစ်၏။

ခါနွေဦးသည် တစ်ခုခုကို အမြဲစဉ်းစားနေပုံမျိုးနှင့် ငြိမ်သက်နေတတ်သည်။ မျက်ဝန်းတွေက တောက်ပမှုမရှိဘဲ ညှိုးငယ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်နေ့၌ ခါနွေဦးသည် အုံးရွာမှ ရုတ်တရက် ပျောက်သွားခဲ့သည်။ ဒါတွေအားလုံးကို ကြိုးကိုင်ခြယ်လှယ်နေသူ ရှိသည်ဆိုပါစို့။



## အခန်း (၂)

တစ်ညလုံး လေပြင်းမိုးပြင်းချထားး၍ မနက်အရုဏ်တက်လာသောအချိန်တွင် ပတ်ဝန်းကျင်မြင်ကွင်းသည် အကျည်းတန်နေခဲ့သည်။ သက်ကယ်မိုး တံစက်မြိတ်မှ မိုးရေလက်ကျန်များက ယခုချိန်ထိ စီးကျနေဆဲပင်။ ရွှံ့စောင်းနေသော ဝါးထရံစုတ်များမှာ တွဲချည်ထားသော နှီးများ ဆွေးနေ၍ ကွာကျနေသည်။ ညှိုမည်းနေပြီဖြစ်သော ဝါးလုံးခြမ်းထုပ်တန်းများမှာလည်း ထက်ပိုင်းကျိုးနေပါပြီ။ သို့သော် ဖြစ်သလိုနေသည့် ပေတာလူကတော့ ထိုထက်ပိုင်းကျိုး ဝါးခြမ်းနှစ်ခုကို ဝါးလုံးလေးတစ်လုံးနှင့် ပူးကပ်ကာ နှီးစိမ်းဖြင့် ချည်နှောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်းက ချည်နှောင်လို့မပြီးသေးဘူး နောက်တစ်ခြမ်းက ပြုတ်ကျလာ၍ လှူငါးယောက်ဆံ့စာ တဲအိမ်လေးများ ပြင်လို့ကို မပြီးနိုင်တော့ပါ။

"ပေတလူ . . . ဟေ့ . . . ပေတလူ"

"ဗျာ"

အိမ်ကြီးရှင်ဒေါ်သဲပုံ၏အသံမှန်းသိ၍ ပြူးတူးပျာတာ ပြန်ထူး၏။ ပြီးနောက် စလွယ်သိုင်းထားသော မလေးရှားပုဆိုး ကွက်ကျဲကို ဖြစ်သလို ဖြန့်ဝတ်လိုက်သည်။ သို့သော် ပုဆိုးက ပြန့်ပြူးမသွားပါဘဲ လိပ်ခွေနေ၍ အိန္ဒိယမလေးဂါဝန်နှင့်ပင် တူနေပြန်သည်။

"ဘာနိုင်းမလို့လဲ ကြီးတော်"

အမေးသာရှိပြီး ဖြေသံကိုမကြားရပါ။ ဒေါ်သဲပုံက သူ၏ ပုဆိုးစုတ်ကိုသာ ပြူးပြဲကြည့်နေသည်။

"ဒီပုဆိုးက ဘယ်ကရလာတာတုံး။ နေပါဦး . . . ဒါ လှည်းဦးပွတ်လုပ်နေတဲ့ပုဆိုး မဟုတ်လား"

ယောင်နနဖြင့် ပုဆိုးကို လက်ဝါးဖြင့် ကာနေမိသည်။ မှန်ပါ၏။ လှည်းဦးပွတ်လုပ်ထားသော နွားသားရေကို ဟင်းမရှိ၍ ရေစိမ်၊ ပြုတ်၊ အမွေးခြစ်ပြီး သုပ်စား၊ ချက်စား စားလိုက်၍





တောထဲသွားခါနီး လှည်းဦးပွတ်လိုခဲ့သည်။ ထို့ကြောင့် မစုတ်သော၊ မပြဲသော နိုင်လွန်ချည် မလေးရှားပုဆိုးကိုသာ လိမ်ထုံးပြီး နွားသားရေနေရာတွင် အစားထိုးခဲ့သည်။ သို့သော် ထိုသို့လုပ်၍ သူ့မှာ ပုဆိုးပေါလှသည်ဟုတော့ မထင်စေချင်ပါ။ အဝါရောင် အားကစားဘောင်းဘီနှင့် ဒီမလေးရှားပုဆိုးတစ်ထည်၊ စစ်အကျီ သုံးထည်သာ ချမ်းသာသည်။

"ဘယ်လိုဟာလေးလဲ ဖြစ်သလိုနေတယ်၊ ညမိုးရွာတော့ ဘယ်မှာနေသလဲ"

"ဒီအထဲမှာပဲ မိုးကာပတ်ပြီး အိပ်လိုက်တယ်"

သူ့အဖြေဆုံးသည်တွင် သက်ပြင်းချသံ ကြားလိုက်ရသည်။

"သက်ကယ်မဝယ်နိုင်ရင်လည်း အားတဲ့အခါ ရှန်း (ခနို) သွားခုတ်ပါလားဟဲ့၊ တောထဲဝါးခုတ်ပြီး ပြန်ဆောက်ပါလား"

"ဟာ . . . အလကားအချိန်ကုန်လို့ မိုးရိုပြီး မကောင်းမြင်မယ့်နေရာ တစ်ခုမှမရှိဘူး။ လသာတဲ့ရက်များဆို ကြယ်ရောင်၊ လရောင်နဲ့ နတ်သမီးတောင် တွေ့ရသေး"

တကယ်လည်း ဟုတ်ပါသည်။ အပေါက်တစ်ရာခေါင်မိုးမှာ အလင်းရောင်ကို တိုးလျှိုပေါက်မြင်နေရ၏။ ကျိုးတိုးကျဲတ်



www.burmeseclassic.com

www.burmeseclassic.com



ထံရုံစုတ်လေးများကလည်း လေနုတ်သားနှင့် မိတ်ဆွေ ဖြစ်နေသည်။

"ကဲ ကဲ . . . မင်းနဲ့စကားမများလိုဘူး။ ရော့ . . . ဒီမှာ ငွေတစ်ဆယ်၊ ငါ့နွားနှစ်ကောင်ကို မင်းနဲ့ အပ်ထားခဲ့မယ်၊ ပြီးတော့ ခြံထဲက ဝက်နှစ်ကောင်ကိုလည်း ညှ၊ မနက် ပုံမှန်ကျွေးဦး"

"ဘယ်သွားမလို့လဲ"

"မန္တလေးမှာနေတဲ့ ငါ့သား နေမကောင်းလို့တဲ့"

"သြော် . . . စခန်းမှူး ဖြစ်နေတဲ့ဟာလား"

"အေး အဲဒါ ငါတို့လင်မယား တစ်ပတ်လောက် ခရီးထွက်မယ်၊ စိတ်ချမယ်နော်"

"စိတ်ချသာသွားပါဗျာ၊ ဝက်ပေါ့လည်း ဝဖီးနေစေရမယ်၊ နွားတွေလည်း စိတ်ချ"

"မိုးဦးကျတော့မယ်၊ ငါ့နွားတွေကို ဂရုစိုက်နော်၊ ချာနာလျာနာ ဖြစ်ဦးမယ်"

"ဟုတ်ကဲ့ပါဗျာ၊ စိတ်ချသွားပါ၊ ခဏနေရင် ကျုပ်ဒေါ်ကြီး နွားတွေကို လာဆွဲပါ့မယ်"

"အေး . . . ဒါဆို စိတ်ချမယ်နော်၊ ငါသွားပြီ"

အသက်နှစ်ဆယ့်တစ်နှစ်သာရှိသေးသော ပေတာလှူသည်





မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သည်။ အရပ်ကကျွေး၍ ကြီးလာရသူ ဖြစ်၏။

ပေတာလှူကို မွေးတဲ့အချိန်တွင် မိခင်က သေရပြီး ပေတာလှူကို ဆယ်နှစ်သားအရွယ်တွင် ရှင်ပြုခါနီး၌ ဖခင် သေရပြန်သည်။ ထိုအချိန်မှစ၍ ဘုန်းကြီးကျောင်း၌နေပြီး ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ရသည်။ အသက်ဆယ့်ငါးနှစ်အရွယ်တွင် ဘုန်းကြီးကျောင်းမှထွက်ကာ တစ်ရွာလုံး၏တောက်တိုမယ်ရ ဖြစ်ရပြန်သည်၊ သို့သော် ပေတာလှူ အဓိကလုပ်သောအလုပ်မှာ နွားကျောင်းသားအလုပ်ဖြစ်သည်။

နွားနေ့စားကျောင်းသည်၊ နေ့စားဆိုသော်လည်း သဒ္ဒါကြေးသာဖြစ်၏။ အရက်မပေါ်ရုံတမည်ပင် စိတ်လွတ်ကိုယ်လွတ်နေသည်၊ ရသောငွေကို အရက်သောက်သည်။ သူများကျွေးသောထမင်းကို စားပြီး မြို့စွန်ရှိ မြေလပ်လေးတွင် တဲထိုးပြီးနေသည်။

"ဟေး ပေတာလှူ . . . မသွားသေးဘူးလားဟ"

ကိုယ့်နွားကိုယ့်ကျောင်းသော ကြာရိုးက အသံပြုပြီး နွားတစ်အုပ်နှင့် ဖြတ်သွားလျှင် မီးသွေးခဲနှင့် သွားတိုက်နေသောပေတာလှူမှာ ပါးလုတ်ကျင်းပြီး မျက်နှာသစ်နေသည်၊ မျက်နှာပေါ်မှ ရေများကို ခါးဝတ်ပုဆိုးဖြင့် ဖြစ်သလိုသုတ်ပြီး နွားဆွဲရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်သဲပုံတို့အိမ်သို့ အပြေးနှင်ရပြန်သည်။

နွားများကို နွားချေကြီးမှဖြုတ်ပြီး ခြံထဲမှမောင်းထွက်လာသည်။ နဖြူ၊ နညို၊ နနီနှင့် နကြားလေးများ စုစုပေါင်း ဆယ်ကောင်။

“မြန်မြန်သွားကြပါကွ၊ မင်းတို့စားကျက် သူများစားလို့ကုန်ဦးမယ်”

နွားစင်ကိုပုတ်ပုတ်ပြီး ပြောနေမိပြန်သည်။

“ဟော့ ပေတလူ . . . ထမင်းထုပ်ပါရဲ့လား”

“မပါပါဘူးဗျာ၊ ကြီးတော်က မရှိဘူးဗျ”

“ရော့ ရော့ . . . ဒါဆို ဒီကယူသွား။ ငါ့နွားမလေးကိုလည်း ခွဲပေးဦး။ ဒီနွားက မွေးခါနီးနေပြီ သေချာကရုစိုက်ဦးနော်”

“ဟုတ်ကဲ့ပါဗျ”

အရီးကြာညွန့်က ပြောပြောဆိုဆိုပင် စိမ်းနုရောင်ငှက်ပျောရွက်ကလေးနှင့် ထုပ်ပိုးထားသော ထမင်းထုပ်ကို လှမ်းပေးပြန်၍ ထိုထမင်းထုပ်ကို လှမ်းယူပြီး မီးခိုးရောင်လား၊ အမည်းရောင်လား မသဲကွဲတော့တဲ့ ချည်လွယ်အိတ်ထဲ ထည့်လိုက်ပြန်သည်။

စုစုပေါင်း နွားဆယ့်တစ်ကောင်ကို မောင်းပြီး ရွာပြင်သို့ ထွက်လာသည်။ သူ၏ရွာနာမည်မှာ အုံးရွာဖြစ်သည်။ အုံးရွာကို





ချောင်းနှစ်ချောင်းအလယ်တွင် တည်ဆောက်ထားသည်။

ရွာအရှေ့ဘက်မှ ချောင်းကို နန်းချောင်းဟုခေါ်ပြီး ရွာအနောက်ဘက်မှချောင်းကို သရက်ချောင်းဟုခေါ်သည်။ ရွာအနောက်ဘက်တောစပ်တွင် စားကျက်ကောင်း၍ နွားများကို ရွာအနောက်ဘက်သို့ မောင်းလာခဲ့သည်။

ချောင်းကိုဖြတ်တော့ နွားများက ရေသောက်ကြ၍ သူက နွားများကို ရပ်စောင့်နေဖြစ်သည်။

တစ်နွေရာသီလုံး ပူလောင်ထားသောကြောင့် မနေ့ညက ရွာလိုက်သောမိုးက ချောင်းလေးကို မစိုပြည်ပါချေ။

“ဟွန်း . . . ဝါဆို ဝါခေါင်မှပဲ မင်းလည်း ချောင်းနဲ့တူတော့တယ်၊ ဟိ . . . သွားရအောင်”

ချောင်းကိုပြောရင်း တစ်ဆက်တည်းပင် ရေဝနေသောနွားများကို မောင်းလိုက်သည်။ ထိုချောင်းလေးကို ကျော်လွန်သောအခါ တောစပ်သို့ ရောက်လာခဲ့၏။ မိုး၏အရှိန်ကြောင့် ထင်ပါရဲ့ မြက်ခင်းနှင့်သစ်ပင်များ လန်းဆန်းနေသည်။

“ကဲ . . . စားကြကွာ၊ ငါတော့ ငှက်ပစ်လိုက်ဦးမယ်”

နွားများက သူ့စကားကို နားလည်နေရော့သလားမသိ မြက်များကို စတင်စားသောက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြက်စားနေသော နွားတို့ကို လွတ်လွတ်လပ်လပ် စားနိုင်အောင် ပစ်ထားခဲ့ပြီးမှ လောက်လေးခွဖြင့် ထွက်လာခဲ့သည်။ သူ့ရှေ့၌ အမှိုက်ပုံကြီးတစ်ပုံ တွေ့သည်။

ရွာထဲ အမှိုက်မပစ်ရဆိုသည့် ရပ်ရွာလူကြီး၏အမိန့်ကြောင့် ရွာသားများစွန့်ပစ်လာကြသည့် ထိုအမှိုက်ပုံကြီးမှာ မသိလျှင် လွှာတွန့်တောင်တစ်လုံးပမာ ပြန့်ကားမို့မောက်နေသည်။ ထိုအမှိုက်ပုံကြီးကိုမြင်လျှင် သူ ကျင်ငယ် စွန့်ချင်လာသည်။ မရည်ရွယ်ထားပါသော်လည်း သူ အမြဲကျင်ငယ်စွန့်နေကျနေရာမှာ ဂျာမနီရုံဘေးဖြစ်သည်။ ကျင်ငယ်စွန့်ရန်အတွက် လောက်လေးခွကို လွယ်အိတ်စုတ်ထဲ ထည့်ပြီး မလေးရှားပုဆိုးကွက်ကျဲကို စလွယ်သိုင်းဆိုက်စဉ်တွင် . . .

''ဟင်''

မြင်ကွင်းကြောင့် မှင်တက်သွားသည်။

''ဘာကြီးလဲ''

လှုပ်ရှလှုပ်ရှနှင့်ဖြစ်နေသော သဏ္ဍာန်တစ်ခု။ သူ တိုးကပ်သွားသည်။

''ဟင်''

ကြက်သီးထလုမတတ် လန့်သွားရသည်။ ကလေးငယ်





တစ်ယောက်ဖြစ်သည်။ အတိအကျပြောရလျှင် မွေးကင်းစကလေးငယ် ဖြစ်သည်။

''ခစ် ခစ် ခစ်''

စူးပြီးဖြာကျနေသော နေလုံးကြီးကိုကြည့်ပြီး ရယ်နေသည်။

သူ အံ့သြသွားသည်။ မိုးပေါ်မှာ ဘာများ ရယ်စရာရှိနေသလဲဟူသော သံသယဖြင့် ယောင်နနမော့ကြည့်မိသည်။ မျက်စိစူးခနဲဖြစ်သွား၍ မှိတ်လိုက်မိသည်။

''ခစ် ခစ် ခစ်''

အံ့သြလွန်း၍ ကလေးငယ်ကိုသာ စိုက်ကြည့်နေသည်။ ကလေးငယ်သည် ကိုယ်လုံးတီးဖြစ်သည်။ မိန်းကလေးတစ်ယောက်လည်း ဖြစ်သည်။

အခင်းမပါ၊ အနီးမပါဘဲ ဒီအမှိုက်ပုံ ညစ်ပတ်ပတ်ကြားမှာ ပျော်နေသည်ကို စဉ်းစားမရပါ။ သေသေချာချာကြည့်တော့ နီတာရဲပဲရှိသေးကြောင်း တွေ့ရသည်။ သူ ခန့်မှန်းမိသည်။ ဒီကလေးဟာ အလွန်ဆုံးရှိ ရက်သားပေါ့။ ဒီလိုရက်သားလေးက မျက်စိမြင်ပြီလား၊ ရယ်တတ်ပြီလား။

ဘယ်သူကများ ဒီနေရာမှာ ရက်ရက်စက်စက် ပုလို



www.burmeseclassic.com

www.burmeseclassic.com



လာပစ်ထားတာလဲ။ နူးညံ့သောကလေးအသားကို အကောင်တွေက မကိုက်ကြဘူးလား။ ရက်စက်လိုက်ကြတာ၊ ကလေးကိုကြည့်ရင်း အသည်းနာနေမိသည်။

"ခစ် ခစ် ခစ်"

အိပ်မက်များလား။ အဝတ်မပါဘဲ ကလေးငယ်ကို အမှိုက်ပုံမှာ တွေ့နေရတာက ဖြစ်နိုင်ပါ့မလား။ ပြီးတော့ ကလေးငယ်က မငိုဘဲ ရယ်လို့၊ ဘာတွေလဲ။ သူ့ပါးသူ ရိုက်ပစ်လိုက်သည်။

"အား ... နာတယ်ဟ၊ အိပ်မက်မဟုတ်ဘူး"

သို့သော် မယုံနိုင်သေးပါ။ စုန်းကဝေတွေကများ သူ့ကို ပြုစားထားလေသလား။ ဟိုဘက်ရွာက စုန်းမကများ သူ့ကို ကျီစယ်နေတာလား။

သူ သံသယနှင့်ကြည့်နေမိသည်မှာ ကျင်ငယ်စွန့်ရန်ပင် မေ့ လျော့နေပါပြီ။

"ဟင်"

သူ အံ့ဩသွားသည်။ သူကြည့်နေစဉ်မှာပင် ကလေးငယ်ကိုယ်ပေါ်သို့ ရထားပိုးကောင်နှင့် ကင်းခြေများက အလုအယက် တက်လာသည်။





သူ ဘာလုပ်ရမလဲ။ ရထားပိုးကောင်တော့ လက်နဲ့ ကိုင်ပြီး ဖယ်လိုက်တယ်ထားဦး ဒီကင်းခြေများကြီးတော့ ...

သူ ယောင်တောင်တောင်ဖြစ်နေစဉ်မှာပင် ကလေးရယ်သံ တိတ်သွားသည်။ ကလေးငယ်မျက်နှာသည် ဒေါသထွက်နေသယောင် အရိပ်များပေါ်လာသည်။ တစ်ဆက်တည်းမှာပင် လေပြင်းခတ်လာသလို ခံစားရသည်။

မိုးကောင်းကင်၌ မိုးသားများ ပြေးလွှားလာသည်။ ခပ်လှမ်းလှမ်းဆီမှ ပြင်းပြသောလေတိုးသံကြားရသည်။ ချက်ချင်းပင် ရာသီဥတုက ပြောင်းလာသည်။

မိုးသက်လေပြင်းကျတော့မှာပဲဆိုတာ သိလိုက်သော်လည်း အသိနောက်ကျသွားခဲ့ပါပြီ။ လေက တစ်ကြောင်းပြေး ခပ်ကြမ်းကြမ်း တိုက်ခတ်လာ၍ သူပင် လွင့်ထွက်မသွားအောင် တောင့်ခံလိုက်ရသည်။

လေက နှစ်စက္ကန့်မျှတိုက်ပြီးချိန်တွင် ကလေးငယ်ကို ငုံ့ကြည့်လိုက်သည်။ ကလေးငယ်ကိုယ်ပေါ်၌ စောစောက သတ္တဝါများကို မတွေ့ရတော့ချေ။

ကလေးငယ်က သူ့အားကြည့်နေသည်။ သူကလည်း ကလေးငယ်ကိုကြည့်နေသည်။ ထိုအချိန်တွင် ချက်ချင်းဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲလေးများ ကျလာ၏။

ဒီကလေးက ဘယ်ကလဲ၊ ဘယ်လိုလုပ် ဒီနေရာကို ရောက်နေသလဲဆိုတာ စဉ်းစားချိန်ပင် မရတော့ပါဘဲ ကလေးကို ကောက်ယူပွေ့ချီလိုက်သည်။

ထူးခြားမှုကို ပထမဆုံး သတိပြုမိလိုက်၏။ ထိုကလေးငယ်၏ကျောပြင်သည် နွေးနေသည်။ ပြီးတော့ ထိုကလေးငယ်၏ ထွက်ပြူစ ဆံပင်လေးများသည် စိမ်းသောအရောင်ရှိသည်။ ပြီးတော့ ညာဘက်လက်တွင် လက်မောင်းနှစ်ခုပါသည်။ ဘယ်၊ ညာ ရောပေါင်းလျှင် စုစုပေါင်း လက်မောင်းသုံးခု။ ထိုအရာများကို သတိပြုမိခြင်းမှာပင် ကလေးငယ်ကို ချက်ချင်းလွှတ်ချပစ်ချင်သော်လည်း လက်များက ခိုင်ခံ့နေသည်။ ပြီးတော့ အမျိုးအမည်မသိတဲ့ နူးညံ့သောခံစားချက်များ နှလုံးသွေးထဲ စီးဆင်းနေသည်။ မွေးထိုက်တော့လည်း မွေးရတော့မည်ပေါ့။



# အခန်း (၃)

"ဟိုမှာ စုန်းမလေးလာနေပြီ ပြေးကြဟေ့"

ကလေးတစ်သိုက်မှာ အလုအယက်ပြေးသွားကြသည်။ ရုပ်ရည်မလှရှာသော သဒ္ဒိဇာမှာ မျက်နှာငယ်လေးနှင့် လမ်းမကြီးပေါ် ငူငူကြီး ရပ်ကျန်နေ၏။ မျက်ရည်များစီးကျလာသည်။ ထိုအချိန်တွင် နွေခေါင်ခေါင်၌ မိုးများရွာကျလာတော့၏။

အသက်ဆယ်နှစ်အရွယ်သာရှိသေးသော သဒ္ဒိဇာမှာ မိုးရေထဲ ကြွက်စုတ်ပမာ စိုရွှဲနေပါပြီ။

"သမီး ... သမီး"

ရွာလယ်လမ်းမအတိုင်း ထီးစုတ်လေးနှင့် ပြေးလာသူ



www.burmeseclassic.com

www.burmeseclassic.com



သူက နွားကျောင်းသားလေး ပေတလူဖြစ်သည်။ ယခုတော့ နွားကျောင်းသားလေး မဟုတ်တော့ဘဲ နွားကျောင်းသားကြီး ဖြစ်၍နေပါပြီ။

"သမီး"

"အဘ"

"သမီးရယ်"

သနားစရာကောင်းသော သမီးငယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့ထားလိုက်သည်။ သမီးက ဘယ်လောက်ထိများ ဝမ်းနည်းနေတာလဲ။ ဘာအကြောင်းကြောင့်လဲ။ ထုံးစံအတိုင်း စုန်းမဟု ဆိုပြီး တိမ်းရှောင်ကြလို့လား။

"အဘ ... သူတို့က သအိုဇာကိုမြင်ရင် ထွက်ပြေးတယ်"

"တိတ်ပါသမီးရယ် ... မငိုပါနဲ့၊ သူတို့က သမီးလေး ချစ်ဖို့ကောင်းမှန်း မသိကြသေးလို့ပါ"

"သအိုဇာက ချစ်ဖို့မကောင်းဘူး အဘရဲ့၊ သူများနဲ့ မတူဘူး။ ဘာလို့ ဒီလက်က အပိုပါနေရတာလဲ"

စိတ်မကောင်းဖြစ်သွားသည်။ သမီးငယ်၏မေးခွန်းကို သူ မဖြေနိုင်ချေ။





"သူများထက် ထူးလို့ပေါ့ သမီးရယ်"

"အဲဒါကြောင့် သူတို့က သအိုဇာကို ရှောင်ကြတာလား ဟင်"

သူ့ရင်ထဲ ထိရှသွားသည်။ သမီးလည်း ကလေးပဲ။ သူများလို ကစားဖော်နှင့် ဆော့ကစားချင်ရှာမည်ပေါ့။

"ဒီလက်တစ်ဖက်ကို ဖြတ်လို့မရဘူးလားဟင်"

သူ လန့်သွားသည်။ ဒါ ... ကလေးတစ်ယောက် မေးသင့်ရဲ့လား။

"သူများတွေနဲ့တူအောင် ဖြတ်လို့မရဘူးလား"

သူ အကြိမ်ကြိမ်စဉ်းစားခဲ့ဖူးသည့်ကိစ္စပါ။ အမိုက်ပုံထဲမှ ကောက်ရခဲ့စဉ်က ထိုလက်ကိုပဲ သူကြောက်ခဲ့တာပါ။ ကောက်တဲ့အခါ ကောက်ခဲ့ပြီးမှ ပြန်စွန့်ပစ်ဖို့ သူ အကြိမ်ကြိမ် ကြိုးစားပါသေးသည်။

သို့သော် တစ်သက်လုံး ကလေးမချီဖူးခဲ့သည့်သူက ထိုကလေးကို ရင်ခွင်ထဲပိုက်မိသည်နှင့် တစ်ပြိုင်နက် ရင်နှစ်သားချာပမာ တွယ်တာသွားမိသည်။ ထိုကလေးကို မပစ်ရက်ခဲ့ပါ။

မိမိပစ်လိုက်လျှင် ဒီလိုပုံထူးဆန်း သည့်ကလေးကို သူများလည်း ကောက်ယူမွေးစားမှာ မဟုတ်မှန်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် မချစ်သော်လည်း အောင့်ကာနမ်းရင်းက အခုတော့ အကြင်နာ ပိုခဲ့ရပါပြီ။

''သအိုဇာ့ကို ဒီလက်တစ်ဖက် ဖြတ်ပေးပါလားဟင် အဘ''

''အို . . . သမီးရယ် . . . မပြောကောင်းတာ''

''သူများတွေလည်း တစ်ချောင်းဖြတ်ထားကြတာ မဟုတ်လားဟင်''

မဟုတ်ဘူး။ သူများတွေက မွေးကတည်းက နှစ်ချောင်း တည်းပါတာပါဟု သူ ဘယ်လိုလုပ်ပြောထွက်ပါ့မလဲ။

''သအိုဇာ နာမှာစိုးလို့ မဖြတ်ပေးတာလား''

''အင်း . . . သွေးတွေလည်း ထွက်မယ်''

''ရပါတယ်၊ သအိုဇာ မငိုဘဲ အောင့်နေပါ့မယ်''

ရင်ထဲ ထိရှနာကျင်သွားသည်။ သမီးဟာ သိတတ်တဲ့ အရွယ်ရောက်လာပြီပဲ။ ဒီအရွယ်ရောက်လာရင် ဒီလိုပဲ အများနဲ့ တန်းတူ နေချင်လာမယ်ဆိုတာ အစောကြီးတည်းက သူ ဘာလို့ မတွေးမိခဲ့တာလဲ။ ဒီလိုသာ စောစောတည်းက တွေးခဲ့မိရင် သွေး သားနုနယ်သေးချိန်မှာ လက်သည်နဲ့ တိုင်ပင်ပြီး ထိုလက်မောင်း ကို ဖြတ်ပစ်ခဲ့ပါရဲ့။





''လာပါသမီးရယ် . . . နေမကောင်းဖြစ်နေပါ့မယ်၊ မိုး တွေလည်း တစ်ကိုယ်လုံးရွှဲလို့ . . . အိမ်ပြန်ကြရအောင်''

''မဖြစ်ပါဘူး အဘရယ်၊ လေတိုက်ပြီး နေပူလာရင် ခဏလေး ခြောက်သွားပြန်မှာပါ''

ကြည်ရွှင်စွာဆိုလိုက်သည်တွင် ချက်ချင်းဆိုသလို မိုးသား မည်းများက ကင်းစင်ပယ်ပျောက်သွားသည်။

ရေးခြစ်ထားသော ခဲသားများကို ခဲဖျက်နှင့် ဖျက်လိုက် သည့်ပမာ ကောင်းကင်တစ်ခုလုံး သန့်စင်လာသည်။ လေပြည်နု သည်လည်း ညင်သာစွာတိုက်ခတ်လာသည်။

ဦးပေတလူ သက်ပြင်းချမိလိုက်၏။ ယခုမှပဲ အပူလုံး ကျသွား တော့သည်။ ဦးပေတလူ အကြောက်ဆုံးသည် သအိုဇာ ဒေါသထွက်မည်ကို ဖြစ်သည်။

သအိုဇာ ရှစ်နှစ်သမီးအရွယ်တုန်းကဖြစ်သည်။ ရွာထဲမှ ကလေးများက ရုပ်ဆိုးမဆိုပြီး ရွှံ့စေးနဲ့ လိုက်ပေါက်ကြ၍ သအိုဇာ, ပြေးရင်း ဟပ်ထိုးလဲသည်။

လဲနေသည်ကို မထူဘဲ သဲများ၊ ရွှံ့ များ၊ ခဲများနှင့်ပစ် ကြ၍ သအိုဇာက ငိုနေရာမှ ဒေါသဖြစ်လာသည်။ မျက်လုံးများ နီရဲလာသည်။ ထိုတစ်ခဏအတွင်း ဘယ်ကပေါ်လာ မှန်းမသိသော



www.burmeseclassic.com

www.burmeseclassic.com



လေနီကြမ်းကြီးက တစ်ရွာလုံးပတ်မွှေတော့သည်။

အချို့ဆို အိမ်တိုင်တွေပါ ကျွတ်ပါပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။ အချို့ဆိုလျှင် သစ်ပင်ပိပြီး ဒုက္ခိတဖြစ်ကြရသည်။ လယ်ယာသီးနှံတွေ ပျက်စီးသည်။ အိမ်မွေးတိရစ္ဆာန်များ သေကြေကြသည်။ ဝမ်းရေးလျှာဝမ်းပျက်ပါဖြစ်ကြ၍ အသေအပျောက် များကြသည်။

ထိုအချိန်မှစ၍ တစ်ရွာလုံးက သအိုဇာကို ကြောက်သွားကြသည်။ တစ်ရွာလုံး တိုးတိုးတိတ်တိတ် ဆိုကြသည်က သအိုဇာသည် စုန်းကလေဝမလေးတဲ့။ အိမ်ထဲအဝင်မခံကြနဲ့တဲ့။ ရွာထဲမှာနေရင် ရွာနာတယ်တဲ့။ ထို့ကြောင့်ပင် ပေတာလူနှင့်သအိုဇာတို့သားအဖသည် ရွာအနောက်ဘက် သရက်ချောင်းစပ်တွင် ပြောင်းရွှေ့နေထိုင်ကြရသည်။

သအိုဇာနှင့် ပေတာလူတို့ နေအိမ်သည် သဲဖြူကျွန်းပေါ်၌ မသေမသပ် ဆောက်လုပ်ထားသည်။ အုံးရွာနှင့် ပေတာလူတို့အိမ်ကို သရက်ချောင်းကြီး ခြားထားတော့၏။

နွေရာသီမို့ ရေမြောင်းသာသာမျှရှိသော ချောင်းရေကို သားအဖနှစ်ယောက် တစ်ယောက်လက်တစ်ယောက်တွဲပြီး ဖြတ်ကျော်လာကြသည်။





"ကဲ သမီး . . . ရေချိုးလိုက်ဦး။ ပြီးရင် . . . ထမင်းစားရအောင်"

"အဘက နွားကျောင်းမသွားဘူးလား"

"နွားတွေ ပြန်သိမ်းခဲ့ပြီ၊ ကုန်းတောင်အောက်က မြက်ခင်းမှာ စားနေတယ်၊ မြန်မြန်ရေချိုးခဲ့နော်၊ အဘ ချက်ထားမယ်"

"ဟုတ်"

လက်မောင်းသုံးချောင်း၊ လက်သုံးဆက်ပါသော သအိုဇာအတွက် အင်္ကျီက အများနှင့်မတူပေ။ လည်ပင်းမှာသာ အပေါက်ဖောက်ထားသော ပုဆိုးတစ်ထည်သာဖြစ်၏။ ပေပေတောတော ဖြစ်သလိုနေခဲ့သည့် ပေတာလူကလည်း အချုပ်အလုပ်တတ်သူ မဟုတ်၊ ရွာထဲမှာ အငှားချုပ်ခိုင်းရအောင်လည်း ပိုက်ဆံရှိသူမဟုတ်။

စေတနာနဲ့ ပေးကမ်းကြဖို့ဆို ဝေလာဝေးရော။ တစ်ရွာလုံးက သအိုဇာကို မေတ္တာရှိကြသည်မဟုတ်၊ သအိုဇာနှင့်ရောပြီး သူ့ကိုတောင် တစ်ရွာလုံးက ကြည်လှသည်မဟုတ်တော့။ နွားသူခိုးများ၏ နွားကျောင်းသားဆိုတာ မရှိသုံး သုံးနေကြသည့်သဘောပင်။

သအိုဇာကြောင့် သူပါ ရွာ၏အပယ်ခံဖြစ်ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သအိုဇာကို သူချစ်သည်။ မွေးကင်းစကတည်းက စွန့်ပစ်ခံဘဝ ရောက်ရသော သအိုဇာလေးကို သနားသည်။ အများနှင့်မတူအောင် ကိုယ်အင်္ဂါထူးသည့် သအိုဇာကို ကရုဏာဖြစ်မိသည်။

ကလေးများ၏အပယ်ခံသအိုဇာကို အကြင်နာပိုမိသည်။ ထို့ကြောင့်ပင် ယနေ့ကလွဲပြီး မနက်ဖြန်ကို မစဉ်းစားတတ်သည့် သူက သအိုဇာ၏အနာဂတ်ကို စဉ်းစား၏။ အနာဂတ်ကို တွေးရုံနှင့်တင် မွန်းကျပ်လာသည်။

ဒီလို လူစင်မမီရုံမက ပိုသွားသည့်သအိုဇာကို သူ ဘယ်လိုလုပ်ရမလဲ။ အများရဲ့ပစ်ပယ်ခြင်းကို ခံနိုင်ရည်ရှိအောင် ဘယ်လိုသွန်သင်ရမလဲ။ သူသေသွားရင် သအိုဇာက ဘယ်လိုနေမလဲ။ ဘယ်လိုကျန်ခဲ့မလဲ အစရှိသဖြင့် တွေးတတ်လာသည်။

"သအိုဇာရေ မပြီးသေးဘူးလား။ ဒီမှာ စားကြမယ်ဟေ့"

သူက အော်ပြောလိုက်သည်။ ကွပ်ပျစ်မှ လှမ်းကြည့်လိုက်တော့ သအိုဇာကို ရေထဲမှတက်လာသည်ကို တွေ့ရ၏။ ကြည့်စမ်းပါဦး ... မျက်စိအောက်မှာတင် ကြီးလာလိုက်တာ။ အမိုက်ပုံကြားတွင် တခစ်ခစ်ရယ်နေခဲ့သည်မှာ ဒီနေ့ မနက်ဖြန်ကလိုပင်။

"အဘရော ရေမချိုးဘူးလား"





"မချိုးတော့ဘူး"

ဘယ်လိုလုပ်ချိုးနိုင်လိမ့်မလဲ။ တစ်ချိန်လုံး ပြေးလွှားနေရတာ မောလှပေါ့။ လယ်ကွင်းထဲမှာ တစ်နေကုန် နွားပြေးမောင်းရသည်။ နွားတွေကို ကွင်းစပ်သို့ မောင်းဝင်နေဆဲတွင် ရာသီဥတုအခြေအနေက ရုတ်ခြည်းပြောင်းသွား၍ ဒါ သအိုဇာပဲဆိုတာ သိသွားသည်။

ထို့ကြောင့် ခလုတ်တိုက်သည်ကိုပင် မလဲနိုင်ဘဲ အားသွန်ပြေးလာခဲ့သည်။ နောက်တစ်ကြိမ် မုန်တိုင်း အဖြစ်မခံနိုင်ပါ။ မဖြစ်စေချင်တော့ပါ။ သအိုဇာ ဝမ်းနည်းနေလျှင် မိုးအုံ့သည်။ ပျော်ရွှင်နေလျှင် လသာပြီး နေပူကာ နေလို့ကောင်းသည်။

သအိုဇာငိုနေလျှင် မိုးရွာသည်။ ဒေါသထွက်နေလျှင် လေတိုက်သည်။ စိတ်ခံစားမှုပြင်းပြလျှင် ပြင်းပြသလို ရာသီဥတု ဆိုးဝါးတတ်သည်ကို ဒီဆယ်နှစ်အတွေ့အကြုံအရ သူ သိရှိပြီဖြစ်သည်။

ထို့ကြောင့် ရာသီဥတုက ရုတ်တရက်ပြောင်းလဲသွားလျှင် အချိန်မီ ထိန်းသိမ်းရန် အသက်ထွက်လုမတတ် သအိုဇာထံ ပြေးရသည်က သူ့ဘဝဖြစ်သည်။

"ဘာဟင်းလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"တောစပ်က ခါချဉ်ပွတ်ခဲ့တယ်၊ သဖန်းရွက်ဟင်းချိုနဲ့"

ဖြစ်သလိုပင် လတ်တလော ချက်ပြုတ်စားသောက်ကြသည်။ လယ်မရှိ ယာမရှိ ကြုံရာကျပန်းမှီ ဘဝမဲ့လှသည်။ လုပ်နိုင်သောအချိန်သာ ဝမ်းဝပြီး မလုပ်နိုင်လျှင် ဘာနဲ့ဘယ်လို စားကြမလဲဆိုတာ ပေတာလူ တွေးပူတတ်လာ၍ ဝါးလုံးကျည်တောက်ထဲ၌ ကြုံလျှင် ကြုံသလို ငွေစုတတ်သေးသည်။

ထိုကျည်တောက်ထဲ ငွေကို ပုံမှန်မထည့်နိုင်၍ တစ်နှစ်ပင် ကျော်သွားပြီးဖြစ်သော်လည်း ကျည်တောက်ထဲ ငွေစက္ကူ ခေါက်လေးက တကုန်ကုန် တကွမ်ကွမ် မြည်ဆဲပင်။ ရတဲ့ငွေကို ဆန်ဝယ်၊ ဟင်းကတော့ အံ့ထွေအထူး ရှာစရာမလိုသည့် တောထွက်ပစ္စည်းများဖြစ်သည်။

လယ်ကွက်ထဲ အလေ့ကျပေါက်သော လယ်ကန်စွန်း များ၊ မြင်းခွာများ၊ ဖရစ်များ၊ သဖန်းရွက်၊ မန်ကျည်းရွက် အစ ရှိသဖြင့် ဟင်းရွက်က ရှားလှသည်မဟုတ်။ ရံဖန်ရံခါတွင် ကြာစွယ်ပင်ရလိုက်သေး။

တစ်ခါတစ်ရံ နွားများ စားကျက်ရှာလျှင် တောနက်တွင် ကျောင်းရ၍ တောလက်ဖက်လေးပင် ဟင်းစားရပါသေးသည်။ အသားဟင်းဆိုလည်း ပေတာလူတို့သားအဖနှစ်ယောက်အတွက်





ရှားပါ။ တောစပ်ကြာအင်းတွင် ရေများ အချိန်ပြည့်ရှိနေ၍ ခရာ ထောင်ထားလျှင်ဖြင့် ငါး၊ ငါးရှဉ့်၊ ဖား အစရှိသဖြင့် ရေသတ္တဝါ စားမလား။ ငှက်ကိုင်းထောင်ပြီး ငှက်သား စားမလား။ ပျားရည်ဆို အိမ်မှာပြတ်တယ်ဟူ၍ မရှိ။ တောထဲဝင်ချိန် ပျားအုံတွေ့တိုင်း ပျားသလက်စားချင်၍ ပျားဖွတ် ခါချဉ်ဥ ဖွတ်သည်။ အားဖြစ်စေရန် ငှက်ဥန္ဓိုက်၍ ချက်စားသည်လေ။

တစ်ခါကဆိုလျှင် တောကြောင်တစ်ကောင်က လမ်းမှား ပြီး တဲနားကပ်လာခဲ့သည်။ တောသတ္တဝါ၏ခြေသံကို နားယဉ် လှသည့် ပေတာလူက ဓားမလေးဆွဲကာ ဆယ်လှမ်းမျှ ပြေးရုံနှင့် တောကြောင်တစ်ကောင် လက်ထဲပါလာ၏။

သားရေခွံကိုချွတ်၊ နုတ်နုတ်စင်းပြီး ဆီလည် ရေလည် လေး ချက်စားလိုက်တာ။ လတ်ဆတ်၍လားမသိ ချိုလိုက်တာ။ ဓာတုပစ္စည်းမပါဘဲ ဆားကလေးခတ်၍ ချက်သည်ပင် မြိန်ဖွယ် ရှိသည်။

လက်သုတ်စာနှင့် မြို့မှလာသော ကိတ်မုန့်၊ နို့ဆီ၊ ထော ပတ်တို့ကို မစားနိုင်သော်လည်း ကျန်းမာရေးတော့ ဒေါင်ဒေါင် မြည်ကောင်းလှသည်။

ဟင်းဆိုလျှင် ဆီမပါ၊ အချိုမှုန့်မပါ။ သို့သော် အသီး



www.burmeseclassic.com

www.burmeseclassic.com



အရွက်မှာ လတ်ဆတ်၍ ချိုသည်။

"အဘ . . . ခါချဉ်ဖွတ်တာ ခါချဉ်မကိုက်ဘူးလား"

"အဘရဲ့သားရေက ခါချဉ်ပြီးနေပြီ၊ ကဲ . . . ထည့်စားလေ"

ပြောပြောဆိုဆိုပင် ဒယ်အိုးကိုင်းပြတ်ထဲမှ ဆားဖြင့်လှော်ထားသော ခါချဉ်ဥကို ထည့်ပေးလိုက်ပြန်သည်။ သားအဖနှစ်ယောက်၏ထမင်းဝိုင်းလေးမှာ ချိုမြိန်ဖွယ်ရှိလှသည်။ ပန်းကန်ပြားမရှိ၍ စားပြီး ပစ်လိုက်ရုံ ငှက်ပျောရွက်ကိုခင်းပြီး လက်ရည်တစ်ပြင်တည်း စားနေသည်။

ငှက်ပျောရွက်ရှည်ပေါ်တွင် ထမင်းနှစ်ပုံ။ တစ်ပုံက ပေတလူပိုင်၊ တစ်ပုံက သအိုဇာပိုင်။ သူတို့ရဲ့ဟင်းပန်းကန်ကများလှတယ်မဟုတ် နှစ်ခွက်တည်း။

တစ်ခွက်က ခါချဉ်လှော်ထည့်ထားသည့် ဒယ်အိုးကိုင်းပြတ်၊ နောက်တစ်လုံးက သဖန်းရွက်ဟင်းချိုချက်ထားသည့် ဒန်အိုးအပိန့်တစ်လုံး။ ဖွန်းတော့ တစ်ချောင်းတည်းပင်။ ကြေးဖွန်းရိုးတိုလေး။

သအိုဇာ၏ထမင်းပုံမှ ထမင်းများက ပေတလူထံသို့ စီးကျနေသည်။ သားအဖနှစ်ယောက်၏ထမင်းဝိုင်းမှာ အားပါးတရရှိလှသည်။ ပါးစောင်ကြီးပြည့်အောင် စားနေကြသည်။

"ကဲ သမီး . . . စားပြီးရင် ဒီဖက်ကို နွားနီကြီးကို သွားကျွေးလိုက်၊ သူက အိုပြီ"

ထမင်းစက်၊ ဟင်းစက်၏အရသာကို သေခါနီး နွားအိုကြီးကို သိစေချင်နေသည်။

"ဟုတ်"

ပြောပြောဆိုဆိုပင် သအိုဇာက ထရပ်ကာ ထိုငှက်ပျောရွက်ကို နွားအိုကြီးကိုကျွေးရသည်။

"ငါ့သမီးက ဘုန်းကြီးကျောင်းမှာ စာမသင်ချင်ဘူးလား"

တဲကွပ်ပျစ်တွင်ထိုင်ရင်း အော်မေးလိုက်ခြင်းဖြစ်သည်။

"သအိုဇာကို ဘယ်သူမှမခေါ်ပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ သည်းခံရမှာပေါ့၊ ကြာလာတော့လည်း သမီးသဘောကောင်းမှန်း သိသွားမှာပါ"

"သူတို့တွေက သအိုဇာ့ကို စုန်းမတဲ့"

ပြောရင်လည်း ပြောချင်စရာပင်။ ရှည်သောဆံပင်များသည် ရှုပ်ပွစုတ်ဖွာပြီး နီကြောင်ကြောင် ဖရိုဖရဲဖြစ်နေသည်။ သူကလည်း ယောကျ်ားတစ်ယောက်မို့ ဒါတွေလုပ်မပေးတတ်ပါ။

"လာစမ်း သမီး"







www.burmeseclassic.com

www.burmeseclassic.com



အသွားလေးလက်မရှိသော မားမြောင်ကို ထုတ်ရင်းခေါ် လိုက်သည့်တွင် သအိုဇာက သူ့အနားပြန်ရောက်လာသည်။ သူက ရှည်နေသော သအိုဇာ့ဆံပင်များကို ဆုပ်ကိုင်ပြီး မားထက်ထက် ဖြင့် လှီးဖြတ်၏။

သအိုဇာက ငြိမ်ပြီး ဆံပင်အညှပ်ခံနေသည်။ သအိုဇာက သိပ်ကို လိမ္မာသောကလေး ဖြစ်သည်။ ငယ်စဉ်တည်းက နို့ဆာ၍ မငိုဖူးပါ။

သူကသာ မနေနိုင်၍ သူကျောင်းရသော နွားမထံမှ နို့ကို ညှစ်တိုက်ခဲ့သည်။ ကျို့ချက်၍မဟုတ်၊ ဒီအတိုင်း အစိမ်း သက်သက် ဖြစ်သည်။

သူလိုယောက်ျားတစ်ယောက်လက်ထဲတွင် ဖြစ်သလို ကြီးလာသော သအိုဇာကို သနားသည်၊ ချစ်သည်။ ဒီကလေးက လိမ္မာ၍ အကြင်နာပိုသည်။

သို့သော် သအိုဇာက အများနှင့်မတူ ထူးခြားသည်ကိုမူ သတိပြုမိ၏။ လသာသောညများတွင် လမင်းကိုကြည့်ပြီး စကား ပြောနေတတ်သည်။ နေ့အခါတွင်လည်း နေမင်းကိုကြည့်ပြီး စကားပြောသည်။ သအိုဇာ အမြဲပြောလေ့ရှိသည့်စကား ရှိသည်။

"သအိုဇာ့ကို သူတို့က ချစ်တယ်တဲ့"





သူက ဘယ်သူတွေလဲဟု မေးသောအခါတွင် သအိုဇာ က တောင်စဉ်မရေရာကြည့်ကာ . . .

"သူတို့က ညီအစ်ကိုတွေတဲ့၊ လေ, နေ, လ, မိုး"

သူ အံ့သြခဲ့ရသည်။ တစ်ခါတစ်ရံ သအိုဇာက တစ် ယောက်တည်း စကားပြောနေလျှင် ဘယ်သူနဲ့ပြောနေတာလဲဟု သူမေးသည်။ ထိုအခါ သအိုဇာက . . .

"လေနဲ့လေ၊ သူက ဖျင်းလို့ သအိုဇာ့ဆီ လာလည်တာ"

ဘယ်မှာလဲ သမီးရယ်ဟု သူမေးလျှင် သအိုဇာက ရှေ့ တည့်တည့်ကိုကြည့်ပြီး –

"ဒီမှာလေ အဘရဲ့၊ သူက အင်္ကျီအဖြူရောင် ဝတ် တယ်တဲ့၊ ပိန်တယ်တဲ့"

တစ်ခါတစ်ရံတော့လည်း နေနဲ့တဲ့။ နေကတော့ အင်္ကျီ အဝါရောင်ဝတ်ပြီး အရပ်ရှည်တယ်တဲ့။ လကတော့ အင်္ကျီအပြာ ရောင်ဝတ်ပြီး ချောတယ်တဲ့။ မိုးကတော့ အင်္ကျီအမည်းရောင် ဝတ်ပြီး ရုပ်ဆိုးတယ်တဲ့။

သအိုဇာပြောသောစကားတွေကို သူ နားမလည်ပါ။ သို့ သော် သအိုဇာရဲ့မျက်လုံးတွေက ညာပြီးပြောမှန်း မဟုတ်ကြောင်း သက်သေခံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သအိုဇာက ပတ်ဝန်းကျင်နှင့် အဆက်အဆံမဲ့သူပါ။ ဒီလောက်ထိ စိတ်ကူးယဉ်ပြီးပြောတတ်မှာ မဟုတ်မှန်းသိသည်။ ဒါဆို . . . သအိုဇာက ဘာလဲ။ ဘယ်က လာတာလဲ။ ဘာကြောင့် ဒီလိုတွေ ပြောနေရတာလဲ။



## အခန်း (၄)

"ဒီလက်ကြီးသုံးဖက်နဲ့ တျနိတစ်ဖက်က ဘယ်နားသွားနိုက်နေသလဲ၊ ဒီဆောင်းဂေါ်လေးတစ်လုံးမှ မနိုင်ရတာက"

ထုံးစံအတိုင်း အိမ်ကြီးရှင်ဒေါ်သဲပုံက သအိုဇာကိုဆိုမြင်တာနဲ့ ဆူဆဲတော့၏။ ဖခင်ဖြစ်သူ ပေတလူက နွားတွေမောင်းထုတ်ပြီး စားကျက်တွင် ကျောင်းလျှင် သအိုဇာက နွားချေးကျုံးရသည်။

နွားများသော လယ်ရှင်တွေမို့ နွားတင်းကုပ်မှာ အိမ်တစ်ဆောင်တမျှ ကျယ်သည်။ နွားဆယ့်ငါးကောင်ရဲ့ချေးမို့ ကျုံးလိုက်ရတာ လက်ဖဝါးပင် အသားမာတက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



နွားချေးကျုံးရုံလေးနှင့် မပြီးပါချေ။ ဆန်တစ်စလယ်ရဖို့ အရေး နွားသေးအိုင်မှ သေးရည်တွေကို အုန်းတံမြက်စည်းနှင့် လှည်းထုတ်ရသေး၏။ အားလုံးပြီးစီးမှ ကျွတ်ကျွတ်အိတ် ဆန် တစ်စလယ်ထည့်ပြီး ပေးသည်။

ထိုဆန်းလေးကိုဆွဲပြီး ချောင်းကူးပြန်ကာ မတောက်တ ခေါက် အသိဉာဏ်လေးနှင့် ထမင်းချက်ပါသေးသည်။ သုံးဖနောင့် ဆိုင် အုတ်နီခဲမီးဖိုပေါ် အိုးစုတ်တစ်လုံးတည်ပြီး တဖူးဖူးမီးမှုတ်ကာ ချက်ပါတော့သည်။

တစ်ရက်တလေလည်း တူးပြီး တစ်ရက်တလေလည်း ပျော့တူးမနပ်ဖြစ်သည်။ သို့သော် ဒါတွေကို အရသာခံနေမည့် သားအဖမှမဟုတ်တာ။ အဘနွားကျောင်းပြန်လာလျှင် ငါးပါ လာပါက မီးဖုတ်ပြီး အဆင်သင့်စားနိုင်ရန် ထမင်းတစ်အိုး တည် ထားခြင်းသာ ဖြစ်သည်။

ဒီနေ့လည်း ခါတိုင်းနေ့လိုပင် ထမင်းတည်ရန် ကမ်းပေး သောဆန်ထုပ်ကို အပိုလက်ဖြင့် လှမ်းယူသည်။

''ဟဲ့ ... သအိဇာ''

''ဟုတ်ကဲ့ ဘွားလေး''

''အဘွားအရွယ်မို့ ဘွားလေးဟုခေါ်ရမယ်ဟု အဘက





ပြောဖူး၍ ခေါ်သဲပုံကို သအိဇာက ဘွားလေးဟုခေါ်ခြင်း ဖြစ်သည်။

''ဒီနှစ် မိုးဦးစောမလား''

''မစောဘူး။ နောက်ကျမယ်လို့ မနေ့က ပြောသွားတယ်''

အရွှးစကားနှင့် ကလေးစကားက မှန်တတ်၍ မေးလိုက် ခြင်း ဖြစ်သည်။ သအိဇာက အရွှးလည်းဟုတ်၊ ကလေးလည်း ဟုတ်တာကြောင့် အခြားကလေးတွေရဲ့ နိမိတ်စကားထက် ပိုမှန် တတ်သည်။

အရင်နှစ်ကလည်း မိုးဦးစောမယ်၊ လဆန်းကိုးရက်အမိ စိုက်နိုင်မှ စပါးမိုးလွတ်မယ်၊ ခရမ်းချဉ်သီးစိုက်ရင် အောင်မြင်မယ် လို့ နိမိတ်ဖတ်ခဲ့သည်။

သအိဇာ၏စကားကို ဟုတ်ကောင်းနိုး စမ်းလုပ်ခဲ့ရာ အောင်မြင်ခဲ့သည်။ အများကတော့ စပါးရိတ်ချိန်၌ စပါးမိုးမိ ကြသည်။

တလင်းထဲ၌ စပါးပုံမိုးမိ၍ အလေအလွင့်များကြသည်။ သူတို့တော့ အရှုးစကား လိုက်နာမိ၍ မိုးရွာနေချိန် ပျော်နေရသည်။ ထိုအချိန်မှာ လက်ထဲ၌ ခရမ်းချဉ်သီးပင်ပေါက် ကလေးတွေ ပြောင်းရွှေ့စိုက်ထားချိန်လေ။

''ဘယ်လိုပြောသွားလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"အစောပိုင်းမှာ ရွာမယ်၊ ပြီးရင် လယ်ရေခမ်းအောင်ပူပြီး ဝါဆိုမှ သည်းမဲရွာမယ်၊ နွေရာသီလည်း မိုးရွာမယ်ဆိုတော့ ခရမ်းချဉ်သီးတွေပျက်မယ်၊ ဂေါ်ဖီထုပ်တို့ မုန်ညင်းတို့ အောင်မယ်လို့ ပြောသွားတာပဲ"

"ဒီနေ့ရော နေပူဦးမလား။ ဝယ်လာတဲ့ငါးခြောက်တွေ ထုတ်ဖြန့်ရအောင်"

"မဖြန့်နဲ့၊ ညနေပိုင်းမှာ မိုးခဏရွာဦးမယ်၊ လေရောပါမယ်"

"ဟဲ့ . . . ဆိုးမှာလား"

"မဆိုးပါဘူး။ အခု သူတို့နှစ်ယောက်တည့်နေကြတယ်"

"အေ . . . ရပြီ၊ ကဲ . . . သွားတော့"

"ဟုတ်"

ဆန်အိတ်လေးကိုပိုက်ပြီး ဆိုက်မကျ ဂိုက်မကျ ပုဆိုးကွက် အင်္ကျီကြီးရုံကာ ထွက်သွားသော သအိုဇာကို ဒေါ်သဲပုံငေးကြည့်နေဖြစ်သည်။

"ဒေါ်ကြီးပုံ . . . ဘာတွေကို ဒီလောက်တောင် ငေးနေရတာတုံးတော့"

"ဘာရယ်မဟုတ်ပါဘူးလေ . . . အေ . . . သအိုဇာကိုပါ"





"သအိုဇာက ဘာဖြစ်လို့တုံး"

"နည်းနည်းထူးဆန်းတယ်"

"နည်းနည်းမကဘူး တော်ရေ မျှားများကို ထူးဆန်းနေတာ၊ မနေ့ကလည်း ငိုတယ်လေ၊ နွေခေါင်ခေါင် မိုးပြိုလာသလားမှတ်တယ်၊ သည်းလိုက်တဲ့မိုး။ သော်သော် မှတ်မိသေးတယ်မဟုတ်လား။ လွန်ခဲ့တဲ့သုံးနှစ်ကလေ သူဒေါသထွက်လို့ လေပြင်းချတာ ကျုပ်တို့ တစ်ရွာတည်းကွက်ပြီးလေ၊ အိုးမဲ့အိမ်မဲ့တွေတောင်ဖြစ်ကုန်ရော"

မနှင်းတင်ပြောသမျှကို ဒေါ်သဲပုံက တွေးဆဆ နားထောင်နေသည်။ ဟုတ်တော့လည်း ဟုတ်ပေသား။ အများနဲ့မတူအောင် ထူးဆန်းသည့် ဒီလက်သုံးဖက်က မသတီချင်စရာပင်ကောင်းနေတော့သည်။

ထိုသို့ ထူးဆန်းမှုတွေဖြစ်ပြီး ပေတာလူကိုပါ ရောယောင်ရှာပင်ထုတ်ကြတော့ တောက်တိုမယ်ရနိုင်းဖို့ပင် ခပ်ခက်ခက် ဖြစ်ခဲ့ရသေးသည်။

"နေစမ်းပါဦး . . . ပေတာလူက ဒင်းလေးကို ဘယ်ကရလာတာလဲ၊ ကိုယ့်ကလေးဆိုလည်း ထားပါတော့၊ ခုတော့ . . . မွေးစားစရာရှားလို့"



www.burmeseclassic.com

www.burmeseclassic.com



''အမှိုက်ပုံထဲက ရလာတာ၊ မိဘတွေကလည်း ... ဒီလိုဆန်းပြားပုံမျိုးကြီးကို မမွေးရဲလို့ လာပစ်ထားတာ နေမှာပေါ့''

''အောင်မလေး ကျုပ်ဆိုလည်း မမွေးရဲပါတော်၊ နာနာဘာဝ ဝင်စားသလားမသိ ... ကြောက်ပို့ ရောယောင် အပမှီနေမှပြဿနာ၊ တော်က ဒင်းလေးကို တောက်တိုမယ်ရခိုင်းနေတာ မကြောက်ဘူးလား၊ ဝမ်းတွင်းစုန်းဆိုတာမျိုးက စွမ်းပါဘိသနဲ့''

''စုန်းတော့ ဟုတ်ပုံမရပါဘူး''

''သိနိုင်မလား၊ ဟိုဘက်မိုးလုံးကဲ့ရွာက ဒါတွေ ခေတ်ထနေတာ၊ တစ်နေ့ကပဲ မြို့ကဆရာမလေးတစ်ယောက် သင်္ဂြိုဟ်လိုက်ရပြီလေ၊ ချစ်လည်း လုပ်၊ မုန်းလည်းလုပ်နဲ့ ယောက်ျားစုန်းက ပိုကြောက်စရာကောင်းတယ်၊ သူတို့က စွမ်းတယ်ဆိုပဲ၊ သတိလည်းထားနော်၊ ကျုပ်တို့ရွာက မရင်ရွှေကြီးတောင် တိမ်ညွှန့်စားတဲ့အဆင့် ရောက်နေပြီးတဲ့''

''ဘုရား ဘုရား ... ဟုတ်ရဲ့လားဟယ်''

''အတိအကျပဲ၊ တောင်ပိုင်းအေးမြရဲ့သမီးဖျားလို့ စုန်းစာချတာ လာစားတာမှ မရင်ရွှေနောက်ကျောအစစ်တဲ့၊ အဲဒါကို မြောက်ပိုင်း အေးမြက သတင်းလွှင့်တာ အခု ဖျားနေပြီလေ၊





မိုးလုံးကဲ့က ပယောဂနဲ့ ကုနေကြတယ်၊ အဲဒီဆေးဆရာက ကြိမ်ရင့်နဲ့ ကျောကွဲအောင် ရိုက်တယ်ဆိုပဲ''

''အို''

ဒေါ်သဲပုံမှာ အသည်းယင် ကြိမ်းသွားသည်။

''ကျုပ်ဖြင့် အဲဒီကိုသွားမလို့ ဆေးဆရာနဲ့စုန်းမ အကြိတ်အနယ် ပညာပြိုင်ကြမှာ၊ လိုက်ဦးမလား''

''တော်ပါပြီဟယ် ... အခန့်မသင့်ရင် ကျုပ်ပါ အိုကြီးအိုမနဲ့ ပါနေဦးမယ်''

''အဲ့ ဒါနဲ့ ... စောစောက တော် ဟိုဟာမလေးကို မေးနေတာ နားစွန်နားဖျား ကြားမိပါရဲ့''

''ဟုတ်ပ။ မိုးဦး စော,မစော မေးနေတာ၊ ဒင်းကလေးက နိမိတ်ဖတ်ရင်တော့ မှန်တတ်တယ်''

''အဲဒါတော့ ဟုတ်တယ် တော်ရေ၊ မိုးရွာမယ်ဆိုရင် သူတို့တဲရှေ့ဖြတ်သွားသူတိုင်းကို ခမောက်ပြန်ယူခိုင်းတော့တာပဲ၊ ရာသီဥတုကို ဟောမယ်ဆိုရင်တော့ အဲဒီဟာမလေးကို ဗေဒင်အကျော်အမော်တွေ ရှုံးပဲ၊ ကဲ ကဲ ... ပြောနေတာနဲ့ပဲ အချိန်လင့်နေပြီ ... သွားပြီ''

ထွက်သွားသော မနှင်းတင်၏ကျောပြင်ကို အမှတ်တမဲ့



www.burmeseclassic.com

www.burmeseclassic.com



ငေးမိပြန်သည်။ စိတ်ထဲမှာတော့ အကြောင်းအရာတွေက ဟိုရောက် ဒီရောက်။ မရင်ရွှေဆီရောက်လိုက်၊ တောင်ပိုင်းအေးမြဆီ ရောက်လိုက်၊ သအိုဖော့ဆီ ရောက်လိုက်၊ မီးဖိုထဲက ဟင်းအိုးဆီ ရောက်လိုက်နှင့် ရောက်တတ်ရာရာ။

၀၀



## အခန်း (၅)

ရာသီစက်ဝန်းက အကြိမ်ကြိမ်လည်ပတ်ပြီးချိန်၌ သအို သည် အပျိုဖြန်းလေးဖြစ်လာခဲ့သည်။ ခြေဖလာနှင့် သဲဖြူဖြူပေါ် ပြေးလွှားနေသော ခြေထောက်တွင် ဖိနပ်များ ကပ်လာသည်။ လည်ပင်းတစ်ခုသာ အပေါက်ရှိသော ပုဆိုးစုတ် အင်္ကျီရှည်ကြီး နေရာတွင် အရောင်အသွေးစုံသည့် ရှမ်မပိုင်းစ ပိတ်သားလေး များက နေရာယူလာတတ်သည်။

လက်တစ်ဖက်ကို အင်္ကျီထဲဝှက်ထား၍ အင်္ကျီတော့ ရှည်ရှည်ဖားဖား ရှိစမြဲဖြစ်သည်။ လက်ပေါက်ကတော့ အများ နည်းတူ နှစ်ပေါက်ဖြစ်သည်။ ထုပ်ထားသောလက်များက



www.burmeseclassic.com

www.burmeseclassic.com



မည်းနေပြီး ဝှက်ထားသောလက်တင်ချောင်းမှာ လေမတိုး နေမခ၍ ဖြူဖွေးနေသည်။

ဖွာလန်ကျဲနေသော ဆံပင်နီကြင်ကြင်များသည်လည်း ယခုအခါ၌ မည်းနက်ပြောင်စင်းပြီး နောက်တွဲဆံထုံးလေးများပင် ထုံးဖွဲ့ထားပါပြီ။

"သအိဇာ ... သအိဇာ"

မီးဖိုချောင်ထဲ ထမင်းချက်နေခိုက်တွင် ခေါ်သံသဲ့သဲ့ကြား၍ မီးဖိုခန်းထဲမှ ထွက်လာခဲ့သည်။ သူမ လှမ်းတွေ့နေရသည်က ပိန်ပိန်နှင့် အင်္ကျီအဖြူရောင်ဝတ် လေနတ်သားဖြစ်နေသည်။

"ဘာကိစ္စတုံး လေနတ်သား။ မပေါ်လာတာ ကြာပြီနော်"

"အရေးကြီးနေပြီ သအိဇာ"

"ဘာတုံး"

"နင့်အဘကို မြွေကိုက်တော့မယ်"

"ဟင်"

"မြွေက မြွေဟောက်၊ အဆိပ်ပြင်းတယ်၊ မြွေဆိပ်ချေအရွက် ကောက်ပြီး ပြေးတော့"

"ဟင် ... ဟုတ်လား။ အဘက ဘယ်မှာလဲ"





"အမှိုက်ပုံကြီးနောက်က တောစပ်မှာ၊ မြွေက အမှိုက်ပုံထဲက ထွက်လာပြီ၊ မြန်မြန်ပြေးပါ"

ပြောပြောဆိုဆိုပင် လေနတ်သားက ရုတ်ခြည်းပျောက်သွား၍ သူမမှာ လက်ခုစုတ်ပဲ ပြေးထားရမလို၊ တည်ထားတဲ့ ထမင်းအိုးကိုပဲ ပြေးကိုင်ရမလို ဖြစ်သွားသည်။ သို့သော် နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး သဲဖြူတောင်ကုန်းပေါ်မှ တရုတ္တန်း ပြေးဆင်းလာခဲ့သည်။ သဲဖြူပေါ် ခြေထောက်ကျွံဝင်သွားသည်ကိုပင် မလဲကျနိုင်ပါချေ။

ပြေးရင်းလွှားရင်းပင် ဘေးဘီဝဲယာကို မျက်လုံးဝေ့ကြည့်၏။ သူမမျက်လုံးထဲ မြက်ပင်များနှင့် ဂုဏ်မနီပင် မွဲခြောက်ခြောက်မှလွဲ၍ အခြားမည်သည့်အရွက်မှမမြင်ပါ။ ခါတိုင်းသွားနေလျှင် ပန်းသုံးခွရွက်ကို မမြင်ချင်မှအဆုံးပါ။ ဘယ်ရောက်ကုန်ပြီလဲ။

ပြီးတော့ သင်းကြော (ဝါးပင်၏အခွံစိမ်း) ကိုပင် ရှာမရပါ။ အဘ၏မြွေကိုက်ဒဏ်ရာကို ဓားနဲ့ဖြပါက အဘသံဆိပ်တက်မည်ကို စိုးရိမ်၍ သင်းကြောကို ရှာဖွေပြန်သည်၊ မတွေ့ပါ။

ထို့ကြောင့်ပင် တွေ့ကရာ နီးပြားစိမ်းကို ခြံတိုင်က ဆတ်ခနဲ ဆွဲလိုက်တွင် တိခနဲပင် လက်ဖျားလေးများ နာကျင်သွားသည်။ လက်ချောင်းကြားမှ သွေးတို့ စီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒဏ်ရာက အရေးလား။ ဒီကမ္ဘာမှာ အဘမရှိတော့ရင် ဘယ်လိုနေရမလဲ။ ဘယ်သူကို အားကိုးပြီး နေရမလဲ။ အဘသေသွားလို့ မဖြစ်ပါ။ သေလို့မဖြစ်ပါ။

သွေးစက်စက်ကျနေသော လက်ကို ဂရုစိုက်နိုင်ပဲ ပြေးနေသည်။ ပန်းသုံးခွရွက်မရသည့်နောက်တွင် တွေ့ကရာအရွက်ကို ဆွဲကောက်လိုက်သည်။ ဂျာမနီရွက်အချို့ လက်ထဲပါလာ၏။

ပြေးနေရင်းပင် အင်္ကျီခါးကို လက်ဖြင့်ဆွဲဖြဲနေသည်။ အဘ၏ခြေကျင်းဝတ်ကို ချည်နှောင်ရမည်လေ။ ဒါမှ မြွေဆိပ်တွေက မပျံ့မှာ။

"အဘ . . . အဘ"

အားစိုက်ပြီး အော်လိုက်သောအသံကျယ်ကြီး။

"အဘ . . . အဘ"

အာခေါင်ခြစ်ပြီး အော်လိုက်သောအသံ။ သူမ နှလုံးသည်းပွတ်များ လောင်ကျွမ်းလုမတတ် နာကျင်နေသည်။ အဘ တစ်ခုခုဖြစ်နေပြီလား။ သူမ အချိန်မီပြေးလာပါလျက်နဲ့ အဘတော့ ဒုက္ခဖြစ်နေပြီလား။

"အဘ"

"သမီး သအိုဇာ"





တိုးညင်းသောအသံလေးတစ်ခုက အမှိုက်ပုံ ဟိုဘက်ဆီမှ ထွက်ပေါ်လာသည်။

"အဘ"

အော်လည်းအော် ပြေးလည်းပြေးသော်ငြား သူမ ရောက်သွားချိန်တွင် အဘက လဲကျနေပါပြီ။

"အဘ"

မြင်ကွင်းက သူမရင်ကို ခြေစုန်ကန်လိုက်သည်။ အသားအရေများ ညိုမည်းကာ လဲကျနေသောအဘကို ပြေးထူသည်။

"အဘ"

ပြောပြောဆိုဆိုပင် အဘ၏ခြေသလုံးတွင် ဆွဲဖြဲထားသော အင်္ကျီကြိုးစနှင့် ချည်ပြီး မြွေကိုက်ဒဏ်ရာကို နှီးကြောဖြင့် ခြစ်ထုတ်လိုက်သည်။

"အား"

နာကျင်၍ ညည်းတွားသံက မပီဝိုးတဝါး။

"အဘ . . . ခဏနော်၊ ပြီးတော့မှာပါ"

အဘခြေထောက်မှ မြွေဆိပ်များ ကုန်သွားစေလိုခြင်းအလို့ငှာ မြွေဆိပ်များကို ပါးစပ်ဖြင့် စုပ်ထုတ်သည်။

တစ်ခါငုံ့စုပ် ပြန်ပြီထွေး ပြန်ပြီး တစ်ခါငုံ့စုပ် ပြန်ပြီးထွေး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီးနှင့် အကြိမ်ကြိမ်စုတ်ထုတ်နေသော်လည်း အဘက တဖြည်း ဖြည်း ငြိမ်ချက်သားကောင်းသွားသည်။

"ဟင် ... အောင်မယ်လေး"

တစ်ယောက်က ဖျော့တော့ငြိမ်သက်နေပြီး နောက်တစ် ယောက်က ငှုံ့ပြီး ဘာလုပ်နေမှန်းမသိ။ ခေါင်းမော့လာပြန်တော့ ပါးစပ်၌ သွေးတွေ။

"သအိုဇာ ... နင် နင်"

မှန်ပါသည်။ တစ်ရွာလုံး၏အတင်းနှင့်သတင်းများ သယ် ဆောင်သူ မနှင်းတင်ဖြစ်သည်။

"နင် နင် သွေးစုပ် စုန်း"

လန့်လွန်း၍ မူးမေ့ပင် လဲသွားချင်သည်။ သို့သော် ကိုယ် ပါရောပြီး သွေးအစုပ်ခံရမှာစိုး၍ မရှိမဲ့ရှိမဲ့အားလေးနှင့် ကုန်းရုန်း ပြီး ပြေးလိုက်တာ အတိုက်တိုက် အခိုက်ခိုက်။

"ကယ်ကြပါဦး ... ကယ်ကြပါဦးရှင်၊ ကယ်ကြပါ"

တကြော်ကြော်အော်ပြီး ခြေဦးတည့်ရာ ပြေးပါလေတော့ သည်။ ဒူးတွေက သိပ်မနိုင်ချင်။ ကြောက်လွန်း၍ လှည့်ကြည့် လှည့်ကြည့်ပြေးရ၍ လဲလိုက်တာလည်း အကြိမ်ကြိမ် အခါခါ။ လဲကျသော်လည်း နာလိုက်တာဆိုပြီး မြေပြင်ပေါ် ဇိမ်ခံနေလျှင်





နောက်မှ သွေးစုပ်ကောင်က မီလာမှာစိုး၍ လဲနေသည့်ပင် လေး ဘက်ထောက် ပြေးနေမိပြန်သည်။

"ကယ်ကြပါဦးတော် ... ကယ်ကြပါဦး၊ ကယ်ပါ"

ရွာတွင်းနှင့်ရွာပြင် ခြားထားသော သရက်ချောင်းလေး တိုင် မကူးနိုင်သေးက်အောင် မောဟိုက်နေပါပြီ။

"ကယ်ကြပါဦး ... ကယ်ကြပါ"

"မနှင်းတင် ဘာတွေဖြစ်လာတာလဲ"

တောထဲမှ ထင်းခုတ်ပြန်လာသူအချို့နှင့် ဆုံသည်။

"ကယ်ကြပါဦး"

"ဘာဖြစ်လို့လဲ"

"သအိုဇာလေ ... သအိုဇာ"

"ဟင် ... သအိုဇာ ဘာဖြစ်လို့လဲ"

နဂိုကတည်းက သအိုဇာဆိုလျှင် အားလုံးက စိတ်ဝင် စား ရှိကြသည်။ ခုလို အမောတကောနှင့်လူက သအိုဇာ့ အကြောင်း ပြောလာတော့ ပိုပြီး စိတ်ဝင်စားလာကြ၍ ထမ်းထား သောထင်းခြောက်များကိုပင် ဘုန်းခနဲ ပစ်ချမိကြသည်။

"သအိုဇာ ... ပေတလူကို သတ်ပစ်ပြီ"

"ဟာ ... မဟုတ်တာ၊ ပေတလူက သူ့အဖေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမြင်ခဲ့တယ်၊ ပေတလူရဲ့သွေးတွေ သအိုဇာ့ပါးစပ်ထဲမှာ"

"ဘာ"

"ပေဇာလူရဲ့ဗိုက်ကို ဖောက်စားနေတာလားမသိဘူး။ သအိုဇာရဲ့ပါးစပ်ထဲမှာ သွေးတွေ"

မနှင်းတင်ရဲ့စကားကြောင့် အားလုံးမှာ မှင်တက်မိကုန်ကြသည်။ ယုံရမလား၊ မယုံရဘူးလားဆိုတာ ဝေခွဲမတတ်ကြတော့။ သို့သော် ယုံချင်ကြသည်။ ငယ်စဉ်ကတည်းက ထူးဆန်းသော ထိုစုန်းကလေး ဘယ်သောအခါ သောင်းကျန်းလာမလဲဟု စိုးရိမ်ခဲ့ကြဖူးသည်။ ယခု အချိန်ကျလာပြီလား။



## အခန်း (၆)

မျက်နှာပေါ်၌ အေးခနဲဖြစ်သွား၍ မှိတ်ထားသော မျက်လုံးကို ပြူးတူးပြဲတဲ ဖွင့်ကြည့်သည်။ အကျီအမည်းရောင်ဝတ် မိုးနတ်သားကို ဘွားခနဲ တွေ့လိုက်ရသည်။

"မြန်မြန်ပြေးတော့၊ မင်းကို ရွာသားတွေ ဝိုင်းရိုက်ကြတော့မယ်"

"ဟင်"

သူမ အံ့သြသွားသည်။ ဘာကိစ္စ သူမကို ဝိုင်းရိုက်ကြမှာလဲ။ သူမက ဘာလုပ်လို့လဲ။

"အဘ"



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂမျှသာ မိမိအကြောင်းတွေးပြီး ချက်ချင်းဆိုသလို အဘထံ စိတ်ရောက်သွားသည်။

"အဘ"

အသက်မဲ့နေသော ခန္ဓာတစ်ခုကို သူမ ပွေ့ဖက်ထား၏။

"အဘရယ် ... သဒ္ဒိဇာ ဘယ်လိုနေရမလဲ"

"ငိုမနေနဲ့တော့၊ မင်း ကယ်ရဲ့သားနဲ့ သေတာပဲ၊ သူ သေနေ့က စေ့နေပြီ၊ သူ့သက် တမ်းကုန်သွားပြီ၊ မြေမြှုပ်ဖို့ ပြင်ဆင်ပါ"

အသည်းနှလုံးတစ်ခုလုံး တဆတ်ဆတ်နာကျင်သွားသည်။ ဘာကြောင့် မငိုရမှာလဲ။ တစ်လောကလုံးတွင် တစ်ယောက်တည်းသော အားကိုးရသူပါ။ ဘာလို့ မငိုရမှာလဲ။

"ကဲ သဒ္ဒိဇာ ... ငိုမနေနဲ့တော့၊ မင်းကို တစ်ရွာလုံး ဝိုင်းရိုက်ကြတော့မယ်၊ မြန်မြန်သွားတော့"

လေနတ်သားက လေကို ခပ်ကြမ်းကြမ်းတိုက်ပြီး သူမကို တွန်းလွှတ်နေသည်။

"လူသေကို မြေမြှုပ်ပြီးတဲ့အချိန်ထိ ငါ သူတို့ကို တားထားမယ်၊ မြန်မြန်နော်"





မိုးက အသည်းအထန် ရွာသွန်းနေသည်။ ဘယ်သော အခါမှ မကြုံစဖူးပင် သည်းသည်းမည်းမည်း။ ရေများလည်း အများသားမို့ ခဏတွင်းမှာပင် တောင်ကျချောင်းမှာ ရေတိုးလာသည်။

သိပ်မကြာပါ သရက်ချောင်းတွင် ရေအဖွေးသား ပြည့်လျှံသွားတော့၏။

"ဟုတ်ပါတယ်၊ သွားပါ သဒ္ဒိဇာရယ်၊ ရေကြီးနေတဲ့ အချိန်ဆို သူတို့ ဒီကိုမလာနိုင်ပါဘူး။ ဒီသဲဖြူကျွန်းကို ဖြတ်လို့ မရအောင် ငါ အစွမ်းကုန်ပူပေးထားမယ်"

နေနတ်သားက အားကြိုးမာန်တက် ဆိုပြန်သည်။

အဘရဲ့အသက်မဲ့ခန္ဓာကိုဖက်ကာ ချုံးပွဲချငိုကြွေးနေသော သူမအား ထိုညီနောင်လေးဖော်က ကရုဏာသက်စွာ ကြည့်နေ၏။

"မြန်မြန်လုပ်ပါနော်"

တစ်ချိန်လုံးငြိမ်သက်နေသော လနတ်သားကပါ သူမအား တိုက်တွန်းပြောဆိုလာသည်။

"ငါ့မှာ သွားစရာနေရာမရှိဘူး။ ပြီးတော့ အဘကို ဘယ်နားသွားထားရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နားမှာ ထားချင်သလဲ"

"သဲဖြူကုန်းမှာ၊ အဲဒီနေရာကို အဘကြိုက်တယ်၊ ငါတို့အိမ်မှာပဲထားချင်တယ်"

"အင်း . . . ဒါဆို အဲဒီကိုပဲ မ,ရွှေ့ရအောင်လေ၊ ငါနဲ့ လေနုတ်သားက ကူညီမယ်"

ပြောနေရင်းပင် လေသည် တစ်ကြောင်းတည်း တိုက်လာ၏။ အမှိုက်များ လွင့်စဉ်သွားသည်။ လေတိုက်အားသည် တဖြည်းဖြည်း အရှိန်မြင့်လာပြီး လမ်းတစ်ကြောင်းတည်းမှ မြေမှုန့်များကို ဂေါ်နှင့် ယက်ထုတ်သည့်ပမာ ခြစ်ယူသယ်ဆောင်သွားသည်။ မိုးနတ်သားကလည်း အားကျမခံပင် ထိုသို့ ခြစ်ယူသယ်ဆောင်သွားရာ မြေလမ်းကြောင်းအတိုင်း တစ်ကြောင်းတည်း မိုးရွာချတော့သည်။

ထိုခဏအတွင်းတွင် လေနှင့်မိုးတို့ အပြိုင်အဆိုင်သောင်းကျန်းကြတော့၏။

သို့သော် အံ့ဩစရာကောင်းသည်က သအိုဇာ့ထံတွင် လေမတိုးသလို မိုးမစိုပါချေ။ ဆယ့်ငါးမိနစ်ခန့် မိုးနှင့်လေတို့အားပြိုင်ပြီးချိန်တွင် ထိုနေရာ၌ ရေစီးမြောင်းလေး ဖြစ်ပေါ်လာသည်။





ထိုရေစီးမြောင်းလေးအတိုင်း ဝါးလုံးခုနစ်လုံး မျောလာသည်။ ထိုဝါးလုံးများကို သူမက ဆွဲယူပြီး အကျီနှင့်လုံချည်များကို ဖြကာ ကြိုးသဖွယ်လုပ်ပြီး ဖောင်ပြုလုပ်၏၊

ပြီးနောက် . . . ထိုဝါးဖောင်လေးပေါ် အဘကို တင်သည်။

အဘကို အိမ်ရောက်တဲ့အထိ ခေါ်သွားရမယ်လေ။ မိတရင်းတွေထက် ကောင်းခဲ့သောအဘကို ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ရမယ်။

သူမကို တစ်လောကလုံးစာ ကောင်းခဲ့သော အဘအား သူမ ကျေးဇူးပြုနိုင်ရမည်လေ။ အဘရဲ့ကျေးဇူးတွေကို သူမ အောက်မေ့မိသည်။

ယောက်ျားလေးတစ်ယောက်တန်မဲ့နဲ့ သတ္တိရှိစွာ သူမလိုလူ စင်ကျော်သူကို ရင်နှစ်သားပမာ စောင့်ရှောက်ခဲ့သည်။ တစ်လောကလုံးက ဖယ်ကျဉ်းထားသည့် သူမကို အေးမြတဲ့ မေတ္တာတွေ ပေးခဲ့သည်။

ဘုန်းကြီးကျောင်းက ပွဲဟင်း၊ ပွဲထမင်းကို မမက်စက်ပါဘဲ ငှက်ပျောဖက်နှင့် သားအဖနှစ်ယောက် မျက်နှာချင်းဆိုင်စားရသော ထမင်းဝိုင်းလေးကို တမ်းတမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒါတွေ မရနိုင်တော့ပါ။ အဘက ပြန်လမ်း မရှိတဲ့ နေရာကို ရောက်သွားပြီလေ။ အဘက သူမကို စိတ်ချစွာ လောကထဲမှာ ထားသွားခဲ့ပြီလေ။ သူမဘာဝ ဘယ်လိုရှေ့ဆက်ရမလဲ။ ဘယ်လိုခရီးမျိုးကို သွားရပါ့မလဲ။



## အခန်း (၇)

"ဘယ်မှာလဲ သဒ္ဒိဇာ"

"သဒ္ဒိဇာ ... ထွက်ခဲ့"

"ထွက်လာခဲ့ စုန်းမ"

"ကိုယ့်ကျေးဇူးရှင်ရဲ့သွေးကိုတောင် သောက်တဲ့စုန်းမ ထွက်ခဲ့"

အသံတွေကို မပီပိုးတဝါး ကြားနေရသည်။ ညက မှောင်မိုက်နေပြီမို့ မီးတုတ်များနှင့် သူမအိမ်ကို ဝိုင်းထားသည့်လူအုပ်ကြီးကို သူမ မြင်နေရသည်။

လပြည့်ညဆိုသော်ငြား သူမကို အများမြင်ရင် သတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးသောကြောင့် လနတ်သားက ပုန်းခိုနေသည်။

"သဒ္ဒိဇာ ထွက်ခဲ့"

ထိုသို့ အသံကြားရတိုင်းတွင် သူမရင်နှစ်ခြမ်း ခြန်းခြန်းကွဲလုမတတ် ထိတ်လန့်မိသည်။ ခြေဖျား,လက်ဖျားများမှာ အေးစက် ထုံကျင်နေသည်။ စိတ်တွေကလည်း ကစဥ့်ကလျားနှင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ တစ်ဦးတည်းသောအားကိုးရာ အဘကလည်း မရှိတော့ပြီမို့ ဘယ်ပြေးလို့ ပြေးရမှန်းမသိပါ။

ဘယ်နေရာကိုပဲသွားသွား သူမကို ကြိုဆိုမည့်သူက မရှိပါချေ။ သူမ ဘာလုပ်ရမလဲ။ ဟိုနတ်သားလေးပါး ပြောသလိုပဲ တောထဲဝင်ပြေးရမှာလား။

"သဒ္ဒိဇာ ... ထွက်ခဲ့၊ ကျေးဇူးကန်းတဲ့ကောင်မ၊ ညည်းကို ထမ်းထားရတဲ့မြေကြီး လေးတယ်၊ အရိပ်နေနေ အခက်ချိုးချိုး ကောင်မ ထွက်လာခဲ့"

"ဟဲ့ ဟဲ့ ... နေကြစမ်းပါဦး။ နေကြစမ်းပါဦး"

သူမ အားတက်သွားသည်။ ရှာဦးကျောင်းက ဆရာတော်ပါ။ ဆရာတော်ကို ထိုတစ်ရွာလုံးက ကြည်ညိုသည်။ ဆရာတော့်စကားဆို တစ်သဝေမတိမ်း လိုက်နာကြသည်။ ဆရာတော်ကသာ ဒီလိုမလုပ်ဖို့ဆိုလျှင် သူမက သူမအိမ်လေးမှာပင် အဘရဲ့





ခြံပုံလေးကို စောင့်ရှောက်ခွင့်ရဦးမယ်လေ။

ဘုရား ဘုရား ... ဆရာတော်ဘုရား ကျွန်မကို ကယ်တင်ပါစေဟု ရင်ထဲက အကြိမ်ကြိမ် ဆုတောင်းမိသည်။

"ဘယ်က ဘယ်လို ဖြစ်ကြတာလဲ၊ တစ်ရွာလုံးလည်း ဒီကိစ္စ ကြွပ်ကြွပ်ညံနေပြီ၊ သဒ္ဒိဇာက ဘယ်လိုလုပ် သူ့ရဲ့ကျေးအဖေသွေးကို သောက်မလဲ၊ စဉ်းစဉ်းစားစားလည်း ပြောကြပါအုံး"

"တကယ်ပါ ဆရာတော်၊ သူ့အဖေရဲ့အူတွေကို ဖောက်စားနေတာ တပည့်တော်မကိုယ်တိုင် မြင်ခဲ့တာပါ"

"ဘယ်မှာ မြင်ခဲ့တာတုံး၊ ဒကာမကြီးရဲ့"

"ရွာနောက်အမှိုက်ပုံဘေးမှာပါ၊ ငုံ့ငုံ့ပြီး တိရစ္ဆာန်တစ်ကောင်လို စားသောက်နေတာပါ ဘုရား"

"သေသေချာချာ တွေ့ခဲ့ရဲ့လား။ အူတွေကို ပါးစပ်နဲ့ ကိုက်နေတာ"

"အူတွေတော့ မတွေ့ဘူး၊ ပါးစပ်မှာတော့ သွေးတွေ ချည်းပဲ ဆရာတော်ဘုရားရဲ့"

"အိမ်း ... ခက်တယ်ကွဲ့"

"ဘာပဲဖြစ်ဖြစ် ဘုရားတပည့်တော်တို့တော့ ဒီဟာမလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီမှာ မထားနိုင်တော့ဘူး''

''ဟုတ်တယ် . . . ဟုတ်တယ်''

ရွာလူကြီးဦးအောင်မြက ဆိုလျှင် လူအယောက်နှစ်ဆယ်ခန့်မှာ တစ်သံတည်း ထောက်ခံကြသည်။

''မီးဆိုတာ မလောင်ခင်တားရပါတယ် ဘုရား။ ဒီစုန်းမကိုသာ ဒီမှာ ဆက်ထားဦးမယ်ဆိုရင် ရွာသားတွေရဲ့အသက်အန္တရာယ်ကို စိုးရိမ်ရပါတယ် ဘုရား။ ရွာထဲက ကလေးတွေက ဒီချောင်းမှာ မကြာခဏ ရေလာချိုးကြတယ်၊ သူ့ကို ကျွေးမွေးခဲ့တဲ့ ပေတလူကိုတောင် သတ်ဖြတ်စားသောက်မှတော့ ကျန်တဲ့လူတွေကိုဆို တွေးပင်မကြည့်ဝံ့ပါဘူး ဘုရား''

ဦးအောင်မြက ထိုသို့ အချက်ကျကျဆိုတော့ ဆရာတော်ငြိမ်ကျသွားသည်။

''ဟုတ်ပါတယ် ဘုရား။ ဒီမိန်းမ စုန်းမဆိုတာ သေချာပါတယ် ဘုရား။ နေ့လယ်ကလည်း ဒီကိုလာဖို့ ရွာထဲမှာ လူစုနေချိန် နွေခေါင်ခေါင် မိုးရွာပြီး အခု သရက်ချောင်းရေကြီးနေတာကိုသာ ကြည့်ပါဘုရား၊ မုန်းချောင်းက ရေမကြီးဘဲ သရက်ချောင်းပဲ ကြီးနေတာပါ ဘုရား။ ပြီးတော့ . . . ဒီသဲဖြူကျွန်းမြေပေါ် ခြေဗလာနဲ့ မနင်းရဲလောက်အောင် နေက ပူကျက်နေပါတယ် ဘုရား။





ဒါတွေက ဒီမိန်းမ စုန်းမဆိုတာ ငြင်းစရာမရှိတဲ့ သက်သေတွေပါ ဘုရား။ ဒါကြောင့် ဒီစုန်းမကို ရွာကနေ မောင်းထုတ်ခွင့်ပြုပါ ဘုရား''

''ဟုတ်တယ် ဘုရား။ သာမာန်လူနဲ့မတူတဲ့ ဒီလက်သုံးချောင်းမက မိစ္ဆာမကို မောင်းထုတ်ပါရစေဘုရား။ အကယ်၍ သူ့ကိုသာ မောင်းမထုတ်နိုင်ရင် ရွာသူရွာသားတွေရဲ့ အသက်အန္တရာယ်ကို စိုးရိမ်ရပါတယ် ဘုရား။ ရွာသားအများစုကို ထောက်ထားပါ ဘုရား''

တရစပ်ဆိုကြသည်တွင် ကျောင်းထိုင်ဆရာတော်မှာ ဘာမျှမဆိုသာတော့ချေ။

လူသားတွေနဲ့ အချေအတင်ပြောဆိုရန်လည်း မသင့်ပါ။ ထို့ကြောင့်ပင် မျက်လွှာကိုချပြီး မီးစွဲလောင်စပြုနေပြီဖြစ်သော ထဲအိမ်လေးကို ငေးကြည့်မိသည်။

တည်ငြိမ်သောခြေလှမ်းများနှင့် ဆရာတော်က လာရာလမ်းအတိုင်း လှည့်ပြန်လာသည်တွင် မြင်ကွင်းကို ချောင်းမြောင်းပုန်းခိုကြည့်နေသော သအိုဇာရင်ထဲ ကူကယ်ရာမဲ့သွားသလို ခံစားရသည်။

''မပြန်ပါနဲ့ဦး . . . ကျွန်မကိုကယ်ပါ ဆရာတော်''



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌ တီးတိုးညည်းမိသော်လည်း ဆရာတော်က မကြားနိုင်တော့ပါ။

ဝေးကွာသွားသော ဆရာတော်၏ပုံရိပ်ကိုငေးရင်း ငိုကြွေးနေမိသည်။ ဝမ်းပန်းတနည်း ရှိုက်ငိုမိသည်။ ခုလို ငိုကြွေးခြင်းမှာတော့ မိုးတို့ပြိုမလာတော့ပဲ လေပြေညင်းသာ တိုးနေတော့၏။

"လာပါ သဒ္ဓိဇာရယ် . . . သွားကြရအောင်ပါ။ မင်းနေဖို့နေရာကို ငါတို့ ခေါ်သွားပါ့မယ်"

လေနုတ်သားက စိတ်မကောင်းကြီးစွာဆိုသော်ငြား တဟုန်းဟုန်း တောက်လောင်နေသော မီးပုံကြီးကိုသာ ငေးနေသည်။ ရွာသားတွေက မိမိအပေါ် ဘယ်လိုမုန်းမုန်း မိမိတော့ အချစ်မပျက်ချေ။

မိမိအပေါ် ဆိုးဝါးတဲ့ ဆက်ဆံရေးရှိကြသော ထိုလူတွေကို မုန်းပစ်ချင်သော်ငြား မုန်းပစ်၍ မရပါချေ။ ထိုသို့ အမုန်းမရှိသည့်စိတ်ကိုလည်း နာကြည်းသည်။ သူမ မုန်းချင်ပါပြီ။ အားလုံးကို မုန်းပစ်ချင်ပါပြီ။



## အခန်း (၉)

ကောင်းကင်ယံမှ ကြယ်ရောင်များက ပြိုးပြိုးပျက်ပျက် ထင်း လက်နေသည်။ တောကြီးနက်နဲ့ထဲ တိုးဝင်နေသော သဏ္ဌာန်တစ်ခု။

"ဒီနေရာပဲ သဒ္ဓိဇာ၊ ဒါ . . . မင်းရဲ့အိမ်ပဲ"

နားမလည်ပါ။ အိမ်ဆိုသည်က သစ်နှင့်ဝါးနှင့်ကာပြီး ခင်းပြီး သက်ကယ် (သို့မဟုတ်) ရဏ်း (ဓနိ) မိုးထားသော အဆောက်အဦ မဟုတ်ပါလား။ ယခု သဒ္ဓိဇာတွေ့မြင်နေရတာက အာမှမရှိသော ကျောက်သားနံရံကြီးတစ်ခုဖြစ်သည်။ ထိုကျောက်သားနံရံကြီးကို မှင်တက်စွာ ငေးနေသည်။ ဒါက အိမ်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် အလုံခြုံဆုံးနေရာပဲ"

လေနုတ်သားက ထိုသို့ပြောပြီး လေကို ခပ်ပြင်းပြင်း သယ်ဆောင်လာ၏။ ထိုကျောက်သားနံရံကြီး၏ဘေးမှ ကျောက်ခဲတုံးကြီးသည် ရွေ့လာသည်။

သူမ လန့်ပြီး ခုန်ရှောင်လိုက်၏။ ခုန်မရှောင်၍မဖြစ်ပါ။ လူတစ်ရပ်စာမြင့်ပြီး လုံးပတ်ဆယ့်ငါးပေ၊ ပေနှစ်ဆယ်ခန့်ရှိသည့် ထိုကျောက်တုံးကြီးသာ မိလာပါက အသက်ပင် ဘယ်ကထွက်သွားမှန်း သိနိုင်လိမ့်မည်မဟုတ်။ သို့သော် ထိုကျောက်တုံးက သူမထံ လိမ့်မလာတော့ပါဘဲ ရပ်တန့်သွားသည်။ ထိုကျောက်တုံးကြီး ရပ်တန့်သွားချိန်၌ ကျောက်ချပ်လွှာကြီးမှာ ပွင့်သွား၏။

သူမ အံ့ဩသွားသည်။ ဒီလို ထူးဆန်းတဲ့ကိစ္စများကို တစ်သက်နဲ့တစ်ကိုယ် ကြုံတွေ့ဖူးခြင်းမရှိခဲ့ချေ။

"ဝင်ပါ"

ညို့ငင်ခြင်းခံရသူတစ်ဦးနှယ် ဝင်လာခဲ့သည်။ သူမ အတွင်းထဲသို့ရောက်ရောက်ခြင်းမှာပင် အေးစိမ့်သည့်အတွေ့တစ်ခုကို ခံစားလိုက်ရသည်။ ကြယ်ရောင်မရှိ၍ ဘာဆိုဘာမှ မမြင်ရအောင် မှောင်မိုက်နေသည်။

"မှောင်လိုက်တာ၊ မြွေတွေများ အောင်းမနေဘူးလား"





နုတ်မှ ဝိုးတဝါးညည်းလိုက်၏။

"ဒီနေရာကို အန္တရာယ်ပြုမယ့် သတ္တဝါ လာလို့မရဘူး"

လနုတ်သား၏အသံ။ အသံလာရာဆီသို့ မှန်းဆမိနေချိန်မှာပင် မိမိခေါင်းပေါ်မှ ကျောက်လွှာတစ်ချပ် လှုပ်ရှားလာပြန်သည်။

သူမ မော့ကြည့်လိုက်သည်။ လနုတ်သား၏ အသက်ဝိညာဉ်ကို မြင်တွေ့လိုက်ရပြန်၏။ လနုတ်သားက သူမအား ကောင်းကင်ထက်မှ ပြုံးပြီးကြည့်ခံနေသည်။

"မင်းတို့တွေ ငါ့အပေါ် ဘာကြောင့် အဲလောက်ကောင်းကြတာလဲ၊ တစ်ရွာလုံးက ငါ့ကို တစ်ယောက်မှ အကောင်းမမြင်ကြဘူး။ မင်းတို့က ဘာလို့လဲ၊ ပြီးတော့ မင်းတို့ကို ငါ တစ်ယောက်တည်း ဘာလို့ တွေ့မြင်နေရတာလဲ"

"ဒီနေ့တော့ အချိန်ကျပြီ သအိုဇာ . . . ပြောပြပါ့မယ်"

"အင်း . . . ပြောပါ"

"ဝှက်ထားတဲ့ မင်းရဲ့လက်တစ်ဖက်ကြောင့်ပါ"

"ဘယ်လို"

သူမ အံ့အားသင့်သွားပြီး ယောင်နနပင် ဝှက်ထားသော လက်ကို ထုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလက်ကြောင့် မင်း ငါတို့နဲ့ ပြောဆိုလို့ရတာ၊ ပြီးတော့ စိတ်နာသင့်တဲ့လူတွေကို မုန်းတီးနာကြည်းလို့ မရတာလည်း အဲဒီလက်ကြောင့်ပဲ၊ မင်း သတိထားမိမှာပါ၊ မင်း အဲဒီလက်ကို ဘယ်နေရာမှာမှ အသုံးမချဘူးလေ၊ ဒါပေမဲ့ . . . မင်း လဲကျတော့ မယ်ဆို ဒီလက်ကပဲ မင်းကို ကူညီခဲ့တယ်"

လနတ်သားရဲ့စကားလုံးအောက်တွင် သူမ ငြိမ်သက်သွားသည်။

"တကယ်တော့ . . . မင်းက မိုးလုံးကဲ့ရွာသူပါ"

"ဘယ်လို မိုးလုံးကဲ ဟုတ်လား"

မိုးလုံးကဲ့ရွာသူတော့ မဖြစ်ချင်ပါ။ မိုးလုံးကဲ့ရွာဆိုသည်က လူတိုင်းလို စုန်းဖြစ်နေကြသည်။ ပညာတွေ ပြိုင်ကြသည်။ သူမ မဖြစ်ချင်ပါ။ သူမက အေးအေးချမ်းချမ်း နေချင်သူဖြစ်သည်။

"မင်းကိုမွေးတဲ့အချိန်မှာ လက်သည်က ဒီလက်သုံးချောင်းကြောင့် မေ့လဲသွားခဲ့တယ်၊ မင်းရဲ့မိခင်ကလည်း မင်းကို မွေးချိရမှာကို ထိတ်လန့်ခဲ့တယ်၊ ဒါကြောင့် မင်းကို စွန့်ပစ်သွားတယ်"

ရင်ထဲ နာကျင်မိသည်။ နှုတ်ခမ်းဖျားလေးများ တုန်ယင်လာသည်။





"မင်းရဲ့အာဃာတက တဖြည်းဖြည်း လျော့လာတယ်၊ မင်းကို မွေးစက မင်းငိုသံကြားရင် မိုးနတ်သားက နားကွဲသလို ခံစားရတယ်၊ မင်းဒေါသဖြစ်နေရင် ငါ့ညီ လေနတ်သားက မျက်စိမမြင်တော့သလိုပဲ၊ မင်းစိတ်ကြည်လင်နေရင် ငါတို့အစ်ကိုအကြီးဆုံး နေနတ်သားက ပျော်တယ်၊ ငါကတော့ မင်းရဲ့အရိပ်အခြည်ကို ကြည့်ပြီးနေရတယ်၊ ဒါပေမဲ့ အသက်ကြီးလာတာနဲ့အမျှ မင်းရဲ့ ဩဇာက ငါတို့အပေါ် လျော့ပါးလာတယ်"

လနတ်သားပြောတာမှန်ပါသည်။ ငယ်ငယ်တုန်းကဆိုလျှင် သူမ ငိုလိုက်သည်နှင့်တစ်ပြိုင်နက် မိုးရွာသည်။ အော်လိုက် ဒေါသဖြစ်သည်နှင့်တစ်ပြိုင်နက် လေတိုက်သည်။ ပြီးတော့ အေးလိုက်တာဟု ညည်းလျှင် နေပူလာသည်။ ဒီည လသာရင်ကောင်းမှာပဲဟုဆိုလျှင် လသာသည်။ သို့သော် ခုနောက်ပိုင်း၌ ညည်းရုံနဲ့ ဒါတွေဖြစ်မလာပါ။ သိပ်ကို ဆန္ဒပြင်းပြမှသာ ဖြစ်လာတတ်၏။

"ငါတို့ညီအစ်ကိုလေးယောက်က ကျိန်စာမိနေကြတာပါ"

"ဘယ်လို . . . ကျိန်စာ ဟုတ်လား၊ ငါ နားလည်အောင် ရှင်းပြပါလား"

"ကောင်းကင်မှာ အပင်တစ်ပင်ရှိတယ်၊ အဲဒီအသီးကို



www.burmeseclassic.com

www.burmeseclassic.com



မစားရဘူးလို့ အမိန့်ထုတ်ထားတယ်၊ ဒါပေမဲ့ . . . ငါတို့ညီအစ်ကိုတွေ ခိုးစားမိတယ်၊ ပြီးတော့ . . . ငါတို့ ခိုးစားမှန်းမသိအောင် အကိုင်းကိုဖြတ်ပြီး ယူထားတယ်၊ အဲဒီအကိုင်းက လူ့လက်တစ်ဖက်နဲ့ တူတယ်၊ အဲဒီအကိုင်းကို ဘယ်မှာပစ်လို့ ပစ်ရမှန်းမသိတဲ့ အချိန် မင်းရဲ့အမေက ဗိုက်နာနေတယ်၊ မင်းက လောကထဲ ထွက်လာတော့မှာ၊ ငါတို့လည်း ကြံရာမရဖြစ်ပြီး မင်းကိုယ်ပေါ် တပ်လိုက်တယ်၊ တပ်လို့မရဖြစ်နေတာနဲ့ ကျိန်ဆိုခဲ့တယ်၊ အနှစ်နှစ်ဆယ် ကျွန်ပြုပါ့မယ်လို့၊ အခု ငါတို့ကျိန်စာပြေယ်ဖို့ နှစ်နှစ်တည်း ကျန်တော့တယ်၊ အဲဒီကျိန်စာပျယ်ချိန်မှာ မင်းရဲ့လက်တစ်ချောင်းက အလိုလို ပျောက်ကွယ်သွားလိမ့်မယ်၊ အဲဒီအချိန်မှာ မင်းက သာမန်လူဖြစ်သွားပြီ၊ လူတွေကို မုန်းတတ်လာမယ်၊ နာကြည်းတတ်လာမယ်၊ မင်းအခု လူတွေကို မမုန်းတာက အဲဒီလက်ကြောင့်ပဲ၊ အဲဒီလက်က မင်းရဲ့စိတ်ကို ထိန်းချုပ်နေတယ်''

ဘုရား . . . ဘုရား။ သူမ အံ့သြသွားသည်။ သူမ ဘယ်တုန်းကမှ မတွေးမိခဲ့သည့်ကိစ္စပါ။

''မင်းက မိုးလုံးကဲ့ရွာသူဖြစ်ပြီး ဘာလို့ ဆန်းပြားတဲ့ အတတ်တွေ မတတ်တာလဲဆိုရင် အဲဒီလက်ကြောင့်ပဲ၊ အဲဒီလက်ကို ကုဏ္ဍာသယသစ်ပင်ရဲ့အကိုင်းအခက်ပဲ''





''မင်းတို့ အဲဒီအသီးကိုစားတော့ ဘာဖြစ်လာကြသလဲ''

''ကြာလာသည်နှင့်အမျှ ငါတို့စိတ်တွေ ရိုင်းလာကြတယ်၊ တစ်နှစ်ကုန်သွားရင် ရိုင်းစိုင်းမှုက အတိုးပဲရှိတယ်၊ အလျော့မရှိဘူး။ နောက်ထပ်နှစ်တွေ ထောင်ချီသောင်းချီ ကြာသွားရင် ငါတို့က မျက်မမြင်တော့တဲ့ စိတ်ရိုင်းဝင်လူမိုက်တွေ ဖြစ်သွားကြတော့မယ်၊ ငါတို့ရဲ့ ခိုးချင်တဲ့စိတ်ကြောင့် မစောင့်စည်းတဲ့အကျင့်ကြောင့် အနာဂတ်မှာ ကမ္ဘာလူသားတွေ ငါတို့ကြောင့် ဒုက္ခရောက်ကြတော့မယ်''

''ဟင်''

သူမ အံ့သြသွားသည်။ လနတ်သားပြောနေတာတွေက အမှန်တွေလား။

''အဲဒီ ကုဏ္ဍာသယအပင်က အသီးက ခွင့်ပြုချက်မရဘဲ ခူးစားရင် ဆိုးတာတွေချည်းဖြစ်လာတတ်တယ်ဆိုတာ ငါတို့ စားပြီးမှ သိခဲ့ရတာပါ''

''ဆိုးတာတွေမဖြစ်အောင် တားလို့မရဘူးလား''

''ရတယ်''

''ဟင် . . . ဟုတ်လား။ ဘယ်လိုလုပ်ရမှာလဲ''

''အဲဒါ မင်းအပေါ်မှာပဲ မူတည်တယ် သအိုဇာ''



www.burmeseclassic.com

www.burmeseclassic.com



လေနတ်သားက သူမနားရောက်လာပြန်သည်။

"ငါက ဘာလုပ်ရမှာလဲ"

"ငါတို့ရဲ့အကြီးအကဲက ကံတရားအတိုင်းဖြစ်ကြပါစေဆိုပြီး အဲဒီကျွန်းသာသယအပင်ကို သံကွန်ချာနဲ့ကာလိုက်ပြီ"

"ဟင် . . . ဟုတ်လား"

"အဲဒီအပင်ရဲ့အပွင့်ကမှ ဆိုးဝါးလာမယ့်ကြမ္မာဆိုးကို ပယ်ဖျက်နိုင်မယ်၊ အဲဒီအပွင့်ကပဲ ငါတို့ရဲ့အရှင်သခင် ဖြစ်လိမ့်မယ်၊ ခက်တာက အဲဒီအပွင့်ကို ငါတို့တောင် မမြင်ဖူးရသေးဘူး"

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

"မင်းရဲ့လက်မောင်းပါ"

"ဘယ်လို ငါ့ရဲ့လက်မောင်း ဟုတ်လား"

"ဟုတ်တယ်၊ မင်းရဲ့လက်မောင်းက တစ်ခုတည်းသောကျန်နေရစ်တဲ့အပင်ပါ၊ ကောင်းကင်နဲ့မြေပြင် ဓာတ်သဘာဝမတူလို့ ဘာတွေဖြစ်လာမလဲဆိုတာ မသိပေမယ့် စမ်းသပ်ကြည့်ရမှာပဲ"

"ဒါ . . . ဒါဆို ငါ့လက်မောင်းကိုဖြတ်"

"အကယ်၍ မင်းက မဖြတ်ပစ်ရင်တောင် နောက်နှစ်နှစ်ကြာရင် အဲဒီလက်မောင်းက ပြတ်သွားမှာပဲ၊ ကောင်းကင်မှာ တစ်ရက်ဆို ဒီမှာ တစ်နှစ်ကြာတယ်၊ ကောင်းကင်ရဲ့ပစ္စည်းက





လူနဲ့ ရက်နှစ်ဆယ်ထက် အပြင်ပိုမခံနိုင်ကြဘူး။ အားလုံးအကျိုးရှိတဲ့ မျှော်လင့်ချက်ကိုပဲ လုပ်ကြရအောင်"

"ငါ အဲဒီလိုလုပ်ရင် နင်တို့နဲ့ငါက ဘာဆက်ဖြစ်မလဲ"

"မင်းနဲ့တော့ ငါတို့ မမြင်နိုင်တော့ဘူး။ ဒါပေမဲ့ အပင်ပေါက်လာခဲ့ရင်တော့ အဲဒီအပင်နဲ့ ငါတို့ ဆက်နွယ်ကြလိမ့်မယ်လို့ ယုံကြည်တယ်၊ ပြီးတော့ မင်းက အဲဒီအပင်ရဲ့မိခင်နေရာမှာ ရှိလိမ့်မယ်၊ ဘယ်လိုလဲ . . . ကူညီမယ်မဟုတ်လား သအိုဇာ"

သူမ မျက်လုံးကို မှိတ်ပစ်လိုက်သည်။ သူမ ကြောက်လန့်မိသည်။ လောကမှာ မိတ်ဆွေဆိုလို့ ဒီနတ်သားလေးပါးသာရှိသည်။ ဒီနတ်သားတွေကိုပါ မမြင်ရတော့ဘူးဆိုရင် လောကကြီးမှာ ဘယ်လိုရပ်တည်မှုမျိုးနဲ့ ဆက်လက်ရှင်သန်သွားရမှာလဲ။ သိတဲ့လူတစ်ယောက်မှမရှိတော့ပါဘဲနဲ့ ဘယ်လိုနေထိုင်သွားရမှာတဲ့လဲ။ တစ်လောကလုံးမှာ တစ်ယောက်တည်းပါဆိုသည့် ခံစားမှုက အတွေးနဲ့တင်ပင် အထီးကျန်လွန်းလှပါပြီ။

"ဟင့်အင်း . . . ဖြစ်မှာမဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ ဒီလက်ကို မဖြတ်ပစ်နိုင်ဘူး"

အကျီဖားဖားကြီးထဲ ဝင်ရောက်နေသော လက်တစ်ဖက်ကိုသာ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ သူမ မနုမြော၏



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အဂ်ါအစိတ်အပိုင်းကို မိတ်ဆွေတွေအဖို့ စတေးပစ်ဖို့ လုံးဝနှမြောတွန့်တိုမှုမဖြစ်မိပါ။ သို့သော် ထိုမိတ်ဆွေများကို ထပ်မတွေ့ရတော့မှာတော့ ကြောက်လန့်မိသည်။ ငြင်းပါရစေ။ မင်းတို့မရှိဘဲတော့ ငါက ဘယ်လိုနေရမှာလဲ။ ငါ့ကိုနားလည်ပေးကြပါဟု သူမရင်ထဲက အသံတိတ် တောင်းပန်မိသော်လည်း ရင်တစ်ခုလုံးနာကျင်သွားသည်။

သူမထံ ညှိုးငယ်စွာကြည့်နေသော လနတ်သားရဲ့အကြည့်တွေကြောင့် ခံစားရသည်။ လနတ်သားရယ် ဘာကြောင့်ငါ့ကို အဲဒီလိုကြည့်နေရတာလဲ။ ငါ မင်းတို့ကို မကူညီချင်လို့မဟုတ်ရပါဘူး။ မင်းတို့ကို မခွဲနိုင်လို့ပါ။ လေနတ်သားရော ဘာကြောင့် ငြိမ်နေရတာလဲ။ ငါ့ကို တစ်ခုခုပြန်မပြောတော့ဘူးလား။

"ကဲ သအိုဇာ ...မင်း ပင်ပန်းနေပြီ နားပါတော့ ငါတို့မှာ တာဝန်တွေရှိသေးတယ်"

သူမရင်ထဲနာကျင်သွားသည်။ သူတို့ကို မကူညီ၍ သူမကိုများ မုန်းသွားပြီလား။ ဟင့်အင်း ... သူမ မခံနိုင်ပါ။ နတ်သားလေးပါး၏အမုန်းကို မခံနိုင်ပါ။ ရှားရှားပါးပါးရလာသော ထိုမိတ်ဆွေလေးတွေရဲ့ အမုန်းကို ခံနိုင်ရည်မရှိပါ။ ထို့ကြောင့်ပင်





တစ်ခဏတွင်းတစ်ခုခုကို ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နေမိသည်။

"ငါ့ရဲ့လက်တစ်ဖက်ကို အပင်တစ်ပင်အဖြစ် မင်းတို့မွေးမြူကြမှာလား"

လှည့်ပြန်လုလု လေနတ်သားနှင့် လနတ်သားက သူမ့ထံ ပြန်လှည့်လာသည်။

"အကယ်၍ အဲဒီအပင်ကို ရှင်သန်အောင် မစိုက်နိုင်ရင် ဘာဖြစ်လာနိုင်သလဲ"

"သေချာပေါက် ရှင်သန်မှာပါ၊ ငါတို့လေးယောက်က အဲ့ဒီအသီးကို ညီတူညီမျှ ခွဲစားထားကြတာ၊ ငါတို့လေးယောက်ပေါင်းရင် သေချာပေါက် ရှင်သန်လာမှာပါ"

"ပန်းရော ပွင့်လိမ့်မယ်ထင်သလား"

"ဘယ်လိုနည်းနဲ့ ပွင့်လာမယ်ဆိုတာ မသိပေမယ့် ပွင့်လိမ့်မယ်၊ အပင်မှန်ရင် ပန်းပွင့်ရမှာပေါ့"

"ငါ လုပ်ပေးမယ်၊ ဒီအတိုင်း ငါ ပေမိုတ်နေရင်လည်း တစ်နေ့တော့ မင်းတို့နဲ့ ခွဲကြရမှာပါ၊ မင်းတို့ကို ကောင်းအောင် လုပ်ပေးပြီး ခွဲသွားချင်တယ်"

"မင်းရဲ့ဆုံးဖြတ်ချက်က မှန်တယ် သအိုဇာ၊ ငါတို့ကို မင်းက မမြင်ရစေဦး ငါတို့ မင်းကို စောင့်ရှောက်မှာပါ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



လေနတ်သား နောင်တော်တွေကို လှမ်းသတင်းပို့ပေတော့''

သူမရင်ထဲ တည်ကြည်ငြိမ်းချမ်းသွားသည်။ ထိုငြိမ်းချမ်းမှုက ရယူခြင်းကြောင့်တော့မဟုတ် ပေးဆပ်ခြင်းကြောင့် ရလာသည့် ရလဒ်တစ်ခုသာ ဖြစ်သည်။



## အခန်း (၉)

''အား''

ကြောက်ခမန်းလိလိထွက်လာသော အသံနက်ကြီးတစ်ခု။ အသံရှင်က ဝေဒနာတစ်ရပ်ကို ပြင်းပြစွာ ခံစားနေရတာပဲဆိုတာ အသံကြားရတာနဲ့တင် ပြည့်ပြည့်စုံစုံ တွေးနိုင်သည်။

ထိုအသံသည် တောနက်ကြီးထဲမှ ထွက်ပေါ်လာသော အသံ ဖြစ်သည်။ အချိန်အားဖြင့် ညသန်းခေါင်ယံတိတိ။ ပိုပြီးတိတိကျကျညွှန်းဆိုရလျှင် ညဆယ့်နှစ်နာရီတိတိအချိန်၌ ကျောက်ဂူကြီးထဲမှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

မှန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သအိုဇာ၏နဖူးပြင်၌ ချွေးစေးတို့ စို့ရွှဲနေခဲ့သည်
မျက်ခုံးနှစ်ခုမှာ တွန့်ချိုးနေသည်။ နာကျင်လွန်းလှပါပြီ။

"ဒါ အချိန်ကိုက်ပဲ၊ ဒီ့ထက်အချိန်နှောင်းသွားရင် ဒီသ
ပင်က ရှင်သန်တော့မှာမဟုတ်ဘူး။ ဒီ့ထက်အချိန်စောခဲ့ရင်လည်း
သအိုဇာက သွေးထွက်လွန်ပြီးသေရလိမ့်မယ်၊ ဒီလက်တစ်ဖက်
ဘဝတစ်ပါး"

သွေးစက်စက်နှင့် မြေပြင်ပေါ်ပြုတ်ကျနေသော လက်
တစ်ဖက်အားကြည့်ပြီး နေနတ်သား၏စကားသံကို ကြားယောင်
မိလိုက်သည်။

အရဲစွန့်ပြီး မိုက်ရူးရဲဆန်စွာပင် မိမိလက်ကို မိမိလက်
ဖြင့်ပင် ဖြတ်ချပစ်ခြင်းဖြစ်သည်။ ရုတ်တရက်တော့ သွေးများသည်
ရေပိုက်ခေါင်းမှ ရေများပန်းထွက်နေသည့်ပမာ တိုးထွက်လာ
သည်။ နာကျင်မှုသည်လည်း အသည်းခိုက်အောင် ဖြစ်၏။

သို့သော် ဒါတွေက တဒင်္ဂရယ်ပါ။ တစ်ခဏမျှ သေချ
လောက်အောင် နာခဲ့သည်။ တဒင်္ဂမျှပါ။ လက်တစ်ဖက် မြေပြင်ပေါ်
ဘုတ်ခနဲပြုတ်ကျပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံး ကြောက်စရာ
ကောင်းလောက်အောင် တိတ်ဆိတ်သွားသည်။ ပန်းထွက်နေသော
သွေးများသည်လည်း ကြည့်နေရင်းပင် ရပ်တန့်သွားသည်။





ထိုသို့ သွေးများရပ်တန့်သွားပြီးနောက်တွင် နာကျင်သည့်
ဝေဒနာသည် ယူပစ်သလို ပျောက်သွားသည်။ သအိုဇာ အံ့ဩ
သွားသည်။ ဒါ ... ဘာကြောင့်လဲ။ လက်ထိပ်ကို ဓားဖျားလေး
ရှမိသည်ပင် သုံးရက်မက တစ်ပတ်မျှ ဝေဒနာ ခံစားရသည်။

အခုက လက်ထိပ်ကို ဓားရှတာလည်းမဟုတ်ဘဲ လက်
တစ်ချောင်းလုံးကို အရင်းမှဖြတ်ပစ်လိုက်တာလေ။ ဘာကြောင့်
ခုလို ခဏပဲ ဝေဒနာခံစားရတာလဲ။

ယောင်နနဖြင့် တုန်းတိုကြီးဖြစ်နေသောလက်ဆုံကို စမ်း
လိုက်မိသည်။ အနာဖေးပင်တက်နေပါပြီ။ အနာမဟုတ်တော့ဘဲ
အသားမှာ ခြောက်ကပ်နေ၏။

ဒီပုံအတိုင်းဆို အနာပျောက်သွားပါက အမာရွတ်ပင်
ကျန်တော့မည်မဟုတ်ပါ။ တစ်ချိန်က သူမထံတွင် လက်သုံးချောင်း
ရှိခဲ့တယ်ဆိုတာ ဒဏ္ဍာရီများဖြစ်သွားလေရော့မလား။ အံ့ဩစွာပင်
ပြုတ်သွားသောလက်တစ်ဖက်ကို ကြည့်လိုက်သည်။ ထိုလက်က
တော့ အံ့ဩစရာကောင်းလောက်အောင်ပင် သွေးအိုင်ထဲရှိနေဆဲ
ပင်။

"သွေးမတိတ်သေးခင် မြေမှာစိုက်နိုင်ရမယ်"

မိုးနတ်သား၏စကားကိုကြားယောင်မိသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် အံ့သြနေသော်ငြား မှင်တက်မနေတော့ပါပဲ လက်မောင်း ပြေးယူလိုက်သည်။ ရင်ထဲနာကျင်သွားသည်။ ကိုယ်ပေါ်မှပြ ထွက်သွားသော အစိတ်အပိုင်းကို မိမိကိုယ်တိုင် ပွေ့ယူနေရ ရင်နာသည်။

သို့သော် ဒါက မိတ်ဆွေတွေအတွက်ဆိုတာမျိုး နှလုံး သွင်းမိတော့ နင့်နင့်နဲနဲ မခံစားရတော့ပါ။

"သွေးသိပ်သွားချိန်မှစိုက်ရင် အပင်ရှင်ဖို့က ရာနှုန်းပြည့် မသေချာတော့ဘူး"

လေနတ်သားဓါးစကားများ။ ထို့ကြောင့်ပင် အသင့်ယက် တူးထားသော မြေကျင်းထဲသို့ လက်မောင်းပြတ်ကို ထည့်လိုက် သည်။ တံတောင်ဆစ်မြုပ်သည်ထိ မြေပြန်ဖို့သည်။ ထိုသို့ ဖို့ ပြီးချင်းမှာပင် ထိုလက်မောင်းပေါ်တည့်တည့်မှ ကျောက်သားနံ ကြီး ကွဲသွားသည်။

ချက်ချင်းဆိုသလိုပင် ဂူတွင်းသို့ လေများ တိုးဝင်လာ သည်။ ပြီးနောက် မိုးဖွဲများ ကျလာသည်။ ပြီးနောက် လရောင် ဝင်လာသည်။ ပြီးနောက် နေရောင် နွေးလာသည်။ သူမရင်ထဲ ပီတိဖြစ်သလို ခံစားရ၏။

ဒါ ... သူမရဲ့မိတ်ဆွေတွေလေ။ မမြင်နိုင်သော်ငြား





အနားတွင် မိတ်ဆွေကောင်းတွေရှိသေးကြောင်း ခံစားနေရ သည်။ သူမဘာဝ နွေးထွေးလုံခြုံလာသည်။ ဒီအပင်အတွက် သူမ က မိခင်တဲ့လား။ ဒီအပင်က သူမရဲ့ရင်နှင့်သားတဲ့လား။

အထီးကျန်နေသောလက်မောင်းတစ်ဖက်ကို ကြည့်ရင်း ပြုံးသက်နေသည်။ သူမကြည့်နေရင်းမှာပင် လက်ချောင်းလေးများ ခြံထားလာသည်။ လက်သည်းခွံလေးများ ကွာကျလာသည်။ ကောက်နေသော တံတောင်ဆစ်သည် ဖြောင့်တန်းလာသည်။

ထိုအချင်းအရာကိုကြည့်ရင်း ရင်ထဲ ဝမ်းနည်းသလို ဝမ်းသာသလို ခံစားလာရသည်။

"အောင်မြင်ပြီ၊ ငါ ဆုံးဖြတ်ရကျိုးနပ်သွားခဲ့ပြီ၊ ငါ ကမ္ဘာကြီးကို ကယ်တင်နိုင်ပြီ၊ အောင်ပြီ ... အောင်ပြီ"

သူမအသံက တိုးတိုးလေးပါ။ သို့သော် ရင်ထဲက ပီတိ များ ကပ်ငြိနေ၍ အဖျားခတ်တုန်ယင်နေသည်။ မျက်ရည်များ စီးကျလာသည်။

"မင်းက ငါ့ရင်သွေးတဲ့လားဟယ် ... ဟမ်း"

ထိုလက်လေးကိုကြည့်ရင်း တီးတိုးဆိုညည်းနေမိသည်။ သူမ ပျော်ပါသည်။ လောကမှလူများ ရင်သွေးကို ဝမ်းနှင့်လွယ်ပြီး ဆယ်လမျှ သယ်ဆောင်ထားခဲ့သည့် ခံစားချက်ကို သူမ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ခန္ဓာအစိတ်အပိုင်းလေးတစ်ခု ယခုလို ပြင်ပ၌ ရှင်သန်နေသည်ကို တွေ့ရ၍ ပီတိဖြစ်သည်။ ကျေနပ်နေသည်။

သူမက ထိုရှင်သန်နေခြင်းကိုကြည့်ရင်း ငိုနေမိသည်။ အမှတ်မထင်ပင် သူမ၏မျက်ရည်လေးတစ်စက်သည် ထိုအပင်လေးပေါ် ပြုတ်ကျသွားခဲ့သည်။

ချက်ချင်းဆိုသလိုပင် အပင်လေးမှာ လင်းလက်သွားရသည်။

"မင်း အသက်ရှိနေပြီလားဟင်"

ပီတိကြောင့် ထွက်လာသောမေးခွန်းမို့လို့ အသံကကြင်နာမှုအပြည့်။ ကျောက်ဂူတွင်းမှာတော့ တည်ကြည်ငြိမ်းချမ်းမှုနှင့် ပီတိတို့ ပြည့်အိုင်ထွန်းနေခဲ့သော်လည်း အုံးရွာ၌ မီးတုတ်တကားကားနှင့် ရွာသားအားလုံးမှာ ပွက်လောရိုက်နေကုန်ကြသည်။

ထိုလူများ၏ဝေဖန်ချက်က တစ်ခုတည်း။


"ဒါ ... သအိုဇာဆိုတဲ့ စုန်းမရဲ့လက်ချက်တဲ့လေ"



# ဆယ့်ရှစ်နှစ်ကြာပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

လသာသောညတစ်ညဖြစ်သည်။ သဒ္ဒိဇာသည် လူတစ်ရပ်ခန့် သစ်ပင်ကြီးဘေးတွင် တင်ပျဉ်ခွေထိုင်ကာ ထိုသစ်ပင်အား မမှိတ်မသုန် စိုက်ကြည့်နေသည်။

အပေါက်သဖွယ်ဖြစ်နေသော ကျောက်သားနံရံပေါက်ကြီးမှတစ်ဆင့် ဂူထဲသို့ နေ၏အပူရောင်၊ လ၏အအေးရောင်နှင့် လေမင်းက ကျီစယ်နေသည်။

မိုးဖွဲလေးများကပါ ထိုအပင်သို့ ညစဉ်ညတိုင်း ကရုဏာပေးခဲ့သည်မှာ ယခုဆိုလျှင် ဆယ့်ရှစ်နှစ် တိုင်ခဲ့ပါပြီ။

သဒ္ဒိဇာသည် သားချော့တေးတစ်ပုဒ်ကို ညည်းတွား



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထိုသားချော့တေးသည် ပတ်ဝန်းကျင်တစ်ခုလုံး ကြောက် မက်ဖွယ်ကောင်းလောက်အောင် လွှမ်းမိုးနေသည်။

နေ့အချိန်ဆိုလျှင် ဂူတံခါးပိတ်အိပ်ပြီး ညအချိန်မှ နိုးထ ရှင်သန်ရသည်က သအိုဇာ၏ဘဝဖြစ်သည်။

လူတွေက မိမိအပေါ် မကောင်းဆိုးဝါးဟု ထင်မြင်ကြ သည်။ ထို့ကြောင့် လူတွေမြင်မှာစိုး၍ နေ့အချိန်၌အိပ်ပြီး ညအချိန် မှသာ အပြင်ထွက်လေ့ ရှိခဲ့သည်။ အရင်တုန်းကတော့ ဒါကို တကူးတက ကျင့်ယူခဲ့ရသော်လည်း ယခုတော့ အသားကျနေပါ ပြီ။

ညအချိန်မှ ဂူပြင်ထွက် အသီးအရွက်ရှာပြီး ဂူထဲသို့ သယ်ဆောင်လာတတ်သည်။ ပြီးနောက် . . . လရောင်၊ နေရောင်၊ လေနှင့် မိုးတို့နှင့် မိတ်ဆွေဖြစ်နေပုံရသော မိမိ၏သားငယ် သစ် ပင်ကို ပီတိဟုန်ဟုန်ဖြင့် တစ်ချိန်လုံး ထိုင်ငေးနေတတ်သည်။

ပြီးတော့ သားချော့တေးကို ညည်းနေတတ်သည်။ ပြီးနောက် . . . ရောက်တတ်ရာရာ ပြောဆိုနေတတ်သည်။

ဖွံ့ဖြိုးမှုအားနည်းသော ထိုသစ်ပင်လေးမှာ လူ့ပုံသဏ္ဌာန် ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်ရှိသည်။ လက်နှစ်ဖက်သဏ္ဌာန် အကိုင်းအခက်နှစ်ခုရှိသည်။





ဒါ . . . တစ်ချိန်က သူမပိုင်ဆိုင်ခဲ့သည့် လက်ျာမျိုးပါ။ ခေါင်းရှိသည်။ ပြီးနောက် . . . လည်ပင်း၊ နားရွက်၊ ခြေထောက်။ လူတစ်ယောက်၏အင်္ဂါရပ် ပါရှိနေသည်။

လူနှင့် မတူတာဆိုလို့ ကိုယ်ထည်ပိုင်း၌ အရွက်များ ရှိနေခြင်းပင် ဖြစ်သည်။ ထိုအရွက်များသည် စိမ်းနုပြီး ကွမ်းရွက် ပုံသဏ္ဌာန်အရွယ်အစားရှိသည်။

လူတစ်ယောက်ကဲ့သို့ နက်မှောင်သောဆံပင်များ မရှိ သော်ငြား အုန်းခွံကဲ့သို့ အမျှင်တန်းများရှိသည်။ အစိမ်းရောင်မျက်စိ ရှိသည်။

သို့သော် ထိုမျက်လုံးသည် ဘယ်သောအခါမျှ မျက် တောင်မခတ်ချေ။ ဖြောင့်စင်းသောနှာတံ ရှိသည်။ သို့သော် . . . ထိုနှာခေါင်းတွင် ဘယ်သောအခါမှ ဝင်လေထွက်လေ မရှိ ချေ။

နှုတ်ခမ်းရှိသည်။ သို့သော် ထိုနှုတ်ခမ်းက စကားမဆိုဘဲ အစဉ်ပြုံးနေတတ်သည်။ ပြန့်ကားသောမေးရိုးကို ပိုင်ဆိုင်သည့် အစိမ်းရောင်လူသားဖြစ်သည်။ အရှက်ကို ကြီးမားသော သစ်ရွက် ကြီးနှင့် ကာကွယ်ထားသည်။

ထိုအစိမ်းရောင်လူသားသည် ဖြစ်တည်လာကတည်းက



www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ မလှုပ်မယှက်ပင်ရပ်နေသည်။ ရွှေ့ပြောင်းသွားလာလို့လည်း မဖြစ်နိုင်ချေ။ ခြေထောက်နှစ်ချောင်းရှိသော်ငြား ခြေဖဝါးတော့ မရှိချေ။ ခြေမျက်စိမှစ၍ အောက်ပိုင်းကို မြေကြီးထဲ၌ မြှုပ်နှံထားသည်။ သူ၏အောက်ခြေတွင် လှပပြန့်ကားသည့် သစ်မြစ်များ ငေါထွက်နေသည်။

တစ်ကိုယ်လုံးတွင် သေးငယ်သော သစ်ရွက်များ ပေါက်ရောက်နေသည်။ ထူးဆန်းသည်က ထိုသစ်ရွက်များသည် ဝါလွင့်ကြွေကျခြင်း မရှိခဲ့ပါချေ။ ကိုယ်ခန္ဓာပေါ်၌ သစ်ရွက်ဆယ့်ရှစ်ရွက်ရှိသည်။ တစ်နှစ်မှတစ်ရွက် ဖြစ်လာရသည့် ရွက်စိမ်းလေးတွေဖြစ်သည်။

အကြီးဆုံးသစ်ရွက်မှာ ခါးအောက်ပိုင်းကို ကာရံထားသည့် သစ်ရွက်ဖြစ်သည်။

ဒုတိယအကြီးဆုံးသစ်ရွက်မှာ ညာလက်ဖျံမှ သစ်ရွက်ဖြစ်သည်။ ကျန်သစ်ရွက်များတော့ အရွယ်မတိမ်းမယိမ်း ရှိနေကြသည်။

မိုးသည် ဖွဲနေရာမှ အားနှင့်သွန်ဖြိုးလာသည်။ ထိုမိုးရေသည် အစိမ်းရောင်လူသားလေးဆီသို့ ကျရောက်နေသည်။ သစ်ရွက်စိမ်းလေးများသည် မိုးရေကြောင့် ပိုမိုဝင်းပြောင်လာသည်။





ကြေနွံ့ သူ ပူနေပြီထင်တယ်။ သူ ပူအိုက်နေလို့ မိုးနတ်သားက မိုးသည်းပေးတာ ထင်ပါရဲ့။

"လက်ချာလေးရယ် . . . မင်း ဘယ်တော့များမှ အမေ့ကို စကားပြောမှာလဲဟင် သား။ အမေမှာ ပူဇော်လှပါပြီ ရွာသားတွေက အမေ့သားကိုတွေ့သွားရင် မိစ္ဆာဆိုပြီး မီးပုံရှို့ကြမှာစိုးလို့ အမေမှာ နေ့မထွက်ရဲခဲ့တာကြာပါပြီ၊ အမေက ခြေထောက်ရှိနေလို့ ပြေးရင် လွတ်ပေမယ့် သားက ပြေးလို့မှမရတာပဲ၊ အမေ စိတ်ပူလှပါတယ် သားရယ်"

လက်ချောင်းလေးများကို ညင်သာစွာပွတ်ရင်း တီးတိုးဆိုမိသည်။

"သား . . . မနက်ဖြန်ဆို ဆယ့်ရှစ်နှစ်ပြည့်ပြီနော်၊ မနက်ဖြန်တော့ အသက်ဝင်လာဖို့ အမေမျှော်လင့်ပါတယ်၊ သား . . . အခု ဘာလုပ်နေတာလဲဟင်၊ လေနတ်သားနဲ့ စကားပြောနေတာလား၊ ဟင်း . . . လေနတ်သားက တစ်ခါတစ်ရံ ဒေါသကြီးတတ်တယ်၊ ဒါပေမဲ့ . . . သူက သဘောကောင်းတယ်၊ အမေတော့လေ လနတ်သားကို အချစ်ဆုံးပဲ၊ လနတ်သားနဲ့ စကားပြောရတာကို ပျော်တယ်၊ ပြီးတော့ လနတ်သားက ချောတဲ့လူပါ၊ အမေတော့ လနတ်သားကို ရင်ထဲထားမိတယ် ထင်ပါရဲ့၊ သားရဲ့မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



လနတ်သားနဲ့ဆင်တယ်၊ လနတ်သားက အပြာရောင်ဖြစ်နေလို့ သား၊ အစိမ်းရောင်ဆို သားနဲ့အမြှာလို့ ထင်ရတယ်၊ သား အသက်ရှင်လာဖို့ အမေမျှော်လင့်နေတယ်၊ သား အသက်ရှင်လာမယ့်နေ့ကိုလည်း စိတ်ဝင်စားမိတယ်၊ သားက ဘယ်လိုအရာတွေကို ခေါ်ဆောင်လာမှာလဲ၊ ဘာဖြစ်လာမှာလဲ၊ ဘယ်လိုအသီးမျိုး သီးမှာလဲ၊ ဘယ်လိုပန်းကို ပွင့်မှာလဲ၊ အမေတော့ အတွေးနဲ့တင် သားကို ချစ်လှပါပြီ''

ပြောပြောဆိုဆိုပင် လူ့စိမ်းကိုယ်ပေါ်မှ မိုးရေစက်များကို ပဝါနှင့် သုတ်ပေးနေသည်။

''အဘသာရှိရင် ဘာပြောမလဲမသိဘူး။ သားရဲ့အဘိုးကလေ သိပ်ကိုချစ်ဖို့ကောင်းတာ၊ တောထဲကနေ အမေ့ဖို့ ပန်းတွေ ခူးလာပေးတယ်၊ နွားကျောင်းရင်း အကျီတွေ ချုပ်လာပေးတယ်၊ ပြီးတော့ ... အမေစားဖို့ ဟင်းတွေရှာလာတယ်၊ အဘိုးပြုံးရင် အမေ သိပ်ပျော်ခဲ့တာ၊ အဘိုးက အမေ့ကို သိပ်ချစ်ခဲ့တာ၊ ဒါပေမဲ့ ခုတော့ မရှိတော့ပါဘူး။ အဘ ဘယ်ကိုရောက်နေသလဲဆိုတာ လေနတ်သားများ သိနိုင်မလား။ သားရယ် ကံပါလာလို့ ဆုံစည်းကြရတာပါ။ သားနဲ့အမေရော ဘယ်အချိန်ထိ ကံပါနိုင်ပါ့မလဲ၊ အမေ စိတ်ဝင်စားမိတယ် သားရယ်၊ တစ်ခါတစ်ရံတော့ သားနဲ့





အမေ ခုလိုပဲ နေသွားချင်တယ်၊ သား အသက်ရှင်လာရင် တစ်စုံတစ်ခု ထူးလာမယ်ဆိုတာ အမေ သိတယ်၊ အဲဒီနေ့ရက်တွေကို အမေ ရင်ဆိုင်ဖို့ခက်တယ်သားရယ်၊ လူတွေနဲ့ ပတ်သက်ရမှာ ကြောက်တယ်၊ သားအသက်ရှင်လာရင် မဖြစ်မနေ လူတွေနဲ့ ပတ်သက်ရဦးမယ် ထင်တယ်''

ပြောရင်းဆိုရင်းပင် မျက်ရည်များ စီးကျလာသည်။ အာရုံထဲ၌ မီးလောင်နေသော တဲအိမ်လေးကိုသာ ဝိုးတဝါး မြင်ယောင်မိနေသည်။

အဘကို လွမ်းလိုက်တာ။ အဘရဲ့မြေပုံလေး ဘာဖြစ်နေပြီလဲ။ အဘနဲ့နေခဲ့တဲ့နေရာလေးမှာရော ဘယ်သူတွေ နေကုန်ကြပြီလဲ။

ထိုသို့ အတိတ်ကိုစဉ်းစားမိတော့ သူမဘဝထဲ အဘက ထင်ထင်ရှားရှား ရှိနေပြန်သည်။ အလောင်းကို လက်နဲ့ပိုက်ပြီး သင်္ဂြိုဟ်ခဲ့သော်လည်း အဘက ဒီကမ္ဘာကြီးထဲ ရှိနေတုန်းလိုပင် ခံစားရသည်။

အဘကို လွမ်းတဲ့စိတ်ကြောင့် မျက်ရည်များ ထိန်းချုပ်မရအောင် သွန်းဖြိုးလာသည်။ ထိုမျက်ရည်များသည် မြေပြင်ပေါ်သို့ ပေါ်ထွက်နေသော သစ်မြစ်စတစ်ခုပေါ် ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် မျက်လုံးလေးက ပုတ်ခတ်လာသည်။ ဒါကိုမှ ငိုယိုနေသော သအိုဇာက မသိလိုက်တော့ချေ။



## အခန်း (၁၁)

"ဟော့ . . . မနက်ဖြန် ဒေါ်ကြီးသဲပုံတို့လယ် ကောက်[illegible]တ်တဲ့နော်"

အေးမာကပြောလျှင် လက်ဖက်ဝိုင်းစားနေကြသော [illegible]မေများမှာ အေးမာထံ မော့ကြည့်လာသည်။

"ဒေါ်ရင်ရွှေတို့လယ်နဲ့ အံကိုက်ပါလား"

"ဟုတ်ပ။ ငါတော့ ဒေါ်ကြီးသဲပုံတို့လယ်ကို မသွားချင်ဘူး။ တောင်ခြေမှာကြီးတဲ့ရွာနဲ့ ဝေးတယ်၊ အသွားသာ သိသာပေမယ့် အပြန်တော့ ရွာကထွက်ပြေးနေသလိုပဲ"

"ငါတော့ ဒေါ်နုင်းတင်တို့လယ်မှာ ပုတ်ပြတ်စိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြောထားလိုက်ပြီ''

''စရိုက်ငြိမ်းလား''

''အင်း ‥ ဒေါ်နှင်းတင် ချက်ကျွေးမယ်ထင်ပါရဲ့''

''ကောင်းပဲ့၊ ဒေါ်နှင်းတင်က အချက်အပြုတ်ကောင်း

တယ်ဟဲ့''

''ဒီလက်ဖက်က ကောင်းလိုက်တာဟယ်၊ ဘယ်က

''ရှမ်းပြည်က တော်ရေ အညွန့်လေးတွေချည်း

ကိုယ်တိုင် ထုထောင်းပြီး နှပ်ထားတာ''

လုံမတို့အုပ်စုရဲ့စကားဝိုင်းက ရောက်တတ်ရာရာ

သည်။

''ဟဲ့ … ဒါနဲ့ ငါ ပြန်သွားရင် ဆန်တစ်ပြည်လော

ခဏချေးပါဟယ်၊ ဦးအောင်မြတို့ယာကစက်က သန်ဖက်

လှည့်မှာတဲ့''

''အေးပါဟယ်၊ ယူသွားပါ''

''မင်းအိမ်က ဆန်က ချင်းသုံးပဲ မဟုတ်လား''

''မဟုတ်ဘူးဟဲ့ … မနော်ဟရီ၊ နည်းနည်းတော့

တယ်''

''ဘယ်လိုဖြစ်ရတာလဲ၊ မင်းတို့လယ်က ချင်းသုံး





ကြဲတာ မဟုတ်လား''

''ဟုတ်တယ် … အေးပုတို့လေ ဆန်တစ်ခွဲချေးသွား

တာ၊ သူတို့ က မနော်ဟရီစားတော့ မနော်ဟရီပဲ လာဆပ်သွားလို့

စားလို့ကောင်းပါတယ်၊ အပြောင်းအလဲပေါ့''

''ဟဲ့ … ဒါနဲ့ စကားမစပ်ပြောရဦးမယ်၊ အနောက်

တောင်က မြင်ရတဲ့ မီးတွေအကြောင်းလား''

''အေး … ပြောပါဦး''

''မင်းတို့ သတိထားမိရဲ့လား၊ အဲဒီမီးတွေက တဖြည်း

ဖြည်း မတောက်ပတော့ဘူးနော်''

''ဟုတ်ပဲ့ … ငါတို့ငယ်တုန်းကဆို လင်းလိုက်တာ

ရွာထဲကိုတောင် အရောင်ဟပ်တယ်''

''အံ့ဩဖို့ကောင်းတယ်နော် … ညမှာသာ အသားကုန်

လင်းတာ ဘယ်နေရာက လင်းတာလဲလို့ ရှာပြန်တော့လည်း

မတွေ့ဘူး။ နေ့အချိန် ဘယ်လောက်ပဲ တောနင်းရှာရှာ မတွေ့ဘူး၊

ကောတိဆိတ်ငြိမ်လို့ပဲ''

''လူကြီးတွေပြောတော့တော့ သအိုဇာကြောင့်လို့ ဆို

တာပဲ၊ ငါ ငယ်ငယ်က အဲဒီမိန်းမကြီးကို တွေ့ဖူးတယ်၊ လက်

သုံးချောင်းပါတယ်၊ လက်တစ်ဖက်ကို အင်္ကျီထဲမှာထားတာ၊ အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဖားဖားကြီး မြင်လိုက်တာနဲ့ စုန်းမသိုဟာ ငြင်းစရာမှ ပါဘူးဟယ်''

''သူက ဘယ်ပျောက်သွားတာလဲ''

''သိပါဘူးဟယ်၊ ကောင်းကောင်းမမှတ်မိတော့ဘူး''

''ဟဲ့ . . . ဒါနဲ့ မိုးလုံးကဲ့ရွာအကြောင်း ပြောဦးမယ် အဲဒီရွာမှာလေ လူပျိုစုန်းတွေ ခေတ်ထနေတယ်ဆိုပဲ''

''အေး . . . ကြားသားပဲ၊ နင်တို့ သတိထားကြဦးနော် ရွာပြင်ထွက်ပြီး ကောက်စိုက်ကြရမှာနဲ့ မိုးလုံးကဲ့ရွာစပ်ကို မျက်လုံး လေးဝင့်ပြီးမှကို မကြည့်မိစေနဲ့''

လုံမအုပ်စုမှာ လက်ဖက်လေးစားရင်း ရောက်တတ်ရာ ရာပြောနေကြခိုက်တွင် အသက်ဆယ့်သုံးနှစ်အရွယ် ကလေးငယ် တစ်ဦးသည် ထိုအုပ်စုနားသို့ အမောတကော ပြေးကပ်လာ၏။

''အစ်မနှင်းအေး . . . အစ်မအေးလှတို့''

''ဟယ် ပုတု . . . အမောတကောနဲ့ ဘာဖြစ်လာတာတုံး''

''သရက်ချောင်း . . . သရက်ချောင်း''

''ဟဲ့ . . . ဖြည်းဖြည်းပြောပါ၊ သရက်ချောင်း ဘာဖြစ်လို့ လဲ''

''ရေ ရေတွေ မစီးတော့ဘူး''





''ဟာမ်''

အံ့သြတကြီးပင် လုံမငါးယောက်မှာ ထရပ်လိုက်ကြ သည်။ မတိုင်ပင်ထားပါဘဲ သရက်ချောင်းသို့ ဦးတည်ပြေးနေကြ သည်။ လယ်လုပ်ကောက်စိုက်ချိန် မိုးတွင်းဖြစ်သည်။ သရက် ချောင်းက တောင်ကျချောင်းရေမို့ မိုးအခါဆို ရေစီးသန်ပြီး မိုးများ ချိန် များသလို ရေကြီးရေလျှံမှုများ ရှိတတ်သည်။

မနေ့ကပဲ ရေများလွန်း၍ ကူးဖြတ်မရသည့် သရက် ချောင်းက အခုတော့ ဘာတွေဖြစ်ကုန်တာလဲ။ လုံမငါးယောက်တို့ သရက်ချောင်းနှုတ်ခမ်း၌ ရွာသားတွေကို တွေ့ရသည်။

အသက်ရှစ်ဆယ်ကျော် လူကြီးမှစ၍ မွေးကင်းစကလေး ငယ်အရွယ်ထိ ရွာလုံးကျွတ်နီးပါး ဖြစ်သည်။

''ဒါ . . . ဟိုစုန်းမလက်ချက်ပဲ ဖြစ်ရမယ်''

ရွာလူကြီး ဦးအောင်မြ၏အသံ ဖြစ်သည်။

''သူပဲပေါ့ ကိုအောင်မြရယ်၊ သူကလွဲလို့ ဘယ်သူဖြစ် နိုင်မှာလဲ၊ ဒီစုန်းမကလည်း ဒီလောက်ငြိမ်နေလို့ သေပြီမှတ်နေ တာ၊ ကျိန်းသေပေါက် ကျွန်မတို့ရွာနားမှာပဲ ရှိနေရမယ်''

''ဟဲ့ . . . သတိလည်းထားကြဦးနော်၊ ရေကိုတောင် သူ့အမိန့်နဲ့ ရပ်နိုင်မှတော့ တော်တော်စွမ်းနေလောက်ပြီ''



www.burmeseclassic.com

www.burmeseclassic.com



အုံးရွာတစ်ရွာလုံးမှာ ထိတ်လန့်ချောက်ချားမှုအပြည့်နှင့် ချောင်းရေကို ငုံ့ကြည့်နေကြသည်။ ချောင်းရေသည် အုံ့ဩစရာကောင်းလောက်အောင်ပင် တည်ငြိမ်နေသည်။

မနေ့က မိုးသည်းထန်စွာ ရွာထား၍ ဒီနေ့တော့ ချောင်းရေက လှိုင်းလုံးများနှင့် အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေရမည်လေ။ အခုတော့ ဘယ်လိုဖြစ်ရတာလဲ။ ဘာကြောင့် အိုးထဲမှရေလို မလှုပ်မယှက် တည်ငြိမ်နေရတာလဲ။

''မုန်းချောင်းရော စီးရဲ့လား''

''စီးတယ်၊ မုန်းချောင်းတော့ ပုံမှန်ပဲ''

ထိုဖြေသံကြားရသည်တွင် ပို၍ ထိတ်လန့်မိသည်။ ဘာဖြစ်တာလဲ၊ ဘာလဲဆိုသည်က ပဟေဠိပေါင်းများစွာ။

''ကဲ ကဲ ကဲ . . . အားလုံးပဲ ချောင်းနဲ့ဝေးဝေးနေကြ တစ်ခုခုပိတ်နေလို့ မစီးတာလည်း ဖြစ်နိုင်တယ်၊ အဲဒီအပိတ်ပွင့်သွားရင် ရွာကိုတောင် ရိုက်ခတ်နိုင်တယ်၊ ဒီချောင်းမှာ ကလေးတွေကို ရေမချိုးစေနဲ့နော် သတိထား''

ရွာလူကြီးဦးအောင်မြတ် သတိပေးစကားအဆုံးတွင် ရွာသားများ၏ဝေဖန်ပြောဆိုသံများ တစ်ယောက်တစ်ပေါက်ကြွပ်ကြွပ်ညံလာသည်။





ဦးအောင်မြက ရွာလူကြီးပီပီ ဦးဆောင်ထွက်ခွာခဲ့ရာ ရွာသားများပါ ဦးအောင်မြနောက် တတွေတမကြီး လိုက်လာကြသည်။

ရွာသားအုပ်စုကြီး ကမ်းနဖူးနဲ့ ကျဲပါးစပြုလာသည်။ ကျဲပါးစပြုလာရာမှ တစ်ယောက်မျှ မကျန်တော့သည့်အခြေအနေတွင် ချောင်းရေသည် လှုပ်လာသည်။ လှုပ်လာရာမှ ဝဲဂယက်သဏ္ဌာန် အကွင်းအပွက်များ ထလာသည်။ ပြီးနောက် စုပ်ဝဲသဏ္ဌာန်ရေများကို ဆွဲယူနေသည်။

ခဏကြာပြီးနောက် မှုတ်ဝဲသဏ္ဌာန်ရေများကို ပင့်တင်လာပြန်သည်။ ရေသည် မည်းညစ် နောက်ကျိနေ၏။ မျောပါလာသော အမှိုက်သရိုက်များကို ကမ်းပေါ်သို့ ယက်တင်နေသည်။ ပြီးနောက် ရေသည် စုန်မချတော့ဘဲ ဆန်တက်သောအဆင့်သို့။

သို့သော် ဤအချင်းအရာကိုမူ ရွာသားများ မသိလိုက်ချေ။ နေသည် တဖြည်းဖြည်း ညိုသွားသည်။ အလင်းရောင်သည် တဖြည်းဖြည်း မှေးမှိန်သွားပြီး အမှောင်ထုက ကြီးစိုးရန် အားယူလာသည်။

ရွာသားများသည် ဆန်နေသော ရေစီးကြောင်းအကြောင်းကိုလည်း မသိလိုက်သလို၊ အိပ်တန်းဝင်ငှက်များ



www.burmeseclassic.com

www.burmeseclassic.com



ပျံပြေးနေသည်ဆိုတာလည်း မသိလိုက်ပါ။

လေသည် အထူးငြိမ်ချက်သားကောင်းနေ၏။ လေမင်းသားမှ အသက်ရှိလေရော့သလားဟု သံသယဝင်စရာ။ လှုပ်ရှားနေရမည့် သစ်ရွက်များသည်လည်း အထူးငြိမ်သက်နေသည်။

အသက်မရှူရဲသည့် လူတစ်ဦးပမာ အရွက်များသည် တုတ်တုတ်မျှမလှုပ်။ သို့သော် ထိုသို့ထူးဆန်းမှုအားလုံးကို ရွာသားများ သတိမပြုမိကြပါချေ။



## အခန်း (၁၂)

လရောင်သည် အနားယူအိပ်စက်နေရာမှ လန့်နိုးရှင်သန်လာသည်။ မိမိကိုယ်ပေါ် ဖုံးအုပ်ထားသည့် တိမ်စိုင်များကို ဖယ်ရှားပြီး ကြိုးစားမယ်းစား ရုန်းထွက် ရှင်သန်လာသည်။

လသည် တိမ်စိုင်မည်းများ၏အရှင်သခင် ဖြစ်ခဲ့ရပါသည်။ လရောင်နှင့်အတူ နိုးထရှင်သန်သူများရှိ၏။

မှန်ပါသည်။ ချုံနွယ်ထူထဲသည့် တောထဲမှ ကျောက်ဂူလေးတစ်လုံးဖြစ်သည်။

တောခွေးအ,တို့၏အသံများက မျောက်လွှဲကျော်တို့၏အသံနှင့် အပြိုင်ညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အူး'

တိရစ္ဆာန်တို့၏အော်သံသည် သာယာသံပေပဲလား။ ကြောက်မက်ဖွယ်ပဲ ကောင်းနေရော့သလားဆိုတာ မပြောတတ်တော့ပါ။

တောကြောင်တစ်ကောင်သည် မျက်စိလည်လမ်းမှားပြီး ကျောက်ဂူအနားရစ်ဝဲလာသည်။

အိပ်တန်းဝင်ငှက်ငယ်လေးများ ခေါင်းထောင်လာ၏။ ငှက်လေးများသည် ပြူးသည့်ပြူးကြောင်နှင့် ဟိုဟိုဒီဒီ ကြည့်နေကြသည်။ ကြောင်ပါးရဲ့အန္တရာယ်ကိုများ စိုးရွံ့နေကြသလား။ ကြောင်ပါးကလည်း ကိုင်းများက ငှက်ငယ်များကို အလွတ်မပေးစတမ်း စိုက်ကြည့်နေသည်။ ထိုမျက်လုံးတွေက သွေးဆာနေသယောင်ဖြစ်၍ ကြောက်မက်ဖွယ်အတိပင်။

ငှက်ကလေးများသည် တစ်ကောင်နှင့်တစ်ကောင် ပူးကပ်သွားသည်။ အန္တရာယ်ရန့်ကို ရှူရှိုက်မိနေ၍လား။

''ဂျိမ်း''

ကျောက်ဂူတံခါး ပွင့်သွားသောအသံကြီးဖြစ်သည်။ သွေးဆာနေသောကြောင်ပါးမှာ လှစ်ခနဲ ပျောက်ကွယ်သွားသည်။ သားကောင်ရှေ့မှာတော့ မင်းမူကာ မားမားကြီးစိုက်ကြည့်နေတဲ့





ကြောင်ပါးက မိမိသားကောင်ဖြစ်ရမယ့်အရေးကိုတော့ အရှောင်အတိမ်း မြန်လွန်းလှသည်။

''ဟူး . . . ဒီနေ့ ဆယ့်ရှစ်နှစ်ပြည့်တဲ့ရက်ပဲ''

အိပ်ရေးဝ၍ စိတ်ချမ်းချမ်းသာသာ လွတ်လာသောအသံတစ်ခု ဖြစ်သည်။ သအိုဇာက အိပ်ရေးဝသော်ငြား ငှက်ငယ်တစ်အုပ်တော့ ငိုက်မြည်းနေသည်။

သို့သော် ငှက်ငယ်များသည် ငိုက်နေရာမှ ရုတ်တရက် ခေါင်းမတ်လာကြသည်။ ပုန်းခိုနေသောကြောင်ပါးသည်လည်း ထိတ်လန့်ချောက်ချားစွာ တောင်စဥ်ရေမရ ကြည့်နေသည်။ မျောက်လွဲကျော်အူသံလည်း ရုတ်တရက်ရပ်သွားသည်။ ခွေးအအူသံကို စိုးစဥ်းမျှ မကြားရတော့ပါ။

တောတစ်ခုလုံး ကြောက်စရာ ကောင်းလောက်အောင် တိတ်ဆိတ်သွားသည်။ တီးတိုးညည်းဆိုတတ်သည့် ခပ်ငပုတ်သည်လည်း ဒီနေ့တော့ အထူးတိတ်ဆိတ်နေသည်။ ပုရစ်အော်သံကျူးကျူးကျောက်ကျောက်ပင် မကြားရ။

သက်တမ်းရင့် အုန်းနှံပင်ကြီးပေါ် ခွေရစ်နေနေသော စပါးကြီးမြွေ၏ခေါင်းသည် မတ်လာသည်။ တစ်ခုခုကို စောင့်ဆိုင်းနားစွင့်နေပုံမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းနဲ့မတူသော တိတ်ဆိတ်ခြင်းကြောင့် အညှောင်းဆန့်နေသော သအိုဇာမှာ ထိတ်လန့်သွားသည်။ မှောင်မည်းနေသော တောင်တန်းတစ်လျှောက် ဟိုဟိုဒီဒီ ကြည့်နေမိသည်။ လေသည် အထူးငြိမ်သက်နေသည်။ တိမ်တွေလည်း ရွေ့ဆိုင်းခြင်းမရှိ။ လမင်းသည် ပြေးလွှားခြင်းမရှိ ငြိမ်သက်နေသည်။

ထူးဆန်းမှုအနံ့အသက်ကို သအိုဇာ ရှူရှိုက်လိုက်မိသည်။ ထိုထူးဆန်းမှုကြီးက အထွေအထူး စဉ်းစားရန်မလိုပါချေ။ သေချာသည်။

သူမရဲ့သား လက်ျာကြောင့်ပဲပေါ့။ ဒီနေ့ လက်ျာရဲ့အသက် ဆယ့်ရှစ်နှစ်ပြည့်တဲ့ညလေ။ ဒါ . . . လက်ျာကြောင့်ပေါ့။

"မင်း ဆယ့်ရှစ်နှစ်တော့ သူ့ကို စောင့်ရှောက်ရမယ်၊ သူက အခြားစားမှာမဟုတ်ဘူး။ သစ်ပင်ဖြစ်တဲ့အတွက် ကြီးထွားရှင်သန်ဖို့ မြေဆီမြေနှစ်တော့ ကျွေးဖို့လိုမယ်၊ ဒါမှ ရောဂါဘယရှင်းလိမ့်မယ်၊ ငါတို့ရည်မှန်းချက်တွေ မြန်မြန်ပြည့်လိမ့်မယ်"

နေနတ်သား၏စကားများကို ပြန်လည်ကြားယောင်မိသည်။ သူမ သည်းခံရကျိုးနပ်ပါပြီ။ ညစဉ်ညတိုင်း တော်လည်သည်။

အသီးအနှံရှာရင်း မြေခွေးများကို သယ်လာကာ အပင်





ခြေရင်းတွင် နေ့တိုင်း ဖို့ခဲ့၍ ယခုဆိုလျှင် အပင်ရှိရာ အောက်ခြေသည် တောင်ပို့သဖွယ် ဖြစ်နေခဲ့ပါပြီ။ လက်ျာသည် သူမ၏စေတနာမေတ္တာတွေကြောင့် ကြီးထွားရှင်သန်သည်။ ပိုးကောင်တစ်ကောင်မတက်အောင် စောင့်ရှောက်၍ ခန္ဓာကိုယ်က စင်းလုံးချောပြည့်စုံသည်။

"ငါတို့ဆန္ဒတွေပြည့်ပြီ လနတ်သား"

အသံကိုမြှင့်ပြီး လနတ်သားကြားအောင် ပြောလိုက်သည်။ ကျိန်းသေပေါက် လနတ်သားက ပြုံးပြီးကြည့်နေလိမ့်မည်။

သူမ ဂူထဲသို့ တည်ငြိမ်သောခြေလှမ်းများနှင့် ဝင်လာသည်။ ဒါတွေ တစ်နေ့ဖြစ်လာမှာပဲဆိုတာ ကျိန်းသေသိနေ၍ ပျော်ရွှင်မှုတွေကို ရင်ထဲ၌ သိုဝှက်သိမ်းဆည်းနိုင်ခဲ့သည်။ ခြောက်ပေခွဲခန့်မြင့်သောလူ သစ်ပင်ခြေရင်းတွင်ရပ်ကာ မော့ကြည့်သည်။

လက်ျာက မပြောင်းလဲပါချေ။ ခါတိုင်းလိုပင် နှုတ်ခမ်းက ပြုံးနေဆဲ။ မျက်လုံးတွေက ငြိမ်သက်နေဆဲ။ သူမ သံသယဝင်လာ၏။ ဘာဖြစ်တာလဲ။ ဘယ်နေရာက မှားနေတာလဲ။ ပတ်ဝန်းကျင်က ထူးဆန်းနေပါပြီ၊ အဲဒီ ထူးဆန်းမှုတွေက လက်ျာကြောင့်ဆိုတာ အတတ်သိသည်။ အခုတော့ လက်ျာက ဘာမှ ထူးဆန်းမနေပါ။ ဘာသဘောလဲ၊ ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး လက်ျာ"

လက်ဖျံကိုကိုင်ပြီး လှုပ်လိုက်သည်။ ထိုသို့ လှုပ်နေရင်း မျက်နှာကို စေ့စေ့ကြည့်ပြီး အကဲခတ်သည်။ လှုပ်ရှားမှုစိုးစဉ်းမျှ မရှိချေ။ ပြုံးနေသော နှုတ်ခမ်းက ပြုံးမြဲပင်။

"သားလေး လက်ျာ၊ မင်း အမေ့အသံကိုကြားရဲ့လား။ အမေပြောနေတာကို ကြားရဲ့လား"

တုတ်တုတ်မျှ မလှုပ်။ သအိုဇာရင်ထဲ ဝမ်းနည်းလာသလို ခံစားရသည်။ အမှန်ဆိုလျှင် ဒီနေ့ဟာ သားအသက်ရှင်လာရမယ့် နေ့ပါ။ ဘာကြောင့်လဲ၊ ဘာမှားနေလို့လဲ။ ဒါမှမဟုတ် နတ်သားလေးပါးတို့ရဲ့ယူဆချက်တွေ မှားနေတာလား။ ဒါမှမဟုတ် ပြုစုပျိုးထောင်ခဲ့တဲ့ သူမရဲ့ချွတ်ယွင်းချက်ကြောင့်လား။ ဘယ်နေရာမှာ ဘာမှားနေပြီလဲ။

"သားရယ် . . . အမေပြောတာကို သားကြားရဲ့လားဟင် ကြားရင် တစ်ခုခုပြန်ပြောပါကွယ်၊ အမေ့ကို တစ်ခုခုပြန်ပြောပါလား၊ အမေ့ရင်ခွင် ပူလှပြီ သားရယ်"

ပြောရင်းဆိုရင်းပင် မျက်ရည်ကျလာသည်။ အကယ်၍ တစ်ခုခုလွဲမှားနေလို့ သားက အသက်မရှင်လာဘူးဆို ဘာဖြစ်မလဲ။ သာမန်သစ်ပင်တွေလို ညှိုးရော်ခြောက်သွေ့ပြီး အချိန်တန်လာရင်





သေဆုံးသွားမှာလား။ ဒါဆိုရင် သူမရဲ့မျှော်လင့်ချက်ကရော နတ်သားလေးပါးအတွက် ဖြည့်ပေးချင်တဲ့ဆန္ဒကရော။ သားက အသက်ရှင်လာလျှင် စကားပြောဖော်လေးရှိလာမည်။ သူမရဲ့ အတိတ်အကြောင်းကို သားကိုပြောပြမည်။ သားရဲ့စကားသံကို နားထောင်မည်။ သားကို ကြားခံနယ်လုပ်ပြီး နတ်သားလေးပါးနှင့် စကားပြောမည်။ ဒါက သူမရဲ့မျှော်လင့်ချက်ပါ။

ထိုမျှော်လင့်ချက်တစ်ခုကြောင့်ပင် ဆယ့်ရှစ်နှစ်တာ ကာလတစ်လျှောက်လုံး မပျင်းရိဘဲ ဖြတ်သန်းလာခဲ့ခြင်း ဖြစ်သည်။

ခုတော့ ဘာဖြစ်ရတာလဲ။ ဘာများမှားနေပြီလဲ။ အကယ်၍ သားက ဒီနေ့မှ အသက်မရှင်လာရင် ဘယ်တော့မှ မရှင်နိုင်တော့မှန်း စိတ်ထဲက အလိုလိုသိနေသည်။

စောစောက ပတ်ဝန်းကျင်အပြောင်းအလဲက သားရဲ့ ပျောက်ကွယ်ခြင်း အတိတ်နိမိတ်များလား။ တကယ်ပဲ သားက ရှင်သန်မလာတော့ဘူးလား။ ဒါဆို သူမ ဘာဆက်လုပ်ရမလဲ။ ဘာကို ဘယ်လိုလုပ်ပြီး ကျန်ရှိတဲ့ သက်တမ်းကို ကျော်ဖြတ်ရမလဲ။

သူမ အထီးကျန်လာသလို ခံစားလာရသည်။ ထိုသို့ ခံစားလာရခြင်းက ဝမ်းနည်းမှုကို ဖြစ်စေသည်။ ထို့ကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းပန်းတနည်း ငိုကြွေးနေမိသည်။

ဒီနေ့မှ မိုးစက်တွေက ဘယ်ပျောက်နေရတာလဲ။ လေနတ်သားကရော ဘယ်မှာ ပုန်းနေတာလဲ။ နေနတ်သားကရော ဘာကြောင့်ပေါ်မလာတာလဲ။ လနတ်သားကရော ဘာကြောင့် ငြိမ်ချက်သားကောင်းနေရတာလဲ။

ထိုနတ်သားလေးပါးကို လွမ်းမိသည်။ ပြင်းပြစွာ သတိရမိသည်။ လွန်ခဲ့သောဆယ့်ရှစ်နှစ်က မိမိလက်မောင်းကို ဖြတ်စဉ်ကပင် ခုလောက် ဝမ်းမနည်းခဲ့ချေ။ ခဏတာခွဲခွာခြင်းဟု နှလုံးသွင်းထားတဲ့ ထိုပေးဆပ်မှုကို ကျေနပ်သည်။

သို့သော် လက်ျာသော ရှင်သန်မလာပါက တစ်ဘဝတာထာဝရတာ ခွဲခွာကြရပြီမို့ ဝမ်းမနည်းဘဲ မနေနိုင်ပါ။ အကယ်၍ ထိုလက်မောင်းကို မဖြတ်ပစ်ရင်တောင် နောက်ထပ်နှစ်နှစ် တွေ့နိုင်ကြသေးတယ်ဟူ၍ပင်။

ကုန်လွန်ခဲ့သောအချိန်များကို တမ်းတချင်လာသည်။ လက်ျာသော ရှင်သန်မလာပါက နောက်ထပ်ဆယ့်ရှစ်နှစ်ခန့် နောက်ဆုတ်ချင်သည်။

လက်သုံးချောင်းပါ၍ စုန်းမဆိုပြီး အားလုံးက ဝိုင်းပယ်ကြခြင်းအပေါ် နောင်တမရပါချေ။ ထိုအရာကို မပြုပြင်ချင်ပါချေ။





ခံသောသည်။ ထိုလက်သုံးချောင်းကြောင့် ထိုနတ်သားလေးပါး [illegible] ဆုံစည်းခြင်းကို ကျေနပ်သည်။ ထိုအချိန်တွေကို ပြန်မပြင်ချင်ချေ။

"အကယ်၍ ဆယ့်ရှစ်နှစ်ပြည့်လို့ သူ့ဟာ အသက်မဝင်လာရင် သူ့အမြစ်ကို မင်းစားသုံးလိုက်ပါ၊ သူ့အရွက်ကို ဆေးဖော်လိုက်ပါ၊ သူ့အပင်ကို သိမ်းဆည်းထားပါ၊ သူ့အမြစ်က မင်းအတွက် ဆေးဆေး၊ မနာဆေးဖြစ်လိမ့်မယ်၊ နှစ်ပေါင်းသောင်းချီကြာသည် ဖြစ်စေ နုကိုရုပ်က မပြောင်းလဲဘဲ နုပျိုနေလိမ့်မယ်၊ သူ့အရွက်က ဆေးဖက်ဝင်လိမ့်မယ်၊ အပင်ကိုတော့ စောင့်ကြည့်ရမှာပဲ၊ အကယ်၍ သူသာ အသက်ရှင်ခဲ့မယ်ဆိုရင် တစ်ခုခုပြောင်းလဲလာလိမ့်မယ်၊ ပြီးတော့ . . . သူက အပင်များရဲ့ဘုရင် ဖြစ်လာနိုင်တယ်"

ဆယ့်ရှစ်နှစ်ကြာသွားသော်လည်း နေနတ်သား၏ စကားလုံးများက မနေ့တစ်နေ့ကလိုပင်။

တည်ငြိမ်လေးနက်သော နေနတ်သား၏ရုပ်သွင်ကို မြင်ယောင်နေမိသည်။ တည်ကြည်အေးချမ်းသော လနတ်သား၏ ရုပ်သွင်ကိုလည်း လွမ်းမိသည်။ မျက်နှာမည်းကြီးနှင့် စူပုပ်နေသော မိုးနတ်သားကိုလည်း သတိရမိသည်။ သဘောကောင်းချိန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီး စိတ်ဆိုးချိန် ဆိုးတတ်သော အပြောင်းအလဲမြန်သည့် လေနုတ်သားနှင့်လည်း စကားပြောချင်မိသည်။

သူမငိုနေသည်။ ဘယ်တော့မှပြန်မရနိုင်တော့သည့် အတိတ်ကို လွမ်းဆွတ်စွာ ငိုကြွေးမိသည်။

"နှစ်ပေါင်းများစွာ အသက်ရှင်တော့ရော ငါက ဘာလုပ်ရမှာလဲ၊ မင်းတို့တွေကို မမြင်နိုင်ဘဲ အသက်ရှင်နေတော့ရော ငါ့အတွက် ဘာထူးလာမှာလဲ၊ ဘာမှမျှော်လင့်ချက်မရှိတဲ့ ဘဝကြီးမှာနေရမှာထက်စာရင် မနက်ဖြန်ပဲ ငါ့ဆီ သေမင်းကို လွှတ်လိုက်ပါ၊ ငါ နောင်တမရဘူး"

နာနာကြည်းကြည်းပင် ပြောမိသည်။ အရာအားလုံးကို ဆုံးရှုံးရသူပမာ စိတ်လွှတ်ကိုယ်လွှတ် ငိုကြွေးမိသည်။ ထိုမျက်ရည်များသည် ...။



## အခန်း (၁၃)

သူ၏လက်မောင်းအုံတစ်ခုလုံးမှာ တဆစ်ဆစ်နာကျင်နေသည်။ တစ်စုံတစ်ယောက်က ဆွဲထား၍ ပြတ်ထွက်လုမတတ် ခံစားနေရသည်။ ထို့ကြောင့်ပင် နှုတ်မှ တီးတိုးညည်းမိသည်။ သို့သော် အသံတို့က လည်ချောင်းဝ၌ အက်ရှပျောက်ဆုံးနေသည်။ ကျယ်လောင်သောအသံနှင့် ဆူဆူညံညံအော်ပစ်ချင်သည်။ သို့သော် လှုပ်၍မရ။

ခန္ဓာကိုယ်တစ်ခုလုံးမှာ ကိုက်ခဲညောင်းညာနေသည်။ မိမိလက်ကို တစ်စုံတစ်ယောက်က ဆွဲထား၏။ နာကျင်နေသည်။

ထို့ကြောင့်ပင် ဖြစ်ချင်ရာဖြစ်ဆိုပြီး အားထည့်ကာ ဆောင့်ရုန်းလိုက်သည်။ သူကတော့ အားရှိအားကုန်ဆိုသော်ငြား



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းလေးများက လှုပ်လီလှုပ်လဲ့ပင်။

"ဟင်"

သအိဇာ အံ့ဩသွားသည်။ မိမိဆုပ်ကိုင်ထားသော လက်က ပူနွေးလာသလို ခံစားရသည်။ ထိုသို့နွေးသည့် အထိအတွေ့ကြောင့် လက်ချောင်းလေးများကို ကြည့်မိသည်။

သစ်ရွက်ပုံ လက်သည်းခွံလေးများ လှုပ်လာသည်။ လက်ချောင်းလေးများ လှုပ်လာသည်။

သူမရင်ထဲ အံ့ဩဝမ်းသာသွားသည်။ မျှော်လင့်ချက် ကုန်ဆုံးသွားပြီး ဘာမှဖြစ်မလာတော့ဘူးဆိုပြီး စိတ်ဒုန်းဒုန်းချမိရာမှ မမျှော်လင့်ဘဲ ခုလိုမြင်တွေ့ခံစားလိုက်ရခြင်းအပေါ် ကြည်နူးသလို၊ ငိုချင်သလို ခံစားရသည်။

သားကများ သူမကို ကြည့်နေလေမလား။ ထိုအတွေးက ပူပူနွေးနွေး မိခင်ဖြစ်လာသလို ခံစားရသည်။ သူမ မော့ကြည့်လိုက်သည်။ မြင်ကွင်းကြောင့် ပီတိမျက်ရည်များ စီးကျလာသည်။

"သားရယ်"

မျက်ဝန်းအိမ်သည် ဟိုမှဒီလို ရွေ့လျားနေပြီး ဒုက္ခရောက်နေသူပမာ အကူအညီတောင်းပုံမျိုးရှိနေသည်။ စိမ်းဖန့်သော နှုတ်ခမ်းတစ်လွှာမှာ ခပ်ဟဟလေးပွင့်လာသည်။





"အား"

ကျုံးအော်လိုက်သော်လည်း ထွက်လာသောအသံမှ ခပ်တိုးတိုးပင်။

"သားရယ်"

ဝမ်းသာအားရပင် လက်ဖျားကိုယ်ကို ပွေ့ဖက်လိုက်သည်။ သူ နာကျင်သွားသည်။ ပူလောင်သော အထိအတွေ့ကြောင့် သွေးကြောများ ပြတ်ထွက်သွားသလို ခံစားရသည်။ သူ အားစိုက်ပြီး ရုန်းနေသည်။ တောင့်တင်းနေသော သွေးကြောများ ရုန်းကြွလာသည်။ ထိုသို့သွေးကြောများ ရုန်းကြွလာချိန်၌ သရက်ချောင်းရေများ ပွက်လာသည်။ သူ အားရှိ အားကုန် ရုန်းသည်။ ရေစီးကြောင်းသည် ပြောင်းပြန်စီးဆင်းနေသည်။

အားထည့်သော်လည်း လှုပ်ရှားမလာပါချေ။ ထပ်၍ အားထည့်သည်။ ဆက်၍ရုန်းသည်။ လေပြင်းများ တိုက်ခတ်လာသည်။ မိုးများရွာလာသည်။ လရောင်ကြီး ပျောက်ကွယ်သွားသည်။ သူ ဆက်ရုန်းသည်။

"အား"

အော်သံနက်ကြီးတစ်ခုက တစ်တောလုံးညံသွားသည်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



အာမေဋိတ်သံတစ်ခု။ အံ့ဩပြီး မယုံနိုင်စွာကြည့်နေသော မျက်ဝန်းတစ်စုံ။ မှန်သည် သဒ္ဒိဇာဖြစ်သည်။

"ဟင့်"

အသက်ရှူသံရှည်ကြီးအောက်တွင် လေတိုက်ခြင်းမှာ ရုတ်တရက် ရပ်တန့်သွားသည်။ မိုးသည် စဲသွားသည်။ လက်ျာဘေး မျက်လုံးများ တောက်ပလာသည်။ နှုတ်ခမ်းများ ပြုံးယောင်သန်းလာသည်။

လမင်းသည် တိမ်ကြားမှ အလုအယက် ပြေးထွက်လာသည်။ ဆူပွက်နေသော ချောင်းကြီး ငြိမ်းချမ်းသွားသည်။ ပြောင်းပြန်စီးနေသော ရေစီးကြောင်းသည် တဖြည်းဖြည်း ပုံမှန်ဖြစ်လာသည်။ အိပ်တန်းဝင် ငှက်ငယ်များ ငိုက်မြည်းလာသည်။ ခေါင်းထောင်နေသော စပါးကျီးမြွေသည်လည်း ပြန်လည်ခွေအိပ်သွားသည်။

သို့သော် သစ်ပင်ပန်းမန်တို့ အရွက်များအားလုံး ဝပ်စင်းငိုက်မြည်းသွားကြသည်ကိုတော့ မည်သူမျှ ဂရုမပြုမိလိုက်ကြပါ။ ကျောက်ဂူထဲမှာတော့ သားအမိနှစ်ယောက်ရယ် ပီတိပြုံးများဖြင့် ဝေဆာနေသည်။



## အခန်း (၁၄)

"ဟော့ ဘာဖြစ်ကြတာလဲ"

မနက်လင်းတာနဲ့ တစ်ပြိုင်နက် တစ်ရွာလုံး ကြွပ်ကြွပ်ညံ တုန်ကြသည်။

"ညတုန်းက မိုးတွေရော လေတွေရော ချလိုက်တာ"

"အေး . . . ညက မိုးရွာထားရင် အပင်က အရွက်တွေက လန်းဆန်းကော့ပျံနေရမှာပေါ့၊ ခုတော့ ဘာဖြစ်တာလဲ၊ ရေမလောင်းရသလို အားလုံးညှိုးရော်လို့"

ပတ်ဝန်းကျင်တစ်ခုလုံးရှိ သစ်ရွက်များသည် အားလုံး ငိုက်ကျနေသည်။ ဒါကိုပဲ တစ်ရွာလုံး အထူးအဆန်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ... စကားများမနေကြနဲ့၊ ကောက်စိုက်သွားမှာသာ သွားကြ၊ ချောင်းကူးရင် သတိထားကြဦးနော်၊ မိုးရွာထားတာနဲ့၊ ဟွန်း ... တောင်ကျချောင်းဆိုတာမျိုးက ကြီးချင်မိရင်လည်း ချက်ချင်းပဲ"

ပြောပြောဆိုဆိုပင် ထမင်းထုပ်ကိုယ်စီနှင့် လုံမပျိုအုပ်စုအား ဖြတ်ကျော်လာသည်။

"အရီးရင်ရွှေ ဘယ်လဲ"

"လူကြီးအိမ်ပါဟယ်"

"ကျွန်မလည်း လူကြီးအိမ်ပဲသွားမလို့"

"ကောက်စိုက်မသွားဘူးလား"

"ခြေထောက်နာလို့ နားလိုက်တာ"

ပြောပြောဆိုဆိုပင် ဒေါ်ရင်ရွှေနှင့်အေးလှတို့ ဟန်ချက်ညီညီ လျှောက်လာကြသည်။ ရွာလူကြီးဦးအောင်မြအိမ်ရောက်တော့ လူတော်တော် စုံနေပါပြီ။ လူစုံပြီဆို၍ လူက များလှတယ်တော့ မဟုတ်။ စုစုပေါင်း ဆယ့်ငါးယောက်ခန့်သာရှိမည်။

လယ်လုပ်သည့် မိုးအချိန်မို့ ရွာသားများသည် လယ်ထဲဆင်းနေကြသူက များသည်။ ရွာ၏ငါးပုံတစ်ပုံမျှသာ ရွာထဲ ကျန်နေရစ်သည်။ အလုပ်မလုပ်နိုင်သေးသော ကလေးငယ်အချို့နှင့်





မိမိကိုယ်မိမိ မနိုင်တော့သည့် သက်ကြီးရွယ်အိုများသာ ကျန်ရစ်ခဲ့ကြ၏။

"ညက အော်သံတစ်ခု ကြားလိုက်သလား"

"နားလည်း မကောင်းတော့ပါဘူး။ မိုးသံလေသံနဲ့ အိပ်ကောင်းကောင်းနဲ့ အိပ်ပစ်တာ ဘာမှကိုမကြားဘူး"

"ကျုပ်တော့ ကြားတယ်"

ရွာလူကြီးဦးအောင်မြက ဆိုသည်။ ဦးအောင်မြ၏ မျက်လုံးတွေက တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသလိုပင်။ ဒေါ်သဲပုံ၏ မျက်ဝန်းတွေကပါ မငြိမ်သက် ဖြစ်နေသည်ကို ထိုင်နေသူအားလုံး သတိထားမိကြသည်။

"ညကကိစ္စက လွန်ခဲ့တဲ့နှစ်သုံးဆယ်ကျော်က ကြုံခဲ့တဲ့အဖြစ်နဲ့ တစ်ထပ်တည်းပဲ"

အားလုံးမှာ အသက်ရှူချိန်ပင် မထားတော့ဘဲ အာရုံစိုက်နေသည်။ အသက်ရှူလိုက်ရင် ထိုအသံကို မကြားရတော့မှာ စိုးရိမ်၍ ဖြစ်သည်။

"တိတိကျကျပြောရရင် သုံးဆယ့်ခြောက်နှစ်ကြာပြီ"

ဦးအောင်မြက ထိုသို့ဆိုတော့ လူအားလုံးမှာ အရိပ်အမြွက် သဘောပေါက်သလို ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကပဲ သရက်ချောင်းရောက ငြိမ်နေတယ်၊ မစီး ဆင်းဘူး။ ဒီအချင်းအရာကိုကြည့်ရင် အရင်ကထက် ပိုဆိုးတဲ့ အဖြစ်မျိုး ကျုပ်တို့ ကြုံတွေ့ရတော့မယ်"

ဦးအောင်မြစကားကြောင့် နားထောင်ရသူများအားလုံး ကြက်သီးထသွားသည်။

မှန်ပါသည်။ လွန်ခဲ့သော သုံးဆယ့်ခြောက်နှစ်ကလည်း ထိုသို့ မိုးသည်းညမျိုး ရှိခဲ့ဖူးသည်။ မိုးသည် သည်းထန်စွာ ရွာသည်။ လေသည်လည်း အော်သံနှင့်အတူ တဝေါဝေါ တိုက်ခတ်သည်။ မိုးရွာနေဆဲမှာပင် လရောင်သည် ပျောက်လိုက်ပေါ်လိုက် ဖြစ်နေသည်။ သာမန်ထက် ထူးဆန်းသော ထိုလရောင်သည် ထူးထူးခြားခြား ထိန်ထိန်လင်းသည်။ မနက်မိုးလင်းလာသော အခါတွင် နေသည် တောက်တောက်ပပပင် ပူသည်။

"ဟာ . . . လူကြီးကလည်း မိုးတွင်းပဲ မိုးရွာတာ ဆန်းသလား။ မိုးရွာလို့ လေပါတာရော ဆန်းလို့လား"

ရွာသို့ပြောင်းလာတာ မကြာသေးသည့် ကိုဘသိန်း၏ အသံ ဖြစ်သည်။

"ဆန်းတယ် ကိုဘသိန်း။ ဒီလောက်ရွာတဲ့မိုးက တိမ်စိုင်တွေ လိတ်နေမှာပေါ့။ ဒီလောက် တိမ်စိုင်တွေခဲနေမှတော့ လက





ဘယ်လိုသာမလဲ"

ဒါလည်း ဟုတ်နေပြန်သည်။ ထို့ကြောင့်ပင် ငြိမ်ငြိမ်ငြိမ်နေဖြစ်သည်။ ထိုငြိမ်သက်ခြင်းက အတွေးတစ်ခုကြောင့်သာ ငြိမ်သက်နေခြင်း ဖြစ်သည်။

တစ်ယောက်တစ်ပေါက် ထွက်လာသည့်အသံများကို ကိုဘသိန်း နားစွင့်နေသည်။

"ဟုတ်တယ် . . . လွန်ခဲ့တဲ့နှစ်သုံးဆယ်ကျော်က သအိုဇာကို ပေတာလူ မွေ့လာတဲ့မနက်လည်း ဒီလိုနေ့မျိုးပဲ၊ သအိုဇာကြောင့် မကြုံဖူးတာတွေ ကြုံခဲ့ရတယ်၊ တစ်ရွာလုံးက ဒီလောက် အတန်တန် တားနေတဲ့ကြားက မွေးစားဖြစ်အောင် မွေးစားခဲ့လို့ အခုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အသေဆိုးနဲ့ သေခဲ့ရပြီးပြီ၊ ဟိုကောင်မကလည်း သတင်းသဏ္ဌာန်မကြားရတော့ဘဲ စုန်းစုန်းမြုပ် ပျောက်သွားတာ ခုချိန်ထိပဲ"

"ဘာသတင်း မကြားရမှာလဲ မသဲပုံရယ်၊ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်ကပဲ ကြောက်စရာကောင်းအောင် အော်ခဲ့သေးတယ်လေ၊ တစ်ရွာလုံး ကျောချမ်းလို့ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့"

"ဟယ် . . . အဲဒါ သအိုဇာရဲ့အော်သံလို့ စွပ်စွဲရအောင်



www.burmeseclassic.com

www.burmeseclassic.com



သက်သေရှိလို့လား''

''အောင်မယ်လေး . . . တောထဲကလာတဲ့မိန်းမအသံက သဒိုဇာကလွဲရင် ဘယ်သူဖြစ်ဦးမလဲ၊ ရွာထဲက မောင်းထုတ်ရင် သေတာကလွဲပြီး ဒီတောထဲအပြင် ဘယ်သွားနိုင်မှာမို့လဲ၊ သုံးလ လုံးလုံး လင်းလိုက်တဲ့ အလင်းလည်း တစ်ရွာလုံးအသိပဲ''

မိန်းမအုပ်စုက တစ်ယောက်တစ်ပေါက်ဆိုလာကြသည်တွင် ဦးအောင်မြက ရွာလူကြီးပီပီ ချောင်းဟန့်လိုက်သည်။

''အဟမ်း . . . ကျုပ်ပြောချင်တာလည်း ဒါပဲ၊ မီးဆိုတာ မလောင်ခင်က တားရတယ်၊ မဖြစ်မနေ လောင်တော့မယ်ဆိုတာ သိရင်လည်း ကာကွယ်ဖို့နည်း အဆင်သင့်ပြင်ထားရမယ်၊ အခု ဒီမှာ စုဝေးဖို့ ခေါ်တာလည်း ဒီကိစ္စပဲ''

''ပြောပါ ကိုအောင်မြရယ် . . . တော်ထင်သလိုသာ ပြောလိုက်ပါ၊ တော်က လူကြီးပဲ၊ တော့်စကားပဲ လိုက်နာကြရမှာ''

''အင်း . . . သဒိုဇာ ဒီရွာထဲရောက်လာခါစက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်က သေးသေးလေးတွေပါ''

''ဘုရား ဘုရား . . . ကိုအောင်မြရယ်၊ ဘယ်ကသေးရမှာလဲ၊ သူ အော်ငိုလိုက်လို့ လေရောမိုးရောချတာ ကျုပ်ဖြင့် အိုးမဲ့အိမ်မဲ့ဖြစ်ရလို့ အရပ်က ကျွေးထားရတာ ခြောက်လလေ''





''ဒါက အသေးအမွှားပါ၊ သဒိုဇာ အမှိုက်ပုံထဲက ပေါ်လာတဲ့အချိန်က ညကလို အော်သံကြားရဖူးသလား''

''မကြားရဘူး''

''ပြီးတော့ . . . သဒိုဇာ မပေါ်လာခင်တစ်ရက်က သရက်ချောင်းရေတွေ မစီးဆင်းဘဲ ရပ်နေဖူးသလား''

''ဒါလည်း မရှိခဲ့ဘူး''

''ပြီးတော့ . . . ဒီလို သစ်ရွက်တွေက ငိုက်မြည်းနေဖူးသလား''

''ဒါလည်း မရှိဖူးဘူး''

''အခု ကျုပ်တို့ပတ်ဝန်းကျင်ကိုကြည့်ဦး၊ အရွက်တွေအားလုံးက အားပြတ်နေကုန်ကြပြီ၊ ဒီအရွက်တွေသာမရှိရင် ကျုပ်တို့ ဘယ်လိုအသက်ရှင်ရမလဲ''

''ဒါက သဒိုဇာကြောင့်လား''

''ဒါကို ကျုပ် အတိအကျမသိဘူး၊ တခြားရွာလည်း ဒီလိုပဲလားလို့ဆိုပြီး ကျုပ်တူမောင်သောင်းကို မိုးလုံးကဲ့ရွာကို လွှတ်ထားတယ်၊ သူ မကြာခင် ပြန်လာလိမ့်မယ်''

ဦးအောင်မြက ထိုသို့ပြောပြီး အတွေးတစ်ခုနှင့် တိတ်ဆိတ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြကဲ့သို့ပင် ကျန်လူများမှာလည်း အတွေး ကိုယ်စီနှင့် တိတ်ဆိတ်သွားကြသည်။

''ဘကြီး ... ဘကြီးအောင်မြ''

အသံစာစာနှင့် ထွက်ပေါ်လာသော ငပိန်ညောင်လူသား တစ်ယောက်။ သူက မောင်သောင်း။

''ဟင် ... မောင်သောင်း လာကွာ''

မောင်သောင်းက တစ်ယောက်တည်း ချောက်ချားစွာ ပြန်လာပုံရသည်။ လက်ဖျားများ တုန်ယင်ပြီး နဖူး၌ ချွေးစေးတို့ ပြန်နေသည်။

''မောင်သောင်း ... ဘာဖြစ်လာတာလဲ''

ဒေါ်ရင်ရွှေက မေးလိုက်ခြင်းဖြစ်သည်။ ဦးအောင်မြသည် တစ်ခုခုကို စူးစူးစိုက်စိုက် စဉ်းစားနေပုံမျိုးရှိသည်။ ဒေါ်သဲပုံသည် အဖြေတစ်ခုကို သိနှင့်ပြီးနေပါပြီ။ မောင်သောင်းက ဒီလို ရေးကြီး သုတ်ပျာနှင့် ပြေးလာမှတော့ ဒီလိုအဖြစ်မျိုးက မိုးလုံးကဲ့ရွာတွင် မရှိဘဲ ဒီအုံးရွာတစ်ခုတည်း ရှိနေသည်ကိုပေါ့။ ဘာလုပ်ရမလဲ ဘာလုပ်သင့်မလဲ။ တစ်ခုခုဖြစ်လာတော့မယ်ဆိုတာသိ၍ ပို၍ စိုးရိမ်ပူပန်နေမိသည်။

''မိုးလုံးကဲမှာ ဒီလိုမဖြစ်ဘူး၊ အပင်တွေအားလုံး စိမ်း





လန်းနေတယ်၊ ဒီမှာပဲ မှုန်းချောင်းလည်း ဘာမှမဖြစ်ဘူး။ သရက် ချောင်းပဲ ထူးဆန်းနေတာ''

ထိတ်လန့်သွားကြသည်။ ဦးဘသိန်းတစ်ယောက်မှလွဲ၍ ကျန်လူအားလုံး ထိတ်လန့်ကုန်ကြသည်။

''ကဲ ... ကျုပ်တို့ ဘာလုပ်ကြမလဲ''

''သအိုဇာကြောင့်ချည်းလို့တော့ မထင်ကြပါနဲ့''

မောင်သောင်း၏အသံဖြစ်သည်။ မောင်သောင်းသည် အသက်သုံးဆယ်ရှိပြီးမှ သအိုဇာကိုသိသည်။ ငယ်စဉ်က သရက် ချောင်း၌ ရေသွားချိုးတိုင်း သအိုဇာနှင့် ဆုံတတ်သည်။ သအိုဇာက တစ်ခါတစ်ရံ တစ်ယောက်တည်း စကားပြောနေတတ်သည်ကို လည်း မြင်ဖူးသည်။ အားလုံးက သအိုဇာကို စုန်းမဟု စွပ်စွဲပြော ဆိုကြသော်လည်း သူကတော့ သအိုဇာဟာ ယဉ်ယဉ်လေးရူးနေ သူဟု သတ်မှတ်သည်။

''တစ်ခါကလည်း မိုးလုံးကဲမှာ ဒီလိုဖြစ်ဖူးတယ်တဲ့၊ ရွာ ထိပ်က ညောင်ရင်းမှာ ရွာသားတွေ အမှိုက်သွားပစ်ကြလို့ ဖြစ် ခဲ့တာတဲ့၊ တစ်ရွာလုံးလည်း ဝမ်းပျက်ဝမ်းလျှောဖြစ်ပြီး လူတွေ သေကြတယ်၊ နောက်တော့ ညောင်စောင့်နတ်က အိပ်မက်ပေးလို့ အမှိုက်တွေကို ရှင်း၊ နတ်စင်ဆောက်ပြီး တောင်းပန်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားပြန်တယ်တဲ့၊ ဒါကြောင့် မမြင်ရတဲ့ သအိုဇာကြောင့် ချည်းလို့ မတွေးဘဲ လုပ်သင့်သလောက် လုပ်ကြရင်ရော၊ ပြီးတော့ သအိုဇာက အများပြောသလို စုန်းဖြစ်နေခဲ့ရင်တောင် တောင်းပန်ရင် ကျေနပ်မှာပါ''

''ဟုတ်တယ် . . . ကိုအောင်မြ၊ ဒီလိုလုပ်ကြမှ ထင်တယ်၊ နို့မဟုတ်ရင် မသေသင့်သူတွေ သေကုန်ကြမယ်၊ ကျုပ်တို့က အသက်ကြီးပြီးထားဦး ရွာမှာ လူငယ်လူရွယ်တွေ ပေါပါသနဲ့''

"ဟုတ်တယ် . . . ကျုပ်တို့ရွာသားတွေက ဘယ်လောက်မှန်တယ်ဆိုဦး ဟိုက စွမ်းအားရှိနေတာ၊ ဉ္စုဆိုတာနဲ့ကို ကျုပ်တို့ရွာ ပြာကျရတော့မယ်၊ မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ သူကျေနပ်သွားအောင် တောင်းပန်ကြရအောင်''

''တောင်းပန်တာက ဟုတ်ပါပြီ၊ နတ်ကိုတောင်းပန်တာက လွယ်တယ်၊ သအိုဇာကိုတော့ ဘယ်လိုလုပ်တောင်းပန်ရလဲ၊ လူတွေ့တောင်းပန်ရအောင် သူက ဘယ်မှာနေလို့နေမှန်းမသိ၊ ကန်တော့ပွဲနဲ့ တောင်းပန်ရအောင်လည်း ဒါက ဝိညာဉ်လည်း မဟုတ်၊ အင်း . . . ခက်တယ်''

"စာကပ်ကြရင်ရော"





''သအိုဇာက စာမှမတတ်တာ''

"ကဲ ကဲ . . . ဒီလိုလုပ်ပါလား၊ မောင်းထုကြရအောင်၊ ကျုပ် ကြားဖူးတာတော့ မောင်းထုခေါ်ရင် စုန်းရော, ကဝေရော, ဇာတ်ပါမကျန် ကြားရတယ်တဲ့၊ မနက်ဖြန်ညတော့ တစ်ရွာလုံး အင်အားနဲ့ သံပြိုင်အော်ပြီး ပြောကြတာပေါ့''

''ကျုပ်တော့ သိပ်မလုပ်ချင်ဘူး၊ ဒင်းက ဘာမို့ ဒီလောက် ကြောက်နေရမှာလဲ''

"မရင်ရွှေကလည်းဗျာ . . . ကျုပ်တို့က မကြာခင် သချိုင်းသွားရတော့မှာ၊ သေသေကြေကြေ အရေးလား၊ ကလေးတွေ ကောင်းကောင်းနေကြရဖို့သာ အရေးကြီးတာပါ၊ ဒီအရွယ်ကြီးတွေ ရောက်ကြမှတော့ ကလေးတွေရှေ့ရေးကိုပဲ ကြည့်ကြရအောင်''

ဒေါ်ရင်ရွှေမှာ မကျေမနပ် ငြိမ်နေလိုက်ရသည်။ တစ်ရွာလုံးနဲ့တစ်ယောက် ဖြစ်ဖို့ဆိုလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။

"ကဲ ကဲ . . . ဒီနေ့တော့ ဒီလောက်နဲ့ သိမ်းကြရအောင်၊ နက်ဖြန်ညတော့ သရက်ချောင်းစပ်မှာ တစ်ရွာလုံး ဆုံကြတာပေါ့''

ဦးအောင်မြ၏နှုတ်ဆက်စကားနှင့် စကားဝိုင်း သိမ်းဖြစ်ကြသည်။ ဆယ့်ငါးယောက်သောလူအုပ်ကြီးသည် ဦးအောင်မြ



www.burmeseclassic.com

www.burmeseclassic.com



၏အိမ်ထဲမှ ထွက်လာခဲ့ကြသည်တွင် ရွာထဲဝင်လာသော ကောက်စိုက်သမများနှင့် ဆုံသည်။

"ဟင် ... ဒါက ဘာဖြစ်လာကြတာလဲ၊ ကောက်စိုက်ကြဘူးလား"

"ဘယ်လိုမှ စိုက်လို့မရဘူး။ လယ်ကွက်တွေအားလုံး သမန်းမရှိတော့ဘဲ ပပ်ကြားအက်ကုန်ပြီ၊ ဒီလောက်ရွာလိုက်တဲ့ မိုးရေတွေက ဘယ်ရောက်ကုန်မှန်း မသိဘူး။ ပျိုးပင်တွေက ဖျော့လို့သေကုန်ပြီ"

"ဟူး ... တော်ပါသေးရဲ့၊ ငါတို့လယ်က ကောက်ပင်လှန်နေလို့၊ ရှေ့နှစ်တော့ ငါတို့လယ်ကပဲ စပါးထွက်တော့မယ် ထင်ပါရဲ့"

ဒေါ်နှင်းတင်က စိုက်ပျိုးပြီးဖြစ်သော မိမိလယ်ကြောင့် စိတ်ချမ်းသာနေသော်လည်း တစ်ရွာလုံးမှာ ခေါင်းငိုက်စိုက်ကျနေကုန်သည်။ ဘာလုပ်လို့ လုပ်ရမှန်းမသိ၊ ဒီလောက်များပြားသော လူအုပ်ကြီးမှာ စကားသံများ ညံပွက်မနေဘဲ အတွေးကိုယ်စီကြောင့် တိတ်ဆိတ်နေသည်။ ထိုတိတ်ဆိတ်မှုက ပုံမှန်မဟုတ်၍ စိတ်မသက်သာဖွယ် ရှိလှသည်။



BURMESE CLASSIC

## အခန်း (၁၅)

"ဒူ ဒူ ဒူ"

အချိန်အားဖြင့် ညဆယ်နာရီခွဲဖြစ်သည်။

ထိုအသံမျိုးကို မကြားခဲ့ဖူးသော သအိုဇာမှာ လန့်သွားသည်။ ဘာကိစ္စလဲ။ ရွာထဲမှာ ဘာဖြစ်နေတာလဲ။

လက်ျာ၏ခြေရင်းတင် မြေခွေးများဖို့ပေးနေချိန် ဖြစ်သည်။

"အမေ ... ဒါ ဘာအသံလဲ"

ပင်ကိုကပဲ လူ၏သွေးသားမှ ဆင်းသက်လာခဲ့လို့လား။ မဟုတ် စကားပြောစရာမရှိ၍ တစ်ချိန်လုံး လက်ျာကိုသာ



www.burmeseclassic.com

www.burmeseclassic.com



အဖော်ပြု ပြောဆိုနေခဲ့ရလို့လားဆိုတာ အဖြေရှာမရပါ။ လက်ျာ သည် အသက်ဝင်လာတည်းက စကားလုံးကို ပီပီသသ ပြောတတ် နေပြီး သအိုဇာကို အမေလို့ ခေါ်နေသည်။

"ဒူ ဒူ ဒူ"

ဒုတိယအကြိမ် ထွက်ပေါ်လာ၍ နားစွင့်လိုက်သည်။ လက်ျာ၏မေးခွန်းကိုမူ တစ်ခွန်းတစ်ပါဒမျှ တုံ့ပြန်ခြင်းမရှိ။ အတွေး ထဲ၌လည်း ရှုပ်ထွေးနေသည်။ သူမ နေထိုင်ခဲ့သည့် သက်တမ်း တစ်လျှောက်တွင် ထိုအသံမျိုးကို မကြားခဲ့ဖူးပါချေ။

"အမေ . . . ခဏအပြင်ထွက်ကြည့်လိုက်ဦးမယ်"

ကျင့်သားရနေပြီဖြစ်သော ထိုမျက်လုံးက မီးတိုင်မလိုတဲ ဂူထဲမှ ထွက်လာခဲ့သည်။ မိမိထွက်ခဲ့သည်နှင့် တစ်ပြိုင်နက် ဂူ တံခါးကို သတိမလစ်ဟင်းပဲ ပိတ်ခဲ့သည်။ လူတွေကိုကြောက် သည်။

ထင်တစ်လုံးနှင့် ဘဝကို ဖျက်ဆီးတတ်သည့်လူတွေရဲ့ အကျင့်ကို ကြောက်သည်။ မိမိက ခြေထောက်ပါလို့ နေရာရွှေ့နိုင် သည် အရေးလား။ သားက နေရာမရွှေ့နိုင်သည့်အပင်လိုအမြစ် နှင့် ဖြစ်သည်။ သူတို့သာ သားကို တွေ့ပါက သတ်ဖြတ်ကြလိမ့် မည်။ မိစ္ဆာဟု စွပ်စွဲကြလိမ့်မည်။





သား၏အဖြစ်က ထိုသို့အစွမ်းထက်ကြောင်းသာ သိပါ က လောကဘသားများကို သား၏အမြစ်ကို တူးလှန်ကြလိမ့်မည်။ ထိုပြဿနာများ မဖြစ်ရလေအောင် သူမက သတိကို အမြဲလက်စွဲ ထားသည်။ တစ်ခါသေခဲ့ဖူး၍လည်း ပျဉ်ဖိုး နားလည်နေပါပြီ။

အသက်ရှင်ရန် ရုန်းကန်လိုက်ရ၍ သားက အင်အား ကုန်ခမ်းနေပါပြီ။ အပင်အားလုံး၏အားများကို သုံးလိုက်ရ၍ တော နေအပင်များ အားလုံးမှာ ညှိုးနွမ်းနေကုန်ပါပြီ။ သား မြန်မြန်အား ပြည့်လာမှဖြစ်မှာလေ။ သား အားပြည့်လာမှ ထိုအပင်တွေ ဆက် လက်ရှင်သန်ရလိမ့်မည်။ အပင်တွေ သေဆုံးသွား၍မဖြစ်ပါ။

လောကမှာရှိတဲ့လူသားများ အားလုံးအတွက် အပင်တွေ မရှိ၍ မဖြစ်ပါ။ ထို့ကြောင့် အပင်များ၏ အရှင်သခင်ဖြစ်သော သားကိုသာ ဂရုစိုက်ရလိမ့်မည်။

ထို့ကြောင့်ပင် ကောင်းသောမြေဆွေးများကို ရှာယူ သယ်ဆောင်ပြီး အပင်ခြေရင်းတွင် ဖို့နေခြင်း ဖြစ်သည်။

သားဟာ အပင်တို့၏ အရှင်သခင်ဖြစ်သည်ကိုမူ နတ် သားလေးပါး ပြောပြခဲ့၍ သိခြင်းမဟုတ်ပါ။ အပြောင်းအလဲကြောင့် သိတာသာ သဘောပေါက်လိုက်ခြင်းသာ ဖြစ်သည်။ ထိုနတ်သား လေးပါးကလည်း ကမ္ဘာမြေပြင်ပေါ်၌ အပင်မြင့်လွန်းလာပါက



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုအပင်သည် အပင်တို့၏အရှင်သခင်ဖြစ်လိမ့်မည်ကို ကြိုသိနေပုံ မရပါချေ။

ညှိုးရော်နေသော ဂျာမနီရွက်လေးကို လက်ဖြင့် ဖွဖွ ကိုင်ရင်း တောင်ကုန်းလေးဆီသို့ တက်လာခဲ့သည်။ ရွာကို မြင်ရသော အမြင့်တစ်နေရာသို့ တက်လာသည်။ ဆယ့်ရှစ်နှစ်လုံးလုံး ထိုနေရာလေးမှနေ၍ ရွာကိုကြည့်ခဲ့သည်။ လသာလျှင် လရောင်အောက်၌ အိပ်မောကျ ငြိမ်သက်နေသောအိမ်များကို တွေ့ရသည်။

ရံဖန်ရံခါ မီးရောင်အချို့ကို တွေ့ရသည်။ မိုးရွာလျှင်လည်း ရေထဲငြိမ်သက်နေသောအိမ်များကို တွေ့ရသည်။ ယခုလည်း ထိုအိမ်များကို တွေ့နိုင်သည့်နေရာ၌ ခြေစုံရပ်လိုက်သည်။ ဆယ့်ရှစ်နှစ်တာနေခဲ့ဖူးသော ရွာလေးကို လွမ်းဆွတ်စွာ ငေးကြည့်မိသည်။ ထိုလွမ်းဆွတ်မှုထဲတွင် နာကြည်းမှုက စိုးစွပ်နေသည်။

"ဒူ ဒူ ဒူ ... သဒိုဇာ နားထောင်ပါ၊ ကျုပ် ရွာလူကြီးနှင့် ရွာသားလုံးက သင့်ကို တောင်းပန်သည်၊ သင်ကျေနပ်ပါ။ သင် ကျေနပ်အောင် လိုက်လျောမှာမို့ အပင်တွေကို ရှင်သန်အောင် လုပ်ပေးပါ၊ သဒိုဇာ သင်ကျေနပ်ပါ"

အော်သံကို မသဲမကွဲကြားလိုက်ရသော်လည်း နှုတ်ခမ်းတော့ ကျေနပ်စွာ ပြုံးလိုက်မိသည်။ ရည်ရွယ်ပြီး တမင်တကာ လုပ်ခဲ့တာမျိုးမဟုတ်သော်ငြား ယခုလိုရလဒ်မျိုးတော့ ကျေနပ်သည်။

မိမိက အမှားမလုပ်ခဲ့ဘဲ အဘရဲ့သွေးကိုသောက်ပါ ဘယ်ဆိုပြီး စွပ်စွဲခဲ့သူများကို အသည်းထဲက နာသည်။ အပြစ်မရှိဘဲ မောင်းထုတ်ခံရခြင်းကိုလည်း တွေးရင်း နာကြည်းမိသည်။ နှမ်းမိသည်။

သို့သော်ငြား အဘနှင့်အတူနေခဲ့သည့် ထိုအုံးရွာကို ချစ်သည်။ အဘ၏ရုပ်အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။ ထိုမြေကို သံယောဇဉ်ရှိ၏။ သို့သော်လည်း သူမအပေါ် ရက်စက်ကြသည့် ရွာသားများကို မုန်းသည်။

ရွာကို တစ်ခေါက်လောက် ပြန်ချင်သည်။ ဒါက စိတ်ကူးယဉ်မှုသက်သက်ဟုသာ ထင်ခဲ့သော်လည်း ယခုတော့ သားကြောင့် သူမ ရွာကို ပြန်နိုင်တော့မည့်အခွင့်အရေး ရလာသည်။ သူမကလည်း လူထဲက လူပဲမို့ လူတွေနဲ့အတူ နေချင်မိသည်။ သို့သော် ... သား ... သားကို ဘယ်လိုလုပ်မလဲ။

အထင်နှင့် တကယ့်အဖြစ်အပျက်ကို ခြားနားနေခဲ့သော သားကို ဘယ်လိုလုပ်ရမလဲ။ သားက သူမတစ်ဦးတည်းသည်







www.burmeseclassic.com

www.burmeseclassic.com



သာလျှင် အားကိုးရာပါ။ နတ်သားလေးပါးနှင့် စကားပြောဆက်နွယ်ခြင်းမရှိသည့် သားအတွက် သူမကသာ တစ်ခုတည်းသော စောင့်ရှောက်သူပါ။ ဘာတွေ ဘယ်လိုမှားခဲ့သလဲဆိုတာ မသိပေမယ့် သားကတော့ သူမလို မဟုတ်ပါ။ လေနတ်သား၊ မိုးနတ်သား၊ လနတ်သား၊ နေနတ်သားတို့ စကားမပြောနိုင်ပါ။

ထို့ကြောင့် သားရဲ့လုံခြုံရေးကို သူမ ပိုရှုပွပန်မိသည်။ အနှိမ်ခံ၊ အပြောအဆိုခံဘဝဆိုတာ ဘယ်လောက်ထိ ခံရဆိုးသလဲဆိုတာမျိုး သူမ အသိဆုံးပါ။ ဒီဘဝမျိုး သူမတစ်ယောက်နှင့် တော်ပါပြီ။ သားကို ထိုသို့အဖြစ်မျိုးအရောက်မခံနိုင်ပါ။

အစကတော့ နတ်သားလေးပါးကြောင့် မိမိ၏လက်အစုံကို အနာခံကာ ဖြတ်ပစ်ခြင်း ဖြစ်သည်။ မိတ်ဆွေကောင်းများအတွက်မို့ ဝိညာဉ်မဆုံးခင် မိမိကိုယ်တိုင်ပင် လက်ကို ဖြတ်ပစ်ခဲ့သည်။ ထိုအချိန်က သူမ ဘယ်လောက်ထိ နာကျင်ခဲ့ရသလဲ။

ဘယ်လောက်ထိ သတ္တိမွေးခဲ့ရသလဲ၊ ဘယ်လောက်ထိ ဝမ်းနည်းခံစားခဲ့ရသလဲ၊ သို့သော် မျှော်လင့်ချက်လေးတစ်ခုသာ ရှိခဲ့သည်။ သားက ကြားခံနယ်လုပ်ပြီး နတ်သားလေးပါးနှင့် ပြန်ဆုံခွင့်ကို မျှော်လင့်ခဲ့သည်။ သို့သော် ယခုလို သားက အသက်ရှင်လာချိန်၌ မျှော်လင့်ချက်တွေက ပျောက်ကုန်သည်။ သားက





မျှော်လင့်ထားသလို နတ်သားများနှင့် စကားမပြောနိုင်သောကြောင့် ဖြစ်သည်။

သို့သော် စိတ်သည် ထူးဆန်း၏။ သူမရင်ထဲ ပြင်းပြသော ဝမ်းနည်းမှုကြီးကို မခံစားရချေ။ သားက သူမဘေးမှာရှိနေသည့်အတွက် ထိုမျှော်လင့်ချက်ကြီးကို ဆုံးရှုံးရသော်လည်း ထင်သလောက် ဝမ်းမနည်းမိ။

သားကို ကာကွယ်ရမယ်၊ စောင့်ရှောက်ရမယ်ဆိုသည့် မိခင်စိတ်က ရင်ထဲဝင်ရောက်လာ၍ သတ္တိရှိလာသည်။ ရဲရင့်လာသည်။ အရာရာကို ရင်ဆိုင်နိုင်စွမ်းရှိလာသည်။ မည်သို့သော အရာကိုမျှ မစိုးရိမ်မိတော့။

ရွာသားများ၏လိုက်လှဲ့သော ဆက်ဆံရေးကိုလည်း ရင်မခုန်မိတော့ပါ။

"သဒ္ဒိအ ... သင်ဟာ ရွာကို ပြန်လာလိုပါက ပြန်လာနိုင်သည်၊ သင့်အား ပိတ်ထားသောတံခါး မရှိတော့"

ဘုရား ဘုရား ... သူမကိုများ ဒီရွာသားတွေ မကောင်းဆိုးပါးလို့ မှတ်ယူလေကြရော့သလား။ စည်းကျော်ခွင့်အမိန့်များနှင့် မောင်းဆီး၍ ခေါ်နေပါပြီ။

သူမ အာခေါင်ခြောက်ကာ ဟားတိုက်ရယ်ပစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့မရယ်ဖြစ်ပါဘဲ ပြုံးရုံသာ ပြုံးလိုက်မိသည်။ ထိုအပြုံးထဲတွင် မိုက်ရူးရဲဆန်မှုများ ပျော်ဝင်နေလေသည်။

သူမ တောင်ကုန်းပေါ်မှ ပြန်ဆင်းလာသည်။ ဂူထဲဝင်ရန် ဘေးဘီဝဲယာကို အကဲခတ်မိသည်။

သူမစိတ်ထဲ တစ်ခုခုကို မသိုးမသန့်ခံစားရ၍ ဟိုဟိုဒီဒီ ရှုစပ်မိသည်။ ပတ်ဝန်းကျင်က ငြိမ်ကျနေသည်မှာ သေချာတော့မှ ဂူတံခါးကို ဖွင့်ပြီးဝင်လိုက်သည်။ ထိုအချင်းအရာကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေမယ်ဆိုတာ သူမ မသိလိုက်ပါချေ။



## အခန်း (၁၆)

ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ရင်း ကောင်းကင်ကြီးကို မော့ကြည့်နေသည်။

"ဆရာ ... ရေနွေးကြမ်း"

တပည့်ကျော်ကြီး ဖိုးလုံးက လက်ဖက်ညွှန့်နှင့် ရေနွေးခွက်ဘူး ချပေး၏။

"ဖိုးလုံး"

"ဗျာ ... ဆရာ"

"ငါ့ရဲ့လက်နှိပ်ဓာတ်မီး ဓာတ်ခဲအားကုန်နေပြီ ဓာတ်ခဲတစ်ကပ် မြို့မှာသွားဝယ်၊ မိုးမချုပ်ခင် အရောက်ပြန်လာနော်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ဆရာ''

ဖိုးလုံးမှာ အုံးရွာခံတစ်ယောက်ဖြစ်သည်။ ဦးဘသိန်းသည် တစ်ရွာတစ်ကြီးသားဖြစ်ပြီး ဒီရွာကိုပြောင်းလာခဲ့တာ ခုဆိုသုံးနှစ်သာ ရှိသေးသည်။ ဘယ်ရွာ၊ ဘယ်ဇာတိကမှန်း မည်သူမျှအတိအကျ မသိချေ။

ငွေထုပ်ကြီးနှင့် ရွာကို ရုတ်တရက် ရောက်လာပြီး မြေဝယ်ကာ ပျဉ်ထောင်အိမ်ကြီးဆောက်သည်။ အလုပ်အကိုင်ကတော့ ငွေချေးသည်၊ စပါးဝယ်သည်။

အကြောင်းပြချက်ကတော့ ရွာက အေးချမ်းပြီး နေချင်စရာကောင်းလို့ဟုဆိုသည်။

ရာဦးဘုန်းကြီးကျောင်းတွင် သိမ်ကျောင်းကြီး ဆောက်ကာ လှူဒါန်း၍ တစ်ရွာလုံး မီးနိုးတိတ်နှဲခဲ့ကြသည်။ ငွေကြေးတော့ချမ်းသာပုံရသည်။ မြို့မှလာသူမို့ အနေအထိုင် သန့်ပြန့်သည်။

တောက်တိုမယ်ရခိုင်းရန် ဖိုးလုံးကိုပင် ငှားထား၍ ဖိုးလုံးက ဦးဘသိန်းအိမ်တွင် နေစရာ၊ အိပ်စရာပါ ရသည်။

လယ်ထဲ ရွံ့တစ်တောင်လောက်နစ်အောင် မရုန်းရ၍ ဦးဘသိန်းနားတွင်သာ နေလိုသည်။ ငွေရသည်။

ထမင်းလေးချက်၊ အဝတ်လျှော်၊ ရေနွေးကြမ်းလက်ဖက်ပန်းကန်ပြင်ပေးရုံနှင့် အဝတ်ကောင်းကောင်း ဝတ်ရသည်။

ရွံ့တောထဲ ရုန်းစရာမလို။ သို့သော် ထိတ်လန့်သည်။ ဦးဘသိန်းက ဘာကြောင့်မှန်းမသိ ရုံဖန်ရံခါ စိတ်မကြည်ပါက ပေါက်ငမ်းပြောဆိုတတ်သည်။

ပြီးတော့ ညစဉ်ညတိုင်း အိမ်မှ ထွက်သွားတတ်သည်မှာ ရက်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပါပြီ။ ပြီးတော့ ထိုအကြောင်းကို ရွာသားများအား မပြောရန် တားသည်။

တားမြစ်ပုံကလည်း အဆန်းပင်။ လျှောက်ပြောလို့ကတော့ လျှာဖြတ်ပစ်မယ်တဲ့။ ကျောချမ်းစိမ့်အောင် ကြောက်ခဲ့ရသည်။

မိုးရွာသောနေ့များဆိုလျှင် မိုးကာအင်္ကျီဝတ်ပြီး ထွက်သွားတတ်သည်။ မနက်အရုဏ်ဦးမှ ပြန်လာတတ်သည်။ တစ်ခုခုပဲဆိုတာ သိသော်လည်း ထိုအရာက ဘာဖြစ်လိမ့်မည်ကိုမှ မစဉ်းစားတတ်။

မစဉ်းလည်း မစဉ်းစားရဲပါ။ အပေးအကမ်း ရက်ရောသလောက် အပြောအဆိုက တိုပြီးပြတ်သည်။ မျက်လုံးတွေကနီရဲရဲရင့်သည်။







www.burmeseclassic.com

www.burmeseclassic.com



ဦးဘသိန်းသည် တစ်နေကုန်ထိုင်ပြီး စာဖတ်နေတတ်သည်။ ရံဖန်ရံခါ မြို့ပြန်သွားတတ်သည်။ ရက်အတော်ကြာမှ ရွာသို့ ပြန်လာတတ်ပြီး ပြန်လာတိုင်းလည်း လူကြီးအိမ်နှင့် ဆရာတော်ကျောင်းအတွက် ပစ္စည်းပစ္စယများ မရိုးနိုင်အောင် သယ်ဆောင်လာတတ်၍ ရပ်ရွာထဲတွင် ဦးဘသိန်းက နာမည်ရသည်။

အနေတည်မှုကြောင့် အားလုံးက ကြည်ညိုလေးစားကြသည်။ ရောက်လာသည်မှာ သုံးနှစ်မျှပင်ရှိသော်ငြား ရွာသားတစ်ဦးပမာ ရွာနှင့်အရောတဝင် ရှိလှသည်။

တစ်ခါတစ်ရံ၌ မြေပုံသဏ္ဍာန်မျိုး စာအုပ်တစ်အုပ်တွင် ရေးခြစ်နေတတ်သည်။ အခန်းထဲ၌ ငြိမ်ပြီး ထိုသို့ရေးခြစ်နေလျှင် ဝင်ရောက်နှောင့်ယှက်တာမျိုး လုံးဝမကြိုက်ပေ။

တစ်ခါတစ်ရံ၌ တစ်ခုခုကို ပြင်းပြင်းထန်ထန် စဉ်းစားနေပုံမျိုးနှင့် ငြိမ်သက်နေတတ်သည်။

ထိုအချိန်မျိုးတွင် ဦးဘသိန်း၏ မျက်ဝန်းအိမ်သည် မှေးကျဉ်းပြီး ကြောက်စရာကောင်းနေတတ်၏။ ဦးဘသိန်း ဒီရွာကို ရောက်လာတာ အကြောင်းတစ်ခုခုရှိမှန်း သူ ရိပ်မိနေတာကြာပါပြီ။

သို့သော် ကျိုးကြောင်းကိုမူ ဆက်စပ်၍မရ။ ဦးဘသိန်းလို





မြို့ပေါ်မှ ချမ်းသာသူက ဒီလိုတောင်ခြေမှ ရွာငယ်လေးသို့ ဘာအကြောင်းကြောင့် ရောက်လာတာလဲ။

စီးပွားရှာဖို့ မဟုတ်တာတော့ သေချာလှသည်။ ဘယ်နေရာမှာ ဘာကိုရင်းနှီးမြှုပ်နှံမှာလဲ။ တောင်ခြေမှာ စိုက်ရသော စပါးကွင်းက ဘယ်လောက်ကျယ်တာမို့လဲ။

ပြီးတော့ . . . တောထဲမှထွက်တဲ့ သစ်ဥ သစ်ဖု၊ ဆေးမြစ်က ဘယ်လောက် ရှိနေလို့လဲ။

ဒါဆို ဦးဘသိန်းက ဘာလို့ ညစဉ်ညတိုင်း ပျောက်ပျောက်နေရတာလဲ။ ဘယ်သွားနေတာလဲ။ မိန်းမကိစ္စများလား။ ဒါ . . . ဖြစ်နိုင်လို့လား။

မြို့ပေါ်မှာ ဒီလောက် အချောအလှတွေ ပေါပါလျက်နဲ့ ခြေသလုံးကြီးပြီး ခြေထောက်တွေကွဲနေတဲ့ ဒီတောသူတွေ၊ အသားအရေ နေလောင်မည်းနှင့် ' ချွေးနံ့တထောင်းထောင်း ဒီတောသူတွေကို ဒါက ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။

ဒါဆို ဘယ်သွားနေတာလဲ။ ဓာတ်ခဲခြောက်လုံးကပ် တစ်ကပ်ဝယ်ထားလျှင်ပင် ငါးရက်ထက် ပိုမခံပါ။ ဒီလောက် ဓာတ်ခဲအားတွေကို ဘယ်နေရာမှာ ဖြုန်းပစ်တာလဲ။ ဖိုးလုံးရင်ထဲ ပဟေဠိများစွာတို့ ကိန်းအောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူဆန်စားရဲရတော့မည်မို့ ငါးမိုင်မျှဝေးသော ပေသောင်မြို့ပေါ်သို့ စက်ဘီးနင်းကာ လာပြီး ဓာတ်ခဲတစ်ကတ် ဝယ်သည်။ မြို့မို့ လူများ စည်ကားလှသည်။

သူတို့ အုံးရွာလေးမှ မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေးသို့ သွားလိုပါက ဒီပေသောင်မြို့ပေါ်၌ တစ်စခန်းချရသည်။

ပြီးနောက် ကားကြို၊ မော်တော်ကြိုနှင့် လိုက်ရသည်။ သူတို့အုံးရွာအပါအဝင် အနီးအနားရှိ ရွာလေးများကပါ စခန်းချရာ မြို့လေးဖြစ်၍ ဒီပေသောင်မြို့လေးက ခရီးသွားများ စည်ကားလှ၏။

စည်ကားသည်ဆိုသော်ငြား ခရီးသွားသည် တစ်ရက် လျှင် ခုနစ်ယောက်နှုန်းသာ ပျမ်းမျှရှိ၏။ မြစ်ကမ်းစပ်တွင် ဖြတ်သွားဖြတ်လာ မော်တော်အချို့ ရှိသည်။

တဲထိုးရောင်းနေသော ထမင်းဆိုင်လေးရှိသည်။ ထမင်းဆိုင်လေးဘေးတွင် ဝါးကြမ်းခင်းထိုးထားသော ခရီးသည် များ နားနေရန် တဲရှိသည်။

မြို့ပေါ်ရောက်တုန်းရောက်ခိုက်ပင် ဆန်တိုဟူးတစ်ပွဲ စားပြီး အုံးရွာသို့ ပြန်လာသည်။ လမ်းများ ချော်နေ၍ စက်ဘီး လည်း တဘုန်းဘုန်းလဲခဲ့သည်။ ဟံတောင်ဆစ်များပင် နီကျင်ကျင်





ဖြစ်လာသည်။

အိမ်ပြန်ရောက်တော့ ညနေစောင်းနေပါပြီ။ ဦးဘသိန်း က အသွားခြောက်လက်မဝန်းကျင်ရှိ ဓားမြှောင်တစ်ချောင်း တော်ကျောက်ဖြင့် စိတ်ရှည်လက်ရှည် သွေးနေသည်။

"ဆရာ . . . ဒီမှာ ဓာတ်ခဲရပြီ"

"အေး . . . ငါ့အခန်းထဲမှာထားလိုက်"

ခပ်ပြတ်ပြတ်သာပြောပြီး ဓားကို အာရုံစိုက်၍ သွေးနေ လိုက်သည်။ ဒီနေ့တော့ တွေ့ရတော့မယ်။ ရက်ပေါင်းနှစ်ဆယ် လုံးလုံး ခံခဲ့ရတဲ့ ဒုက္ခတွေ ချုပ်ငြိမ်းတော့မယ်။ သူ အောင်မြင် တော့မယ်။

ထိုမျှော်လင့်ချက်ကြောင့် မိုးမြန်မြန်ချုပ်စေချင်မိသည်။ မိုးမှောင်လာမည့်အချိန်ကို မျှော်လင့်နေသည်။

ကောင်းကင်ကိုမော့ကြည့်လိုက်သည်။ နေမင်းသည် ရွှန်ဆိရောင်သန်းကာ လောကကို နှုတ်ဆက်နေ၏။ ဒီပုံအတိုင်း ဆိုင် ထိုည မိုးရွာလိမ့်မည်ထင်ပါရဲ့။ မိုးကာအင်္ကျီ ယူသွားရလိမ့် မည်။

ပြီးတော့ . . . လည်ရှည်ဖိနပ်၊ ဖြတ်ကိုက်၊ ခြင်ကိုက်နှင့် နေရသောဒုက္ခတို့က သေးလှတယ်တော့မဟုတ်။ သို့သော် သူ



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ဒုက္ခခံရကျိုးနပ်ပေတော့မည်။

သူ့အတွက် ရွှေရောင်လွှမ်းသောနေ့မျိုး ရှိလာလိမ့်မည် ထိုနေ့ သစ်များကို မြင်နေရပါပြီ။ အတွေးနှင့် ကြည်နူးမိ၍ ကျေ ကျေနပ်နပ်ကြီး ပြုံးလိုက်မိတော့၏။



## အခန်း (၁၇)

တောကြောင်အော်သံက ကလေးငယ်ငိုသံနှင့်မခြား ညံ့ထွက်လာ၍ ကြားရသူမှာ ကြက်သီးထချင်စရာပင်။ မိုးရွာလိုက် နေပူလိုက်မို့ လောက်လဲသွားသော ကျွတ်များသည် သွေးဆာနေ ကြသည်။

စိုစိစိ မြက်ပင်ကြားတွင် ချည်းနှီးဝင်ရောက်လာသူ တစ်ဦး။ သူကတော့ ဦးဘသိန်းဖြစ်သည်။ ဦးဘသိန်းသည် စာတ်မီးရောင်ကိုအားပြုပြီး မဟူရာညမှောင်ကြီးကို အံတုရင် ဆိုင်နေသည်။

သင်းခွေချပ်အော်သံသည် လူတစ်ယောက်ခေါ်သံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆင်တူ၏။ ထိုအသံကို နားမစိုက်ယောင်မိစေရန် သတိပြု
နေရသည်။ ဓာတ်မီးဖြင့် လာနေ၍ မြင်ကွင်းက သိပ်မသည်းကွဲ
ချင်ပါ။ ဘယ်လိမ်နွယ်ပင်များကို ရှောင်ရှားနေရသည်ကလည်း
အမောဖြစ်သည်။

ညာလိမ်နွယ်ပင်က သိပ်ပြဿနာမရှိသော်ငြား ဘယ်
လိမ်နွယ်ပင်ကိုသာ ခွနင်းမိလျှင် သင်းခွေချပ်အော်သံနှင့် ဝမ်း
ဆက်ဖြစ်ပြီး နောက်တစ်ရက် ရွာသားများက မိမိအလောင်းကို
ကောက်ရရုံအပြင် အခြားမရှိတော့။

"တူ တူ တူ တူ"

ခင်ပုန်ငှက်အော်သံကလည်း တောက်တဲ့အော်သံနှင့်
အပြိုင် တောတစ်ခွင် ညံထွက်နေသည်။ ယနေ့တော့ ထူးဆန်းစွာ
ပင် မျောက်လွှဲကျော်အော်သံကို မကြားရပါချေ။ ကောင်းကင်ကို
မော့ကြည့်တော့ ကြယ်လေးများက ပျောက်လိုက် ပေါ်လိုက်။

"မိုးများ ရွာချလေမလား"

သစ်မြစ်ဆုံတစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။ လှသွား
လမ်းသဖွယ် ချောနေသော လမ်းကြောင်းကို ကြည့်နေသည်။
ဒီနေရာက လမ်းသုံးခွ။ ဘယ်ဘက်ကို ကွေ့ရမှာလဲဆိုတာ ကောင်း
ကောင်း မမှတ်မိချင်တော့ပါ။ သွားလာရတဲ့လမ်းကြောင်းက





များနေပြီမို့ လမ်းတွေကလည်း အာရုံထဲများနေပါပြီ။ တောထဲ
သင်းခွေ၊ မျှစ်ချိုးနှင့် တောလက်ဖက်ခူးလာသူများ၏ ခြေရာတွေ
ပျယ်ခဲ့ပြီမို့ လမ်းသည် တစ်ကြောင်းတည်း ပြောင်နေ၏။

မိုးကာအကျႌထဲမှ စာရွက်ခေါက်ကို ထုတ်လိုက်သည်။
မြေပုံဖြစ်သည်။ အကြမ်းဖျင်း ရေးခြစ်ထားသော မြေပုံတစ်ရွက်
ဖြစ်သည်။ ထိုမြေပုံကို ဓာတ်မီးဖြင့် သေသေချာချာ ထိုးကြည့်
သည်။ ပေါ်လာသည်။ လမ်းသုံးခွ။ မြောက်ဘက်ဆုံးလမ်းကို
ရွေးချယ်ရပေလိမ့်မည်။ မြောက်ဘက်လမ်းဆုံးပါက တောင်ကျ
စမ်း။ တောင်ကျစိမ့်စမ်းပြီး အုန်းနဲ့ပင်။ ထိုအုန်းနဲ့ပင်မှ တစ်စုံ
တစ်ခုကို သူမြင်တွေ့ခဲ့ခြင်း ဖြစ်သည်။

စာရွက်ကိုပြန်ခေါက်သိမ်းသည်။ ပြီးနောက် မြောက်
ဘက်ဆုံးက လမ်းအတိုင်း ဆက်လျှောက်လာသည်။ မြေပုံထဲက
အတိုင်းပင် နောက်ဆုံးတော့ အုန်းနဲ့ပင်ခြေရင်းသို့ သူရောက်လာ
သည်။ အချိန်အားဖြင့် ညဆယ့်တစ်နာရီခွဲ။

နှစ်ချို့အုန်းနဲ့ပင်ကြီးကိုမှီကာ အခြေအနေကို နားစွင့်နေ
သည်။ ဓာတ်မီးကိုပိတ်ပြီး အသံတိတ်နေလိုက်သည်။ သူ ကြာကြာ
စောင့်ရပါဘဲ ဂူတံခါးပွင့်လာသည်ကို တွေ့လိုက်ရသည်။ ဂူထဲမှ
အင်္ကျီစုတ်ဖွားနှင့် မိန်းမတစ်ယောက် ထွက်လာသည်။ သဒိုဇာ



www.burmeseclassic.com

www.burmeseclassic.com



ပဲပေါ့။ သအိုဇာသည် ထုံးစံအတိုင်းပင် ဂူတံခါးကိုပိတ်ပြီး ထွက်သွားသည်။

သအိုဇာသည် အမှောင်ထုထဲ တဖြည်းဖြည်းပျောက်ကွယ်သွားသည်။

သုံးနာရီခန့်ကြာလျှင် သအိုဇာ ပြန်ရောက်လာလိမ့်မည်ကို သူ ကြိုသိနေသည်။ ထို့ကြောင့်ပင် သုံးနာရီမတိုင်ခင် သူ ဒီနေရာမှ ထွက်ခွာသွားနိုင်ရန် ယခုပဲ စတင်လှုပ်ရှားရပေတော့မည်။

သူ ပုန်းခိုနေရာမှ ထွက်လိုက်သည်။ ပြီးနောက် ကျောက်နံရံကြီးရှေ့တွင် ရပ်သည်။ ဒီကျောက်နံရံကြီးကို ဘယ်လိုဖွင့်ရမလဲ။ ဒီဂူထဲမှာ ဘာရှိနေတာလဲ။

ဒီဂူထဲမှာ တစ်ခုခုရှိရမည်။ တစ်ခုခုရှိလို့လည်း သအိုဇာက အပြင်ထွက်ချင်တိုင်း ပိတ်ထားခဲ့တာပေါ့။ ဒီကျောက်နံရံကြီးကို ဘယ်လိုဖွင့်တာလဲ။ ဘာနဲ့ဖွင့်တာလဲ။ ထိုအဖြေကို သိရန်အတွက် သူ ကြိုးစားခဲ့တာ ယခုဆို ငါးရက်မြောက်ခဲ့ပါပြီ။ သို့သော် ဒီနံရံကြီးကို ဖွင့်သည့် လျှို့ဝှက်ချက်ကိုမူ ရှာမတွေ့ခဲ့ပါချေ။

အများပြောကြသလို သအိုဇာက မှော်အတတ်များ တတ်လေရော့သလားဟု သံသယဝင်လာသည်။ သို့သော် ဒါက စိတ်ကူးယဉ်ရုံသက်သက်။ မှော်ပညာဆိုတာ တကယ့်လောကြ





[illegible]ဘူးဟုသာ ခံယူပစ်သည်။ ရှိရမယ်။ လျှို့ဝှက်ချက်တော့ ရှိရမယ်။ သူ ကြိုးစားပြီး ရှာသည်။ သအိုဇာက ဂူထဲမှထွက်ပြီး [illegible]မနီရုံဘေးတွင် ရပ်သည်။ ထို့ကြောင့် လျှို့ဝှက်ချက်ဟာ [illegible]မှာပဲ ရှိရမယ်ဟု ယုံကြည်သည်။ သို့သော် အချည်းနှီးပင်။ ထို့ကြောင့် သူ စိတ်ပျက်စပြုလာသည်။

ဂူဝ၌ ငုပ်တုတ်ထိုင်ပြီး သအိုဇာလုပ်ဆောင်ပုံ အစအဆုံးကို ဝိုးတဝါးမြင်ယောင်ကြည့်သည်။ သို့သော် လျှို့ဝှက်ချက်ကို [illegible]တွေးမနေပါ။ မရတာကိုဘဲ အထပ်ထပ် တွေးနေရင်း လုံးပါးပါးတော့မယ်မှန်း ရိပ်မိလာသည်။ ထို့ကြောင့် ဖောက်တွေးရန် [illegible]စားမိသည်။

လွန်ခဲ့သောငါးနှစ်က သူ့ထံ လူတစ်ယောက်က ယုံရ[illegible]တ်သောစကားအချို့ကို ပြောခဲ့သည်။ အုံးရွာရှိ ထူးဆန်းသော [illegible]ကလေးတစ်ယောက်အကြောင်း ဖြစ်သည်။ အဲဒီအချိန်တုန်းကတော့ သူက အမှတ်တမဲ့ ဖြစ်ခဲ့သည်။

ထိုအဖြစ်အပျက် နားထောင်ဖူးပြီး သုံးလအကြာတွင် သူ့[illegible]မိတ်ဆွေ ကိုဉာဏ်လွင်နှင့် ဆုံသည်။ ကိုဉာဏ်လွင်သည် [illegible]ရုတ်ပြည်မကြီးတွင် ကြီးပြင်းခဲ့သူတစ်ဦးဖြစ်သည်။ တရုတ်ပြည်မကြီးမှ ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းတစ်ခုကို စကားကြုံရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့ရာ သအိုဇာ၏အဖြစ်အပျက်များနှင့် တစ်ထပ်တည်းကျ တူညီနေသည်ကို တွေ့ရ၍ သူက အံ့ဩဝမ်းသာခဲ့သည်။

ထို့ကြောင့်ပင် စကားစပ်ပြီး သအိုဇာအကြောင်း ပြောပြဖြစ်ခဲ့၍ ကိုညဏ်လွင်မှာ သအိုဇာနှင့် အုံးရွာကို အထူးစိတ်ဝင်စားလာသည်။ သအိုဇာက အိမ်ထောင်ကျပြီလား။ ကလေးမွေးပြီလားဟု ရုတ်တရက်မေးလာ၍ သူ အံ့ဩခဲ့ရသည်။ ပြီးတော့ ချက်ချင်းပင် အုံးရွာသွားမယ်။ လမ်းစရိတ်ခံမယ်ဆို၍ သူပင်လျှင် ကြောင်တောင်တောင်နှင့် အုံးရွာသို့ လိုက်ခဲ့ရသည်။

သူ့ကို ပြောခဲ့သူကလည်း တစ်ဆင့်စကားမို့ အုံးရွာတွင် အသိမရှိပါ။ ထို့ကြောင့် ရွာဘုန်းကြီးကျောင်း၌ ငါးရက်မျှ တည်းခိုခဲ့ကြရသည်။

တည်းခိုရင်း သအိုဇာ၏သတင်းတွေ ကြားထားသမျှ မှန်,မမှန် စုံစမ်းတော့ ကြားထားတဲ့သတင်းထက် ဆန်းပြားမှုတွေပါ ထပ်ကြားရသည်။

ကိုညဏ်လွင်က စိတ်ဝင်စားသွားခဲ့သည်။ ထို့ကြောင့်ပင် သအိုဇာအား သုတေသနပြုရန်ဟု ခေါင်းစဉ်တပ်ပြီး ပရောဂျက်တစ်ခု ဖန်တီးဖြစ်သွားသည်။ ငွေကြေးပြည့်စုံသော ကိုညဏ်လွင်ထံတွင် သူ အလုပ်ရသွားသည်။ ဒါကတော့ သအိုဇာအကြောင်း





စုံစမ်းရေးပရောဂျက် ၌ သူက စပိုင်ဖြစ်သည်။ လစာကောင်းသည်။ နေစရိတ်၊ စား စရိတ် ပူစရာမလိုပါ။ အကောင်အထည်မမြင်ရတဲ့ ပရောဂျက်ထဲ ကွင်းဆင်းလာသည်မှာ ယခုဆို သုံးနှစ်တိုင်ခဲ့ပါပြီ။

ကိုညဏ်လွင်လို စည်းစနစ်ရှိသူက ဒီပရောဂျက်အတွက် ဘာကို နှမြောတွန့်တိုခြင်း မရှိသည်ကို သူ အံ့ဩမိ၏။ သူ မြို့တက်တိုင်း လစာထုတ်ပြီး မရေရာတဲ့ သအိုဇာ၏သတင်းများကိုသာ တင်နေရသည်။ အစကတော့ ဒါက ထမင်းစားရေသောက်သာဖြစ်ပြီး သူ စိတ်ဝင်စားခြင်း မရှိခဲ့ချေ။ သို့သော် အချိန်ကြာလာသည်နှင့် အမျှ ထိုကိစ္စသည် ဆန်းပြားမှု၊ ထူးခြားမှုများ ပြည့်လာသည်။

သအိုဇာကြောင့်သော်လည်းကောင်း၊ ကိုညဏ်လွင်ကြောင့်သော်လည်းကောင်း သူ့အတွက် ထူးဆန်းလာသည်။ ကြာသေးခင်ကပဲ မယုံနိုင်လောက်သည့် ထူးဆန်းမှုကို သူ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့သည်။

အပင်များအားလုံး အားတုန်ညှိုးနွမ်းနေသည်။ ရေစီးတန့်သွားသည်။ မည်သူမျှ မတွေ့လိုက်သော်လည်း သရက်ချောင်းရေသည် ဆယ့်ငါးမိနစ်မျှ ပြောင်းပြန်စီးသွားသည်။ သူ ထိတ်လန့်ခဲ့ရသည်။ ထမင်းစား၊ ရေသောက်ရသည့် ထိုလစာကို မမက်မောချင်တော့ဘဲ ပြန်ပြေးချင်သွားသည်။ ကြောက်လန့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံအတိုင်းဆိုလျှင် ဒီသအိုဇာဆိုသည့် မိန်းမဟာ သာမန်မဟုတ်မှန်း ရိပ်မိလာသည်။

သအိုဇာထက် ပို၍ သာမန်မဟုတ်သည်က ကိုညာဏ်လွင် ဖြစ်သည်။ ထိုအကြောင်းအား မြို့သွားပြီး ကိုညာဏ်လွင်ကို ပြောပြသောအခါ ကိုညာဏ်လွင်၏မျက်လုံးသည် သိသိသာသာ တောက်ပလာခဲ့သည်။ စောင့်ရကျိုးနပ်ပြီဟုလည်းဆိုသည်။ သူ သံသယဝင်သွားသည်။ သအိုဇာက ထူးဆန်းနေ၍ သာမန်သုတေသနပြုချင်တာရော ဟုတ်ရဲ့လား။

သအိုဇာရဲ့လက်သုံးချောင်းကို စိတ်ဝင်စားနေတာရော ဟုတ်ရဲ့လား။ သအိုဇာ၏အဖြစ်အပျက်နှင့် ထပ်တူကျခဲ့တဲ့ တရုတ်ပြည်ရဲ့အဖြစ်အပျက် နောက်ဆက်တွဲက ဘာလဲ။ တစ်ခုခုပဲဆိုတာ သိသည်။

ကိုညာဏ်လွင်က တစ်ခုခုကို ကြိုသိနေပြီဆိုတာ သူ သဘောပေါက်သည်။ ကြိုမသိဘဲနဲ့တော့ ဒီလောက်တွက်ရေးကျယ်တဲ့ စီးပွားရေးသမားက အချိန်ရော၊ ငွေရော ဖြုန်းပစ်မည့် လူမျိုး မဟုတ်ပါချေ။ သူတွေးသည်။ ဘာလဲ၊ ဘာဖြစ်နိုင်သလဲ။ သို့သော် စဉ်းစားမရပါ။

အကျိုးမရှိဘဲနဲ့ လေတောင်မရှူချင်တဲ့ ကိုညာဏ်လွင်၏





စိတ်ဓာတ်ကို အရူမရှေးခါး သူသိနေသည်။ ထို့ကြောင့် စိတ်ဝင်စားမိ၏။ စိတ်ဝင်စားမိ၍လည်း ဒီအလုပ်ကို လက်ခံပြီး လုပ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ဘုရားဖူးရင်း လိပ်ဥတူးခဲ့သော်လည်း လိပ်ဥက ပျောက်နေသည်။ ကိုညာဏ်လွင်ထက် သူ ပို၍ ခေါင်းတစ်လုံး သာချင်သည်။ ထို့ကြောင့် ကိစ္စတော်တော်များများကို သိုသိုသိပ်သိပ် လုပ်နေခြင်းဖြစ်သည်။

အချိန်သိပ်ဆွဲနေလို့ မရပါချေ။ ကိုညာဏ်လွင်က အရေးကြီးကိစ္စနှင့် နိုင်ငံခြားသွားနေသည်။ နိုင်ငံခြားမှ ပြန်ပြန်လာချင်း ဒီကိစ္စကို ကိုယ်တိုင်လုပ်တော့မယ်လို့ ပြောနေသည်။ ကိုညာဏ်လွင်သာ ဒီဂွင်ထဲ ဝင်လာပါက အားလုံး သဲထဲရေသွန် ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ကိုညာဏ်လွင်ရောက်မလာခင်မှာ ဒီကိစ္စကို သူ အပြီးဖြတ်နိုင်ရမည်။ လျှို့ဝှက်ချက်ကို ရှာနိုင်ရမည်။

စဉ်းစားစမ်း၊ ဒီတံခါးကိုဖွင့်တဲ့ လျှို့ဝှက်ချက်။ အရေထွက်အောင်စဉ်းစားသော်လည်း အချည်းနှီးပင်။ သူ စိတ်မောလာသည်။ အာခေါင်တွေ ခြောက်လာသည်။ ထို့ကြောင့် ရေသောက်ရန် စိမ့်စမ်းသို့ ထွက်လာခဲ့သည်။ တစိမ့်စိမ့်ကျနေသောရေကို လက်ခုပ်ဖြင့်ခံကာ သောက်လိုက်သည်။ ရေသည် အေးခနဲ လည်ချောင်းထဲ စီးမျောသွားသည်။ စိမ့်စမ်းရေမှ လက်တစ်ခုပ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သောက်ရုံနှင့် ပြည့်စုံသွားသည်။

"ဒီရေက ဘယ်ကကျတာလဲ"

ကျောက်နံရံကြားမှ ကျလာသောရေမို့ မာတ်မီးဖြင့် ထိုးကြည့်သည်။

"ကျောက်ကြားက ရေထွက်တယ်တဲ့၊ စိတ်ဝင်စားစရာပဲ"

ထိုသို့ တီးတိုးပြောမိသော်ငြား ကျောက်က ရေမထွက်နိုင်မှန်း သိသည်။ တစ်နေရာရာတွင် ချောင်းရှိပြီး ထိုချောင်းမှ ရေများ ယိုကျလာတာဖြစ်မည်ဟု တွေးမိသည်။

"ဒီကျောက်ကြားက အပေါက်ရှိ ... ဟင်"

တီးတိုးညည်းဆိုရင်းပင် အကြံတစ်ခု ရသွားသည်။ သူပျော်သွားသည်။ ထို့ကြောင့်ပင် သွက်လက်သော ခြေလှမ်းများနှင့် ကျောက်ဂူသို့ ပြန်လှည့်လာသည်။

ရွာသားများ ပြောဆိုပုံအရ ဆယ့်ရှစ်နှစ်ကြာခဲ့ပါပြီ။ ရွာသားများ မတွေ့မြင်နိုင်ရန် နေ့အခါ၌ သအိုဇာက ဒီဂူထဲ အသက်မရှူဘဲတော့ နေလို့မရပါ။ ဒီဂူထဲတွင် တစ်နေကုန်ပုန်းရန် လေလုပ်လိမ့်မည်။ ထို့ကြောင့် လေဝင်ပေါက်၊ နေဝင်ပေါက်က ကျိန်းသေရှိလိမ့်မည်။





ထို့ကြောင့်ပင် ဂူဝင်ပေါက်ကို လက်လျှော့ပြီး ဂူဝန်းကျင်ကို လေ့လာရန် ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်ကြောင့် ဂူရှိရာ ကျောက်တောင်အပေါ်သို့ ခဲရာခဲဆစ် တွယ်တက်သည်။

မကြာခင် သအိုဇာ ပြန်လာပေတော့မည်။ သအိုဇာ ပြန်မလာခင် ကျောက်တောင်ထိပ်သို့ သူရောက်နေရမည်လေ။

နှစ်ကာလကြာစွာ ဖြစ်တည်ခဲ့သော ကျောက်တောင်မို့ ချော်ပြိုတက်၍ ခရီးမတွင်ပါ။ ပြန်ပြန်လျှောကျနေသည်။ သို့သော်လည်း အလျှော့မပေးစတမ်းပင် တက်လိုက်သောအခါ နောက်ဆုံး၌ တောင်ထိပ်ပေါ်သို့ ရောက်လာသည်။ တောင်ထိပ်သို့ သူရောက်ရောက်ချင်းမှာပဲ သအိုဇာ ပြန်ရောက်လာသည်။ သူ ဘုရားတ, လိုက်ရသည်။ သူ တက်နေဆဲအချိန်မှာသာ သအိုဇာ ရောက်လာပါက ဘာတွေဆက်ဖြစ်မလဲဆိုတာ သူ မတွေးတတ်ချေ။

သအိုဇာသည် ဂူထဲဝင်သွားပြီး ဂူတံခါးကို ပိတ်လိုက်ပြန်သည်။ ကျောက်နံရံကို နားဖြင့်ဖိကပ်ထားပြီး အာရုံစိုက်လိုက်သည်။ ဝရှ ဝရှနှင့် အသံထွက်လာသည်။ သူ အံ့သြသွားသည်။ ကျောက်သားအကာမို့ အသံကို ပီပီသသ မကြားရသော်ငြား ဒါ စကားပြောသံမှန်း သူ ခန့်မှန်းမိသည်။

"ဘယ်သူလဲ ... ဂူထဲမှာ သအိုဇာအပြင် ဘယ်သူရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတာလဲ''

စိတ်ဝင်စားမှုက ပို၍မြင့်လာသည်။ ထို့ကြောင့်ပင် သေးငယ်သော ဂူပေါက်ကို စစ်စစ်ပေါက်ပေါက် ရှာဖွေမိသည်။ အရှုံးကာရော လုပ်လို့လည်းမဖြစ်ပါ။ အကယ်၍ သဒိုဇာက အများပြောသလို မှော်အတတ်များ တတ်နေပါက သူ အိုးစားကွဲသွားနိုင်သည်။ ထို့ကြောင့် ကာယကံရှင်များ မရိပ်မိရလေအောင် ကြောင်တစ်ကောင်၏ညင်သာမှုကို အသုံးပြုနေရသည်။

''ဂျလိမ်း ဂျလိမ်း ဂိမ်း ဂွမ်း''

တိတ်တဆိတ်လှုပ်ရှားနေသူသည် လိပ်ပြာလွင့်လု မတတ် ထိတ်လန့်သွားသည်။

မှန်ပါ၏။ သူ့ခြေထောက်အစွန်းလေးမှ ကျောက်သားပြင်သည် အက်ကြောင်းထလာပြီး ပွင့်သွားသည်။ အသက်ရှူရပ်လုမတတ် လန့်သွားသည်။ လန့်နေသည့်ကြားမှ ပြုတ်ကျမသွားစေရန် ခုန်ရှောင်လိုက်ရသေးသည်။

လက်ဖျားများသည် တုန်ယင်အေးစက်နေသည်။ အများပြောတာ မှန်နေပြီထင်ပါရဲ့။ သူ ဒီလောက် သတိနှင့်သွားလာနေပါမှ သဒိုဇာသိသွားပြီဆိုတာ မှန်နေပြီပေါ့။ သူ့ကို မိသွားရင် ဘာလုပ်မှာလဲ။





ထိုအဖြေကို သူ စိတ်ကူးနှင့်ပင် မတွေးရဲပါချေ။ ခုနေချိန် ပြေးလို့ရော လွတ်နိုင်ဦးမှာလား။ ပြေးပြီထားပါဦး ဘယ်ကို ဦးတည်ပြီး ပြေးရမှာလဲ။ အကူအညီတောင်းစရာလည်း လူမရှိပါ။ ဒီနေရာက ရွာနှင့်လည်း ဝေးလှသည်။ သူ့အော်ဦးတော့ ဘယ်သူက ကြားနိုင်ဦးမှာလဲ။ ခြေထောက်များ ထုံကျင်လာသည်။ နေရာ၌ မတ်မတ်ပင် မရပ်နိုင်တော့ပါ။

''အားပြန်ပြည့်ပြီလား သား''

အသံတစ်ခုကို ရှင်းရှင်းလင်းလင်းပင် နားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။

သူ အံ့သြသွားသည်။ ဒါ ဘယ်ကလာတဲ့အသံလဲ။ ကြောက်စိတ်များ အလိုလိုပျက်ပြယ်ပြီး ဖြစ်သွားသည်။ နောက်ပြန်လှည့်ကြည့်လိုက်သည်။

မှင်တက်သွား၏။ အစက မရှိခဲ့ပါ။ ဒီအပေါက်ကြီး အစောက မရှိခဲ့ပါ။ မှန်ပါ၏။ လူတစ်ကိုယ်စာမျှ ကျောက်ချပ်လွှာကြီးပွင့်နေသည်။ ထွက်ပေါ်လာခဲ့သောအသံသည်လည်း ဤကျောက်ဖျာလွှာကြီးအောက်မှ ဖြစ်သည်။

''အင်း ...ပြည့်တယ်၊ မနက်ဖြန်တော့ အကုန်ကောင်းသွားမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံထွက်ပေါ်လာသောအသံမှာ ယောက်ျားတစ်ယောက်၏အသံ ဖြစ်သည်။ သူ စိတ်ဝင်စားသွားသည်။ ထို့ကြောင့် အောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဟင်"

မှင်တက်သွားရသည်။ မယုံကြည်နိုင်ဖြစ်ရသည်။ ဒါက ဘယ်လိုသတ္တဝါကြီးလဲ။ တစ်ကိုယ်လုံး စိမ်းနေတဲ့လူသားတစ်ယောက်။ လူသား ဆိုသော်ငြား မည်းနက်သောဆံပင်တို့ ရှိမနေပါ။ ဘာကြီးလဲ။ ဘာကြောင့် သစ်တစ်ပင်လို မားမားကြီး ရှိနေရတာလဲ။

"သား ... နေပြန်ကောင်းမှပဲဖြစ်မယ်၊ သားသာ အမြဲမကျန်းမမာ ဖြစ်နေရင် ရွာသားတွေ ငတ်ကုန်ကြလိမ့်မယ်"

"ဗျာ ... ဘာလို့ငတ်မှာလဲ"

"သားအော်လိုက်တဲ့အရှိန်ကြောင့် ရေတွေ မြေထဲစိမ့်ဝင်သွားပြီး လယ်မြေတွေ ပက်ကြားအက်ကုန်လို့ ရွာသားတွေ ဘာမှစိုက်ပျိုးလို့ မရတော့ဘူး။ အပင်တွေရဲ့အားကိုယူပြီး ရှန်းထလာရလို့ အပင်တွေလည်း အကုန်ညှိုးနွမ်းကုန်ပြီ၊ ဟွန်း ... ဒီမိုးမှာ စပါးမစိုက်ရတော့ဘူးဆိုတော့ ရှေ့နှစ် စားဝတ်နေရေး ကျပ်တည်းကြတော့မယ်"





"ကျွန်တော့်ကြောင့်ဖြစ်ရတာဆိုတော့ ကျွန်တော်ပဲ အားလုံးကို တာဝန်ပြန်ယူပါ့မယ်။ ကျွန်တော် ကျန်းမာလာရင် အားလုံး အဆင်ပြေသွားမယ်လို့ ထင်နေမိတယ် အမေ"

"သားက ဘာလုပ်မလို့လဲ"

"ကျွန်တော့်မှာ အပင်တွေကို စေခိုင်းလို့ရတဲ့အာဏာရှိတယ်၊ မနက်ဖြန် တစ်ရက်တည်း အမေ စောင့်ပေးပါ"

"အေးပါ ... သားရယ်၊ ရွာသားတွေ အကျိုးဖြစ်အောင်ပဲ ကူညီပေးလိုက်ပါ"

ဦးဘသိန်းမှာ ရင်ဘတ်ကလေးဖိပြီး အံ့အားသင့်နေသည်။ မြင်နေရတာ မှန်ပါလျက်နဲ့ ပစ္စုပ္ပန်ကို မယုံချင်ပါ။ ဘာတွေဖြစ်ကုန်ပြီလဲ။

"ဒီတစ်ည လရောင်ခံမယ်၊ နေရောင်ကို လိုအပ်နေတယ်၊ မနက်ဖြန်အထိ ဒီအပေါက်ကို ဖွင့်ထားပေးပါ အမေ"

"ရွာသားတွေ မြင်ကုန်မှဖြင့်"

"နေရောင်ရမှဖြစ်မယ် အမေ၊ နေရောင်မရလို့သာ အလောက်ထိ အချိန်ကြာသွားတာ၊ သိပ်ကြာကြာကြီးမလိုပါဘူး၊ နှစ်ပိုင်းဆို ရပါပြီ"

"အင်းလေ ... ဒါဆိုလည်းဖွင့်တာပေါ့၊ နေရောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရတာ ဆယ့်ရှစ်နှစ်ကြာခဲ့ပြီ၊ အဲဒီလောက်အလင်းဒဏ်ကို အမေ ခံနိုင်ပါတော့မလားမသိ၊ အမေ့မျက်စိက အမှောင်နဲ့ အသား ကျနေပြီ၊ ကဲ . . . လရောင်လည်း သင့်သလောက်ခံပြီးရင် ဝိတ် ကြရအောင်''

ပြောဆိုနေရင်းပင် ကျောက်ချပ်ကြီးမှာ ပြန်စေ့သွား သည်။ ဦးဘသိန်း ပြုံးလိုက်မိသည်။ ကျေကျေနပ်နပ်ကြီး ပြုံးမိ သွားသည်။

လရောင်ကိုမော့ကြည့်တော့ လခြမ်းသည် တိမ်ကြားထဲ ဝင်ရောက်ပျောက်ကွယ်သွားချေ၏။ လရောင်မရှိတော့သည်နှင့် တစ် ပြိုင်နက် မိုးဖွဲလေးများ ကျလာသည်။ သူက မိုးကာအင်္ကျီကို ခေါင်းစွပ်ဆောင်းကာ ခပ်ကုတ်ကုတ် ထွက်လာသည်။

သူ ရွာပြန်ရောက်ချိန်၌ မနက်လေးနာရီ ထိုးပြီးနေပါပြီ။ သူ စိုးရိမ်သွားသည်။ ထူးဆန်းသောမြင်ကွင်းကြောင့် အချိန်လင့် သွားခဲ့သည်။ အရဏ်ဆွမ်းပို့သွားသူများနှင့် ဆုံခဲ့လျှင် သူ့ထံ ဖြေစရာစကား မရှိပါချေ။ သို့သော် မဆုံနိုင်မှန်းသိသည်။ ဘာလို့လဲ ဆိုတော့ ဆရာတော်က ငါးနာရီမှသာ ဘုဉ်းပေး၍ ဖြစ်သည်။

''ဟင် . . . ကိုဘသိန်း မဟုတ်လား''

တွေးပူမိသည်က ဆွမ်းပို့သွားမည့် အမျိုးသမီးများ၏





ဖြစ်သည်။ ယခု တည့်တည့်တိုးသည်က လူကြီးတစ်ဦး။ မောင်သောင်း တို့ ကာလသားအုပ်စုနှင့် ဖြစ်သည်။ မောင်သောင်းတို့လက်ထဲတွင် ဆေါက်ပြား၊ ဂေါ်ပြားများကို ကိုင်ဆောင်ထားသည်။ သူ လန့်သွား သည်။ သူ့ကိုများ စောင့်ဖမ်းကြတာလား။

''အင်း . . . ဟုတ်တယ်''

''အချိန်မတော် ဘယ်က ပြန်လာတာတုံးဗျ''

''အဲ . . . ဟို''

သူ့ထံတွင် ဖြေစရာစကားက အဆင်သင့်မရှိ၍ ရုတ် တရက် မေးလာတော့ အူအူအအနှင့်။

''ဟာ . . . မင်းကလည်း မေးစရာရှားလို့၊ လူကြီးပဲ စိတ်ပူတတ်တာပေါ့ကွ၊ သရက်ချောင်းရေ ကြည့်ပြီး ပြန်လာတာ နေမှာပေါ့၊ မင်းဦးလေး လူကြီးတောင် အိပ်မပျော်နိုင်လို့ ထထ ကြည့်နေသေးတာပဲ မဟုတ်လား''

''အင်း . . . ဒါလည်း ဟုတ်သားပဲ''

သူ အသက်ရှူချောင်သွားသည်။ ထို့ကြောင့်ပင် –

''မင်းတို့က ဘယ်ကပြန်လာကြသလဲ''

''မပုကြွယ်လေ . . . ကလေးမွေးတာ အဲဒါ အသေလေး မွေးလို့ မွေးမွေးချင်းပဲ သင်္ချိုင်းမှာ မြေချပြီး ပြန်လာကြတာ၊



www.burmeseclassic.com

ဝါး . . . တော်တော်ကို အိပ်ချင်နေပြီ''

ပြောပြောဆိုဆိုပင် လူရှုယ်အုပ်စုကြီးက ထွက်သွားသည်။ သူ အသက်ဝဝ ရှူလိုက်သည်။ စိတ်ထဲ ကျေနပ်သလို ပျော်သလို ခံစားရသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ သူ လေ့လာရေး စမ်းရကျိုး နပ်သွားပါပြီ။ ကိုညာဏ်လွင်အပေါ် သုံးနှစ်လုံးလုံး ပဟေဠိဖြစ်ခဲ့ရသည့်ကိစ္စကြီး ပြေသွားသလို ခံစားရသည်။

ကိုညာဏ်လွင်က ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာမှန်း ရိပ်မိလာသည်။ တစ်ချိတည်းနှင့် ကမ္ဘာကျော်သူဌေးဖြစ်ဖို့ အချိကြီးကြံနေမှန်း သူ သဘောပေါက်လာသည်။

ရရိုးလား။ သူ့ကိုတော့ နှစ်ပဲခြောက်ပြားမျှ ငွေကိုပေးပြီး သုံးနှစ်လုံး ဒီရွာထဲမှာ အနေဆင်းရဲ အစားဆင်းရဲနေခိုင်းပြီး စံမြန်းရတော့မှ ရွှေပလ္လင်ပေါ်တက်ထိုင်ချင်တာ တရားရဲ့လား။

ဒီလိုလုပ်လို့ ရရိုးလား။ အခြားလူကိုသာ လုပ်လို့ရချင်ရမယ် ဘသိန်းလိုလူမျိုးကိုတော့ ခေါင်းတုံးပေါ်ထိပ်ကွက် လုပ်လို့ မရဘူး ဟုပင် ရင်ထဲမှ နာနာကြည်းကြည်း ပြောနေမိသည်။

သူ့မျက်လုံးများသည် မျှော်လင့်ချက်များ၊ လောဘများနှင့် ဒေါသစိတ်လွှန်ကဲနေလေတော့၏။



## အခန်း (၁၈)

''ဦးအောင်မြရေ . . . ဦးအောင်မြ''

အရှက်ဦးတုန်းက မောင်သောင်းနှင့်ဆုံခဲ့ကြခြင်းအပေါ်တွင် သူ့အား ဘယ်လိုများ ပြောကြလေမလဲဟု အိုးမလုံအုံပွင့်မိ၍ လောစဖူးပင် ရွာသူကြီးဦးအောင်မြအိမ်၌ လည်ပတ်ကာ စကားပြောနေကြသည်တွင် မောင်သောင်းက မိုးမီးလောင်နေသူပမာ ရေးကြီးသုတ်ပျာ ပြေးလာခဲ့သည်။

''ဟဲ့ . . . ဘာဖြစ်လာတာလဲ၊ အလန့်တကြား ရှိလိုက်တာ''

''ဦးကြီးရယ် ထူးတယ်ဗျို့၊ ထူးကုန်ပြီ''

www.burmeseclassic.com



"ဘာလဲကွ"

"ရွာအစွန် ကိုင်းကွင်းကို ထွက်ကြည့်ဦးဗျို့၊ တစ်ရွာ လုံးလည်း သတ်ပွဲတွေ ဖြစ်ကုန်ကြတော့မယ်၊ မြန်မြန်လာကြ ပါ"

မယိတ်သာမလန့်သာနှင့် အော်ပြောနေသောကြောင့် ဦးအောင်မြရော သူပါ မောင်သောင်းခေါ်ရာနောက်သို့ ပြေးလိုက် လာခဲ့သည်။

"ဟင်"

ရွာအပြင်ရောက်သည်နှင့် တစ်ပြိုင်နက် အံ့ဩစရာမြင် ကွင်းက ဆီးကြိုနေသည်။ မှန်ပါ၏။ လူတိုး၍မရသော ကိုင်းကွင်း သည် ပြောင်ရှင်း၍နေပါပြီ။

မြေပြင်ပေါ်၌လည်း ရိတ်သိမ်းပြီး ကောက်လှိုင်းများ ဖြန့်ခင်းထားကြ၏။ အပုံလိုက်ပင်၊ သူ့အပုံ ကိုယ့်အပုံ ခွဲခြား ထားကြဟန် ရှိသည်။

"ဒါ . . . ဒါက"

"မသိဘူး ဦးကြီးရယ်၊ မနက်လင်းလာတော့ ဒီနေရာမှာ ဒီလိုစပါးတွေ သီးနေတော့တာပဲ"

မြင်ရ၍သာတော်တော့သည်။ သို့သော် မြင်ကွင်းကို





မယုံကြည်ချင်သေးပါ။ ကိုယ်တိုင်မြင်ရသည်ကိုပင် မယုံချင်မှတော့ တစ်ဆင့်စကားသာ ကြားရမည်ဆိုပါက ပြောသောသူကို အရူးဟု သတ်မှတ်ပစ်မိမည်မှာ ကေန်ပင်။

"လူတွေက ဘယ်ရောက်ကုန်ကြပြီလဲ"

"ဟိုး . . . တောစပ်ကကွင်းမှာ သွားလုရိတ်နေကုန် ကြတယ်၊ ကောက်တွေက စိုက်မရတော့ ဘယ်ကရောက်လာ မှန်း မသိတဲ့ စပါးတွေကိုပဲ သတ်ကြတော့မလို လုရိတ်ကုန်ကြ ပြီ"

ဦးအောင်မြ သက်ပြင်းရှည်ကြီး ချလိုက်မိသည်။ ထို သက်ပြင်းတွင် ရှုပ်ထွေးခြင်းတို့ အပြည့်ပါနေကြ၏။ ပြဿနာကို နားမလည်သလို ဖြေရှင်းနည်းကိုလည်း မတွေးနိုင်တော့ပါ။

ထို့ကြောင့်ပင် မြေပြင်ပေါ်၌ စိတ်ပျက်လက်ပျက်ပင် ထိုင်ချလိုက်မိသည်။

ဦးအောင်မြခေါင်းထဲ မီးတောင်ကြီးပေါက်နေရသော် လည်း အကြံသမားဖြစ်သည့် ဦးဘသိန်းကတော့ တစ်ခုခုကို ပြင်းပြင်းထန်ထန် စဉ်းစားနေသည်။

မြို့တက်ရမယ်၊ ငါ သွားသင့်နေပြီ။ ဒီပြဿနာကို ကိုဉာဏ်လွင်က ကောင်းကောင်း သိလိမ့်မယ်ဆိုတာကို သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုညာဏ်လွင်ဆီ အမြန်ခုံးသွားရန် စိတ်ကူး လိုက်တော့၏။



## အခန်း (၁၉)

"အခြေအနေက ဘာထူးသလဲ ကိုဘသိန်း"

ဆေးတံကိုခဲပြီး ခပ်အေးအေးမေးသည်။

"တောရိုင်းမြက်ပင်ကနေ စပါးတွေ သီးလာပြီး လုလိုက်ကြတာ သတ်ပွဲဖြစ်တော့မယ့်အတိုင်းပဲ"

"ဟင်"

ဦးညာဏ်လွင် မှင်တက်သွားသည်။ ခဲနေသော ဆေးရိုးတံပင် လွတ်ကျလုလု ဖြစ်သွားရသည်။

"ဘယ်လို ကိုဘသိန်း . . . တောရိုင်းမြက်ကနေ စပါး သီးလာတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးညာဏ်လွင်သည် အပြင်းအထန် စဉ်းစားနေပုံမျိုးနှင့် မျက်မှောင်ကို တွန့်၍ တစ်လုံးချင်းမေးသည်။ ဦးညာဏ်လွင်သည် သွေးအေးသော လူတစ်ယောက်ဖြစ်သောကြောင့် ဦးဘသိန်းသည် အစစအရာရာ သတိထားလေ့ရှိသည်။

"ဟုတ်တယ်"

"အခြား ဘာတွေဖြစ်သေးလဲ"

"ခင်ဗျား သိပြီးသားကလွဲလို့ သိပ်တွေတွေထူးထူး မရှိပါဘူး"

"သအိုဇာရှိတဲ့နေရာရော ခင်ဗျား စုံစမ်းလို့ရသလား"

သအိုဇာအကြောင်းတော့ ပြောသင့်သည်ဟုထင်သည်။ ဒါမှ အတွေးအကြံရှိသော ဦးညာဏ်လွင်၏ထင်မြင်ချက်ကို နားထောင်ရနိုင်မည်။

"ကျွန်တော် ရက်ပေါင်းနှစ်ဆယ်လောက် တောထဲကို ညတိုင်းသွားတယ်၊ နေ့ ဘာလို့မသွားတာလဲဆိုတော့ အလင်းရောင်ကို ညမှ မြင်ရတော့ ညက ရှာရဖို့ ပိုလွယ်ကူမယ် ထင်လို့ပဲ၊ တစ်ညမှာ ကျွန်တော် သအိုဇာလို့ ယူဆလို့ရတဲ့ မိန်းမတစ်ယောက်ကို တွေ့ခဲ့ရတယ်၊ ဒါပေမဲ့ . . . ထူးဆန်းတာက လက်သုံးချောင်း မဟုတ်ဘူး။ ပုံမှန်အတိုင်း နှစ်ချောင်း ဖြစ်နေတယ်"





ဦးဘသိန်းစကားကြောင့် ဦးညာဏ်လွင်သည် မျက်မှောင်ကျုံ့သွားပြန်သည်။

"သူက ဂူကြီးထဲမှာနေတယ်၊ ဂူထဲက ထွက်လာတာကို တွေ့ပေမယ့် ဂူထဲဝင်ကြည့်ဖို့ အပေါက်ကို ရှာမရနိုင်ဘူး ဖြစ်နေတယ်"

"လက်နှစ်ချောင်းထဲ ဟုတ်လား၊ မူလက လက်သုံးချောင်းဆို၊ ဘယ်လိုဖြစ်ရတာလဲ"

"ကျွန်တော်လည်း ဒါကိုပဲ နားမလည်နိုင်အောင် ဖြစ်နေရတာ၊ သအိုဇာကို မြင်ဖူးတဲ့ ရပ်ရွာလူကြီးနဲ့ ကျောင်းထိုင်ဆရာတော်ရဲ့အပြောစကားအရဆို သအိုဇာမှာ လက်သုံးချောင်းရှိတာ သေချာတယ်"

"သူနေတဲ့နေရာကိုတော့ သိခဲ့ပြီပေါ့"

"ဟုတ်ကဲ့"

"သအိုဇာသာ လက်သုံးချောင်းရှိရိုးမှန်ရင် မြက်ရိုင်းက စပါးသီးလာစရာအကြောင်းမှ မရှိတာ၊ ခပ်ဆန်းဆန်းပဲ၊ ကျွန်တော် တရုတ်ပြည်မှာ နေစဉ်အခါကလည်း ဒီလို ခပ်ဆန်းဆန်းပုံမျိုး ဖြစ်ခဲ့ဖူးတယ်၊ ဒေါသထွက်လာရင် မုန်တိုင်းတိုက်တယ်၊ သူငိုရင် မိုးတွေရွာတယ်၊ သူပျော်နေရင် ရာသီဥတုသာယာတယ်၊ တပြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းနဲ့ သူက ဩဇာအာဏာ ကြီးထွားလာခဲ့လို့ မသမာသူ တစ်စုက သူ့အသက်နှစ်ဆယ့်တစ်အရွယ်မှာ သတ်ပစ်လိုက်ကြ တယ်၊ သူလည်း သေသွားပြီးရော ရှာကလူတွေ တစ်ယောက်ပြီး တစ်ယောက် သေလိုက်ကြတာ နောက်ဆုံး ရွာပျက်သွားတဲ့ထိပဲ''

''ရွာပျက်သွားတယ် ဟုတ်လား''

''ကောလာဟလတွေတော့ အများကြီးပေါ့ဗျာ၊ ဒါပေမဲ့ . . . အဲဒီလို အခြေအမြစ်မရှိတဲ့စကားတွေကို မယုံနိုင်ဘူး၊ ဒါ ကြောင့် ကျွန်တော် စာအုပ်တွေဖတ်ခဲ့တယ်၊ အချို့ပြောကြတာ တော့ အဲဒီလူ့အကြောင်းကို စာရေးဆရာတစ်ဦးက သုတေသန ပြုပြီး စာအုပ်ရေးခဲ့ဖူးတယ်တဲ့၊ ဒါကြောင့် အဲဒီစာအုပ်ကို ကျွန် တော် တစ်နှစ်ကျော်လောက် သဲသဲမဲမဲ ရှာဖွေခဲ့ရတယ်၊ နောက် ဆုံးမှာ ဟောင်းနေပြီဖြစ်တဲ့ စာကြည့်တိုက်မှာတွေ့တယ်၊ စာအုပ် ကလည်း ဟောင်းနွမ်းနေပါပြီ၊ ကံဆိုးချင်တော့ စာအုပ်ကို တွေ့ ပေမယ့် စာအုပ်ပါ အကြောင်းအရာတွေက မစုံတော့ဘူး၊ ကျွန် တော်ရခဲ့တာက စာအုပ်ရဲ့အပိုင်းအစတစ်ခုပဲ''

ပို၍ စိတ်ဝင်စားစရာ ကောင်းလာပါပြီ၊ ထို့ကြောင့် အာရုံ စိုက်ပြီး နားထောင်ဖြစ်သည်။

''ခင်ဗျား . . . ဂူကို အကဲခတ်ကြည့်သေးသလား''





''အင်း . . . ကြည့်ဖြစ်တယ်''

''ဂူထဲမှာ သအိုဇာပြင် အခြားတစ်စုံတစ်ယောက် မရှိ ဘူးလား''

''ရှိတယ်''

''ဗျာ . . . ဘယ် . . . ဘယ်သူလဲ''

''ကျွန်တော်လည်း သေသေချာချာ မသိဘူး၊ အတော် ထူးဆန်းတဲ့လူ ရှိနေတာပဲ၊ သူက တစ်ကိုယ်လုံးစိမ်းနေတယ်''

''တစ်ကိုယ်လုံးစိမ်းနေတယ် ဟုတ်လား''

''ခန့်မှန်းတာပဲ၊ ကျွန်တော်လည်း သိပ်တော့ ရေရေ ရာရာ မမြင်ခဲ့ရဘူး''

စကားပင် ဆုံးအောင်မပြောလိုက်သေးခင်မှာပင် ဦးညာဏ်လွင်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး နံပါတ် များကို နှိပ်၏။

''ဟဲလို သမီးလား . . . သမီးအချိန်ရရင် အိမ်ကို ခဏ လာခဲ့ပါဦး''

ဦးညာဏ်လွင်က ဘယ်သူ့ကို ဖုန်းဆက်လိုက်သလဲဆို တာ ဦးဘသိန်း မသိချေ။ ဦးညာဏ်လွင်ကို နားလည်၍လည်း မရချေ၊ သွေးအေးပြီး တည်ငြိမ်လွန်းသည်။ သို့သော် ယခုမူကား



www.burmeseclassic.com

www.burmeseclassic.com



ဦးညာဏ်လွင်၏မျက်လုံးများသည် ထူးဆန်းစွာ တောက်ပနေသည်။ မကြာခင် ငါ ချမ်းသာတော့မယ်ဟု ပြောနေသယောင် ရှိ၏။

"ဆရာ . . . သမီးကိုခေါ်လား"

အံ့ဩသွား၏။ အခုမှ ဖုန်းဆက်တယ်။ လျှပ်စီးလက်သလို မိန်းကလေးတစ်ယောက်က ပေါ်လာပြန်သည်။ ဘာတွေလဲ။

"မိတ်ဆက်ပေးရဦးမယ်၊ ထိုင်ပါ"

မိန်းကလေးသည် ကိုယ်ဟန်ကိုမတ်ပြီး စမတ်ကျကျလေး ဝင်ထိုင်၏။ အပေါ်ယံကြည့်လိုက်ရုံနှင့်ပင် အဆင့်အတန်းရှိမည့်ပုံက ထင်းခနဲ ပေါ်လွင်နေသည်။ ကော်မလွဲ ပညာတတ်ကလေး ဖြစ်ရမည်။

"ခါနွေဦးတဲ့ . . . ကျွန်တော့်ရဲ့တပည့်မလေးပဲ၊ နွေဦး . . . ဒါက ဆရာရဲ့လုပ်ငန်းပါတနာ ဦးဘသိန်းတဲ့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ကိုဘသိန်းကို ခါနွေဦးနဲ့ မိတ်ဆက်ပေးရတာက အကြောင်းရှိတယ်"

"ပြောပါ"





ကိုညာဏ်လွင်သည် ကျောင်းဆရာဖြစ်ခဲ့ဖူးတယ်ဟုသာ သိထားသည်။ ဘာဆရာမှန်းတော့မသိချေ။ သို့သော် ယခုလိုလှပသောမိန်းကလေးက ဆရာဟု တခမ်းတနားခေါ်လေသော် အခါ အနေရှိန်ချင်သလို ဖြစ်လာသည်။

"ခါနွေဦးက ခင်ဗျားနဲ့အတူ အုံးရွာကို လိုက်ခဲ့လိမ့်မယ်၊ ကျွန်တော့်မှာ ခရီးစဉ်ရှိလို့ နောက်ဆယ့်ငါးရက်နေမှ လိုက်လာခဲ့မယ်၊ ဒါကြောင့် . . . ခါနွေဦးကိုခေါ်သွားပါ၊ ခင်ဗျား ရှာမတွေ့တဲ့ ဂူပေါက်ကို ခါနွေဦး ရှာနိုင်လိမ့်မယ်"

လှောင်ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားလိုက်ရသည်။ သူလို တောကျွမ်းတဲ့ယောကျ်ားရင့်မာကြီးတစ်ယောက်တောင် သုံးနှစ်လုံး ဘာသတင်းမှမရခဲ့ချေ။ သတင်းပြန်တော့လည်း ညပေါင်းနှစ်ဆယ်ရှာမှ တွေ့ခဲ့သောနေရာတစ်ခု။ ပြီးနောက် သူရှာမတွေ့နိုင်တဲ့ ဂူပေါက်ကို ဒီလို ပျော့ညံ့ညံ့မိန်းကလေးက ရှာဦးမယ်ဆိုပဲ။ ရယ်စရာပဲ ကောင်းနေတော့သည်။

"ကဲ ခါနွေဦးရေ . . . ပြင်ဆင်စရာရှိတာကို ပြင်ဆင်ပါ၊ မနက်ဖြန် ကိုဘသိန်းနဲ့အတူ အုံးရွာကို ခရီးဆက်ပေတော့"

"ဟုတ်ကဲ့ ဆရာ"

ဘာသဘောလဲ။ ဦးညာဏ်လွင်က သူနဲ့အတူ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးကို ထည့်လိုက်တာလဲ။

ဆရာဆိုတာက ဘာအဓိပ္ပာယ်လဲ။ ဦးဉာဏ်လွင်က ဘာဆရာမို့လဲ။ ပဟေဠိများစွာက ရင်ထဲ မွှေနှောက်၍နေလေသည်။ ရန်ကုန်သို့ရောက်တုန်း ခဏတွင် ဦးဉာဏ်လွင်အိမ်၌သာ တည်းခိုဖြစ်ရာ အနားယူဖို့ ခွဲခွာချိန်ထိ နားမလည်မှုတွေက ပြည့်သိပ်စွာ။ အပေါ်ထပ်သို့တက်ကာ အနားယူဖြစ်ချိန်ထိလည်း စိတ်ထဲ စနိုးစနောင့်ဖြစ်နေသောကိစ္စကို ဖြေရှာမတွေ့နိုင်သေးပေ။

တစ်ခုခုတော့ ထူးဆန်းနေသည်။ တစ်ခုမကလည်း ထူးဆန်းနေသည် ဦးဉာဏ်လွင်၏အကြည့်တွေက ဘာတွေလဲ။ ဘာအဓိပ္ပာယ်လဲ။ ဖုန်းဆက်ခေါ်လိုက်သော မိန်းကလေးက ဘာကြောင့် မိနစ်ပိုင်းအတွင်း ရောက်လာရတာလဲ။ သူ သိချင်သည်။

ဦးဉာဏ်လွင်သည် ကျောင်းဆရာတစ်ဦး။ မျိုးရိုးစဉ်ဆက် ချမ်းသာလာသူအဖြစ်သာ အပေါ်ယံမြင်ထားခဲ့သည်။ ထိုအမြင်သည် အလွဲကြီးလွဲနေပြီဆိုတာ သိသော်လည်း ဘယ်နေရာကနေစလို့ ဘယ်လိုလွဲနေမှန်း မသိပေ။ တစ်ခုခုတော့ ရှိရမည်။ မသိတာကို သိအောင်လည်း လုပ်ရမည်။

ဦးဉာဏ်လွင်၏အိမ်သို့ ဘယ်အချိန်လာလာ အိမ်ရှေ့တွင် ကားသည် သုံးစီးထက်မနည်း ရှိနေတတ်သည်။ ဦးဉာဏ်လွင်





အပိုင် ကားများဟု ထင်ခဲ့သည်။ သို့သော် ယနေ့ ခါနွေဦးကို ချတ်တရက် တွေ့လိုက်ရသောအခါ မရေရာခြင်းများက ပို၍ ပိုပြင်းလာတော့သည်။

သူစောင့်ကြည့်ရလိမ့်မည်။ ဦးဉာဏ်လွင်သည် ထူးဆန်းနေတာ တစ်ခု,နှစ်ခုမကတော့။ သဒိဇာနှင့်ပတ်သက်ပြီးမှ ဘယ်လောက်ထိ သိထားသလဲ။ သိထားလို့သာ ဂူထဲ သဒိဇာအပြင် ဘယ်သူရှိသေးသလဲဟု မေးနိုင်ခြင်းသာဖြစ်သည်။

သူမြင်ခဲ့ရသောမြင်ကွင်းသည် ယခုတိုင်ထိ စိတ်သန္တာန်ထဲမှ မဖျောက်ပစ်နိုင်သေးချေ။

လူသားတစ်ဦးဆိုတာလည်း သေချာလှသည်။ စကားသံကိုလည်း ကြားခဲ့ရသည်။ ဆံပင်က ဘာလို့ အုန်းခွံရောင်ဖြစ်နေပြီး ဘာလို့ တစ်ကိုယ်လုံး စိမ်းနေရတာလဲ။ ပြီးနောက် မတ်တော်ကြီးရပ်နေသေးသည်။

မြင်ကွင်းကို အာရုံစိုက်၍ မြင်ယောင်ကြည့်ပြန်သည်။ ဂူထဲ၌ အလင်းအမှောင်မကွဲပြားသော်လည်း မြင်လိုက်ရသော မြင်ကွင်းသည် ကျောချမ်းချင်စရာကောင်းလှသည်။ ဘာတွေဖြစ်ကုန်တာလဲ။ နားကို မလည်နိုင်ပါ။ အများပြောပြသလို သဒိဇာက တိမ်ညွန့်စားတဲ့စုန်းမ,ဖြစ်နေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



သူ ငယ်စဉ်အခါက စုန်းမပုံပြင်များ ကြားခဲ့ဖူးသည်။ တစ်ချိန်က တကယ်အဖြစ်အပျက်များသည် သက်သေမရှိသော အခါ အချိန်ကြာလာသည်နှင့်အမျှ ပုံပြင်၊ ဒဏ္ဍာရီအဖြစ် ပျက်ပြယ် ကြရသည့် နိယာမကို သူသိနေ၏။

“သား ငယ်ငယ်က မကြာခဏဖျားတယ်၊ စုန်းဆိုတဲ့ အမျိုးက ချစ်ရင်လည်း ကိုက်သလို၊ မချစ်ပြန်လည်း ကိုက်တာပဲ တစ်လကို တစ်ကြိမ် ကြက်တစ်ကောင်ကျ စုန်းမကို ချက်ကျွေး နေရတယ်”

ဆုံးသွားပြီဖြစ်သော အမေက မကြာခဏ ပြောခဲ့ သောစကား ဖြစ်၏။ ထို့ကြောင့် စုန်းဆိုသောအရာကို သူ မုန်း ခဲ့ဖူးသည်။ အိမ်၌ပင် ကြက်ခြေထောက်စွပ်ပြုတ်ကို လုယက်စား သောက်နေချိန်တွင် စုန်းမဆိုသူအား ဆက်သနေခြင်းကို မယုံ လားပေ။

မုန်းသည်။ ထိုစိတ်သည် ရင်ထဲ အမြစ်တွယ်ခဲ့သည်ထင် ရဲ့။ စုန်းမုန်သမျှကို နှိမ်နင်းချင်သည်။ စုန်းအတတ်ပညာကိုလည်း မုန်းတီးသည်။ ထို့ကြောင့်ပင် ဦးဉာဏ်လွင် ပေးအပ်သော အလု တာဝန်ကို လက်ခံခဲ့ခြင်းဖြစ်၏။ သို့သော် မယုံခဲ့သောစုန်းပညာ ယုံရတော့မည့်အခြေအနေသို့ ရောက်လာသည်။





ထိုညက မြင်တွေ့ခဲ့ရသည်မှာ အမှန်တကယ် ဖြစ်၏။ နိုင်တီးထားသော အတုအယောင် မဟုတ်ပေ။

အရပ်ကပြောသော သအိုဇာသည် စုန်းမဆိုခြင်းကို ယုံ၍ မရတော့ပေ။ အရပ်ကတော့ စုန်းဟု ဟင်ပွန်းတပ်သော် သည်း ဦးဉာဏ်လွင်ကတော့ ခပ်အေးအေးပင်။ ထူးဆန်းမှုတစ်ခု အဖြစ် သတ်မှတ်ထားပုံရသည်။ အံ့ဖွယ်အဖြစ် စောင့်ကြည့်နေခြင်း သည် သူ့အတွက် ပဟေဠိဖြစ်၍ နေလေသည်။

ဦးဉာဏ်လွင် ချမ်းသာနေတာ ဒီလုပ်ငန်းကြောင့်လား အုပင် သံသယဝင်လာမိသည်။

စာအုပ်က ဘာတွေရေးထားတာလဲ၊ သအိုဇာလို ဖြစ်ခဲ့ သော လူသားက ဘာတွေ ထူးဆန်းခဲ့တာလဲ၊ သိချင်လာသည်။ ထို့ကြောင့် စာအုပ်ကို သတိရလာ၏။ တရုတ်ပြည်၌ ဖြစ်ခဲ့သော စွ ဖြစ်သောကြောင့် တရုတ်လို ရေးသားလိမ့်မည်ဟု တွက်ဆ သည်။

တရုတ်လို သူမတတ်တာ။ သို့သော် တိုးတက်နေ သာခေတ်ကြီးထဲတွင် ကိုယ်မတတ်သောပညာရပ်အတွက် ငွေ ပြီး ငှားရမ်း၍ ရနိုင်ပြီဖြစ်သည်။ ငွေကို အစွန်အဖျားမျှသာ ပြီး လက်ညှိုးထိုးခိုင်းနေသော ဦးဉာဏ်လွင်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



အချို့နေရာများတွင် မကျေနပ်ပေ။ ခနရှင်ဆန်လွန်းသည်ဟု ထင်သည်။

"ဒေါက် ဒေါက်"

"ဘယ်သူလဲ"

ဟုလည်း ပြောကာ တံခါးကို ဖွင့်ပေးလိုက်သည်။ ထမင်း လာပို့နေကျ မမြရင်ဖြစ်သည်။

မမြရင်သည် ဤအိမ်ကြီး၏တစ်ဦးတည်းသော အိမ်တော်ထိန်းဖြစ်သည်။ အသက်ကြီးပြီဖြစ်သော်ငြား လူငယ် တစ်ဦးလို ပေါ့ပါးသွက်လက်လှသည်။

"ထမင်းလာပို့တာပါ"

ဟုဆိုကာ လင်ပန်းကြီးကို မပြီး အခန်းထဲဝင်လာသည်။ ဟင်းအမျိုးအမည်သည် သိပ်များများစားစား မဟုတ်ချေ။ ကြက်ဥ ကြော်၊ ချဉ်ရည်ဟင်းတစ်ခွက်၊ ငါးရံ့ခြောက်ဖုတ်ဆီဆမ်း။ ကန်စွန်း ရွက်အကြော်နှင့် ထမင်းဖြူတစ်ပန်းကန်ပြား။

ရေခဲသေတ္တာအသေးစားလေးကို အခန်းထဲထည့်ပေး ထားသည်ဖြစ်၍ ရေဆာလျှင်ပင် အခန်းထဲမှ ထွက်စရာမလိုပေ။ အဆင့်မြင့်ဟိုတယ်တစ်ခုတွင် တည်းနေရသလိုပင် အခွင့်အရေး တော့ အပြည့်အဝ ရသည်။





"လိုအပ်တာရှိရင် ဘဲလ်နှိပ်ပြီး ခေါ်လိုက်ပါ"

ဟုသာ လိုတိုရှင်းပြောပြီး ထွက်သွားပြန်သည်။ သာမန် အားဖြင့် ကျေနပ်စရာကောင်းနေသော်လည်း ဘဝင်မကျပေ။ သူ တို့အိမ်ကြီးနှင့် အဆက်အသွယ်ဖြတ်ထားသည်ဟုထင်သည်။

ထို့ကြောင့်ပင် ချကျွေးသောညစာကို မစားဘဲ ထိုင်ကြည့် နေမိသည်။

ထိုစဉ် ခြံဝင်းထဲသို့ ကားတစ်စီးဝင်လာသည်ဟု ခံစားရ သည်။ သရက်ပင်အိုကြီးဆီသို့ မာကျူရီရောင် ဖြာခနဲကျရောက် သွားပြီးမှ ပြန်လည်မှောင်ကျသွားသည်။ ကားစက်သံကို နားစွင့် မိသော်ငြား ပကတိငြိမ်သက်၍နေလေသည်။

သူ့စိတ်ထဲ ဇဝေဇဝါဖြစ်သွား၏။ ထို့ကြောင့် ပြတင်းမှ တစ်ဆင့် အောက်သို့လှမ်းကြည့်လိုက်သောအခါ ကားနှစ်စီးသာ ရှိတော့သည်ကို တွေ့ရသည်။

ဒါဆို ကားက ဝင်လာတာမဟုတ်ဘဲ ထွက်သွားတာဆိုတဲ့ သဘောပေါ့။ ဘယ်သူများလဲ၊ ဦးဉာဏ်လွင်လား။ ဦးဉာဏ် လွင်သာ ထွက်သွားရိုးမှန်ရင် အိမ်ထဲ၌ မမြရင်နှင့်ခါနွေဦးဆိုသည့် မိန်းကလေးသာ ကျန်လိမ့်မည်။ ဒီအချိန်သည် သူ လှုပ်ရှားဖို့ အကောင်းဆုံးအချိန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အပြင်ထွက်ဖို့ ကြံရွယ်ပြီးခါမှ အိမ်၌ ခါနွေဦးအပြင် အခြားတပည့်များ ရှိနေကြဦးမလားဟု တွေးမိပြန်သည်။ သို့သော် ခုနေချိန် တွေ့ဝေနေ၍မရမှန်းလည်း သိ၏။ ထို့ကြောင့် ငှုနိုင်မနေ တော့ဘဲ အခန်းပြင်သို့ ခပ်ရဲရဲပင် ထွက်လာခဲ့သည်။

ကံကောင်းစွာပင် အခန်းအပြင်၌ လူမရှိပေ။ ဦးညာဏ်လွင် ၏အိမ်သည် ကြီးလွန်းနေသည်ဟုထင်သည်။ ကျယ်ဝန်းသော ခန်းမဆောင်တစ်လျှောက် တိတ်ဆိတ်၍နေသည်။ သူ့ကို ပထမ ထပ်၌ အခန်းပေးထားသည်ဖြစ်ရာ အောက်ထပ်သို့ ခြေသံဖွဖွနင်း ကာ ဆင်းလာခဲ့သည်။ စာကြည့်ခန်းကို ရှာရမည် ဖြစ်သည်။

စာကြည့်ခန်းထဲတွင် ထိုစာအုပ် ရှိနေနိုင်သည်။ ထိုစာ အုပ်ကို ရရှိပါက လျှို့ဝှက်ချက်ကိုသိနိုင်မည်ဖြစ်သည်။ သူများပေး ထားသလောက် ငွေလေးနှင့် မတင်းတိမ်ချင်ပါ။ သူများ ချမ်းသာစို အရေး အသက်စွန့်ကြိုးပမ်းပေးခြင်းသည် ကျွန်မည်ပေ၏။ သူ သည် ကျွန်တစ်ယောက် မဟုတ်ပါချေ။ ဦးညာဏ်လွင်နှင့် သူသည် ရင်းနှီးသောမိတ်ဆွေများသာ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန် အလုပ်ကို သူ မလုပ်လိုပါ။ နိုင်းသမျှပဲလည်း မလုပ်လိုပေ။

"အခုပြောမယ့်စကားတွေကို သေသေချာချာ နားထောင် သမီး"





အခန်းတစ်ခန်းရှေ့သို့ အဖြတ်တွင် ဦးညာဏ်လွင်၏အသံ ကို မထင်မှတ်ဘဲ ကြားလိုက်ရသည်။ သူ လန့်သွား၏။ ဒါဆို ဦးညာဏ်လွင်က အိမ်ထဲမှာ ရှိနေတာပေါ့။ ဒါဆို ထွက်သွားတဲ့ ကားက ဘယ်သူ့ကားလဲ။

သူ မရောက်ခင်တည်းက ထွက်သွားသူက ရှိနေတာပေါ့။ အိမ်ထဲမှာ ဘယ်နှစ်ယောက်ရှိနေတာလဲ။ ရှိနေသူများကလည်း ဘာလို့များ လူသေလို တိတ်ဆိတ်နေကြတာလဲ။

"ဒီပရောဂျက်ဟာ အင်မတန်အရေးကြီးလို့ သမီးကို ဆရာ လွှတ်ရတာပဲ"

"နွေဦး ရိပ်မိပါတယ် ဆရာ"

"အန္တရာယ်လည်း များတယ် သမီး၊ ဒါပေမဲ့ သစ်ပင်တွေ အကြောင်း ကျွမ်းကျင်တဲ့လူဆိုလို့ ဆရာ့တပည့်ထဲမှာ သမီးပဲ ရှိတယ်၊ မြေအနေအထားကိုလည်း သမီးက ခန့်မှန်းတတ်တယ်၊ ဒါကြောင့် ... အန္တရာယ်များမှန်း သိပေမယ့် သမီးကို ရွေးချယ် လိုက်ရတာပဲ"

"ဟုတ်ကဲ့ ဆရာ"

"လူသားသစ်ပင်အကြောင်း ထိုက်သင့်သလောက် သိ နေတဲ့ လူကလည်း သမီးပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“လူသားသစ်ပင် ဟုတ်လား ဆရာ”

“ဟုတ်တယ်၊ ကိုဘသိန်းက အကုန်မြင်ခဲ့ပြီး ဆရာ့ကို အကုန်မပြောတာလည်း ဖြစ်နိုင်သလို သူလည်း မယုံနိုင်စရာ ကောင်းတဲ့ကိစ္စကို လက်မခံချင်တာလည်း ဖြစ်နိုင်တယ်၊ ပြီးတော့ သာမန်ကာ လျှံကာမြင်ခဲ့တာလည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဆရာ ခန့်မှန်းမိတယ်၊ သူမြင်ခဲ့တဲ့ အစိမ်းရောင်လူက သစ်ပင်ပဲ ဖြစ် လိမ့်မယ်”

မှန်ပါသည်။ ဦးဉာဏ်လွင် ခန့်မှန်းနေတာသည် မလွဲ ပေ။ သူမြင်ခဲ့သည်က သစ်ပင်တစ်ပင်ဖြစ်သည်။ စိမ်းသောချော ကိုယ်ပေါ်တွင် အရွက်လေးများပါ ထွက်နေသည်။ ထိုအချင်းအရာ ကို သူကိုယ်၌ပင် မယုံခဲ့ပါချေ။ သူ အံ့ဩမိ၏။ ကိုယ်တိုင်မြင်ခဲ့ သောသူပင် ဇဝေဇဝါဖြစ်နေသည့်ကိစ္စကို ဦးဉာဏ်လွင်က တိတိ ကျကျ သိနေလေသည်။ ဘယ်လိုသိနေတာလဲ၊ နံရံကို ကိုယ်နှင့် တစ်သားတည်းကပ်ကာ နားစွင့်နေမိပြန်သည်။

“ဘယ်လိုပုံလည်းဆိုတာကို ဆရာလည်း မြင်ဖူးချင် တယ်၊ အမေရိက,ကလည်း မသွားမဖြစ်ကိစ္စမို့ပဲ”

“ဟိုမှာ ဆရာကြာဦးမှာလား”

“အလွန်ဆုံး ရက်နှစ်ဆယ်လောက်ပေါ့။ ပြီးတာနဲ့ ဆရာ





လိုက်လာခဲ့မယ်၊ ဘာပဲဖြစ်ဖြစ် သတိထားပါ၊ နယ်မြေလည်း ကြမ်းပုံရတယ်၊ သူများ ခြောက်တိုင်းလည်း မကြောက်ပါနဲ့၊ တန် ခိုးရှိတယ်ဆိုတာ အကြောင်းအရင်းရှိကြလို့ပဲ၊ အဲဒီအကြောင်း အရင်းကို သိချင်ကြလို့ ဆရာတို့ သုတေသနသမားတွေဆိုတာ ဖြစ်ပေါ်လာခဲ့ရတာပဲ”

“နွေဦး မကြောက်ပါဘူးဆရာ”

“ဆရာ ခန့်မှန်းမိပြီးသားပါ၊ ဆရာ သိသလောက် ပြော ပြမှာမို့ ဒီစကားတွေက သမီးအတွက်လည်း အထောက်အကူ ဖြစ်လာနိုင်ပါတယ်”

“တစ်ချိန်က ယောက်ျားတစ်ယောက် ရှိခဲ့ဖူးတယ်၊ အချိန်အားဖြင့်တော့ သိပ်ကိုကြာခဲ့ပါပြီ၊ ခန့်မှန်းခြေ နှစ်ငါးရာနီးပါး ကြာခဲ့ပြီ၊ သူမှာ လက်မောင်းသုံးချောင်းရှိတယ်၊ လူစင်မမီတဲ့ ကလေးမို့ ရွာက ကျင်ထားကြတယ်၊ ဒါကြောင့် . . . တောထဲမှာ ကြီးလာခဲ့တယ်၊ သူက ကမ္ဘာမြေကြီးကို အမိန့်ပေးနိုင်စွမ်းရှိသူမို့ လူတွေက သူ့ကို ကြောက်ကြောက်နဲ့ ကိုးကွယ်ကြရတယ်၊ ဒါပေမဲ့ သူ အသက်နှစ်ဆယ်ပြည့်တဲ့အချိန်မှာ သူ့ရဲ့လက်မောင်းတစ်ဖက်က အလိုလိုနေရင်း ကွယ်ပျောက်သွားခဲ့တယ်၊ သူလည်း အရူးလိုဖြစ် သွားခဲ့တယ်၊ သူပြောတာက သူသာ သစ်ပင်တစ်ပင်ကို ဖန်တီးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မယ်ဆိုရင် သူ အဲဒီလောက်ထိ ဝမ်းနည်းရမှာမဟုတ်ဘူးတဲ့၊

လူတွေပြောကြတာတော့ သူ့လက်မောင်းကြီး ပျောက်ကွယ်မသွားခင်မှာ သူ့ လက်မောင်းကနေ အရွက်တွေ ထွက်လာတယ်လို့ ပြောကြတယ်၊ ဒါပေမဲ့ . . . ဒါက သိပ်မသေချာတဲ့ ကောလာဟလတွေပါ . . .၊

ဒီလူလည်း ဒီစိတ်နဲ့ပဲ သေသွားခဲ့တယ်။ သူမသေခင်မှာ ပြောသွားတယ်၊ မြေကြီးက သိပ်ကို စိတ်ဆိုးနေပြီတဲ့၊ မကြာခင် မီးတွေ ထွက်လာလိမ့်မယ်တဲ့၊ ကောင်းကင်ကလည်း စိတ်ဆိုးတယ်တဲ့၊ မီးမိုးတွေ ရွာလိမ့်မယ်၊ အဲဒီလို ပြောသွားတယ်၊ သူ မကြာခင်မှာ သေသွားတယ်၊ ထူးထူးဆန်းဆန်းပဲ သူ သေသွားတဲ့ နှစ်မှာ သူနေတဲ့ မြို့ကြီးအပြင် ရွာနီးချုပ်စပ်မှန်သမျှ အပင်တွေ မဖြစ်ထွန်းလို့ အငတ်ဘေးဆိုက်တယ် . . .၊

ပြီးတော့ . . . မီးတောင်တွေထွက်လာပြီး ပေါက်ကွဲမှုတွေ ဖြစ်တယ်၊ ပြီးတော့ ပြာမှုန်မိုးတွေရွာပြီး ရွာပျက်သွားတယ်၊ ဒါ့ထက် ထူးဆန်းတာတွေ ရှိနေနိုင်သေးပေမယ့် နောက်စာရွက် အပိုင်းအစတွေကို ရှာလို့မရတော့ဘူး''

''အခု . . . အုံးရွာကအဖြစ်နဲ့ တူနေသလားဆရာ''

''တူမယောင်နဲ့ ကွဲနေတယ်၊ ဆရာလည်း တိတိကျကျ





မသိဘူး။ ပဟေဠိတွေချည်း ဖြစ်နေတယ်၊ ဒါကြောင့် အဖြေသိရအောင် ကြိုးစားကြည့်နေတာပဲ၊ ဘာကြောင့် . . . သေခါနီးမှာ ဘာကြောင့် သစ်ပင်တစ်ပင်ကို ဖန်တီးနိုင်ခဲ့ရင်လို့ အဲဒီလူ ပြောသွားရတာလဲ၊ ဘာကြောင့် လက်မောင်းတစ်ဖက်က အလိုလို ကွယ်ပျောက်သွားရတာလဲ၊ မကွယ်ပျောက်ခင် ဘာကြောင့် သစ်ရွက်တွေ ထွက်လာရတာလဲ၊ ထူးဆန်းမနေဘူးလား၊ ပြီးတော့ အခုက လူသားသစ်ပင် ဖြစ်နေပြန်တယ်''

''ဆရာ . . . တစ်ခုခုကို တွေ့ရှိထားပြီလား''

''သူသာ လူသားသစ်ပင်မှန်ခဲ့ရင် နုစဉ်အခါမှာ အမြစ်မှာ ကပ်တွယ်နေဦးမှာပဲ၊ ဒါပေမဲ့ . . . ပေါ်မုန်းအပြောင်းအလဲ ဖြစ်လာရင်တော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တယ်''

''ဘာကိုဆိုလိုတာလဲ ဆရာ''

''သစ်ပင်ပဲဖြစ်စေ၊ လူပဲဖြစ်စေ အသက်ရှိတာမှန်သမျှ ပြောင်းလဲကြတာပဲ၊ လူမှန်ရင်၊ အရွယ်ရောက်ရင် အိမ်ထောင်ကျမယ်၊ ကလေးမွေးမယ်၊ သစ်ပင်ဆိုလည်း အချိန်တန်ရင် သီးရတယ်၊ ပွင့်ရတယ်၊ ဒါက သဘာဝကို ပြောတာပါ၊ ဒါပေမဲ့ တိကျတဲ့အဖြေတော့ မရှိဘူး၊ စောင့်ကြည့်ရမှာပဲ၊ ပြောနိုင်တာ တစ်ခုတော့ရှိတယ်၊ သူက ထူးခြားလို့ နက်နဲမှုတစ်ခုကို မယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် တွေ့ရနိုင်တယ်၊ ခု ကိုဘသိန်းစကားအရ သူထွက်ပေါ်လာတဲ့အချိန်မှာ တောရိုင်းမြက်ပင်တွေကနေ စပါးတွေသီးနေတယ်တဲ့၊ ဒါ့ထက် ထူးဆန်းတာမျိုး တွေ့ကြုံရနိုင်တယ်၊ ဒါ့ထက် ဆန်းပြားတဲ့ ဇီဝဖြစ်စဉ်ကို ကြုံတွေ့ရရင် ဆရာခန့်မှန်းမိတာတွေ က မှန်နေပြီ''

''ဘာ ခန့်မှန်းမိလို့လဲ ဆရာ''

''သူက အပင်တွေရဲ့ဘုရင် ဖြစ်လိမ့်မယ်''

''ရှင်''

''ဒါ့ထက် သိရအောင် ဒါ့ထက် ပိုလေ့လာရမယ်၊ တောထဲမှာ အခက်အခဲမျိုးစုံ ကြုံရနိုင်တဲ့အတွက် သေသေချာချာ ပြင်ဆင်သွားပါ''

''ဟုတ်ကဲ့ ဆရာ''

''အစစအရာရာ သတိရှိဖို့ မှာချင်တယ်၊ ငါ့တပည့် အောင်မြင်ပါစေကွာ''

ဦးဘသိန်း သက်ပြင်းချမိသည်။ ထိုသက်ပြင်းထဲတွင် လောဘများ နှောယှက်ပျော်ဝင်နေသည်။ လူသားသစ်ပင်၊ လူသားသစ်ပင်။

@ @



## အခန်း (၂၀)

''အို ... လုလိုက်တာဟယ်၊ သူဌေးကိုဘသိန်းရဲ့တူမဆိုပဲ၊ မြို့သူလေး စက်စက်ကိုယိုလို့''

တစ်ရွာလုံးတွင် ခါနွေဦး၏ဂုဏ်သတင်းသာ ကြီးစိုးနေလေသည်။

ခါနွေဦးသည် ရွာသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဘုန်းကြီးကျောင်းသို့ဝင်ကာ ကျောင်းထိုင်ဆရာတော်အား ဂါရဝပြုသည်။ ရပ်မိရပ်ဖများကို လိုက်လံနှုတ်ဆက်သည်။

ရွာလေသည် ဆရာတော်နှင့် ရပ်ရွာလူကြီးများကိုသာ ကိုးကွယ်ကြခြင်းဖြစ်သည်ကို ခါနွေဦးက ကောင်းစွာသိ၏။ ရွာတွင်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းကင်းနေရဖို့အရေးသည် ရပ်ရွာ၏ချစ်ခင်မှုအပေါ် များစွာမူတည်သည်။

"မြို့သူလေး . . . ကျုပ်တို့ရွာကို အလည်လာတာလား"

"ပျော်သလောက်နေဖို့ ဆန္ဒရှိပါတယ်၊ အုံးရွာက လက်ခံရင်ပေါ့"

"ကြိုက်သလောက်နေ၊ ပျော်သလောက်သာ စိတ်ရှိတိုင်း နေပါတော်၊ ရွာမှာ အချော်အလှတိုးတာပေါ့၊ ရွာသာလို့ ညည့်သည်ရောက်တယ်လို့ သဘောထားပါတယ်၊ ကျုပ်နာမည်က အေးလှတဲ့တော့၊ ပျင်းရင် ကျုပ်တို့လယ်ထဲ လိုက်လည်လို့ ရပါတယ်"

"ကျုပ်တို့လယ်လည်း လည်လို့ ရပါတယ်တော်၊ ကျုပ်ကလည်း ခင်တတ်ပါတယ်၊ ကျုပ်က အေးပုတော့"

အစရှိသဖြင့် လာရောက်နှုတ်ဆက်ကြသော လုံမပျိုများလည်း ရှိသည်။ သနပ်ခါး ပါးကွက်များနှင့် လုံမများသည် ရွက်ကြမ်းရေကျိုများ ဆိုသော်ငြား ခင်မင်ဖို့ကောင်းသည်။ မျက်လုံးများသည် ရိုးစင်းကြသည်။ ခံတွင်းနှုံးများသည် သင်းပျံ့ကြသည်။

"မြို့သူလေးက ချောတော့ ကျုပ်က စိတ်ပူတယ်တော့၊ ကျုပ်တို့ရွာက စုန်းပေါတယ်"





"စုန်း . . . ဟုတ်လား"

"ဟယ် နှင်းအေး . . . နင်ကလည်း အရင်းမရှိ အဖျားမရှိ အလယ်က ဖောက်ပြောမနေနဲ့လေ၊ မြို့သူလေး လန့်သွားဦးမယ်"

နှစ်ရက်သုံးရက်နေပြီးသောအခါ ရွာသူများနှင့် ခင်မင်လာသည်။ ထို့ကြောင့် အတွင်းစကားများ ပါလာကြကုန်၏။

"အို . . . လန့်ခါမှလန့်ပြီပါရော၊ ကြိုသိထားတာမှ တန်ကာကျဦးမယ်၊ ရုတ်တရက်သိဆို လန့်ပြီး ထွက်ပြေးရင် ကျုပ်တို့ လွမ်းကျန်ရစ်ကြရမှာပဲ"

"ဘာမှမကြောက်နဲ့နော် . . . သူက ရွာထဲမလာလို့ အန္တရာယ်တော့ မပြုနိုင်ပါဘူး"

"အဲ အေးလှ . . . တော်က ဒေါ်သအိုဇကြီးအကြောင်း ပြောတာလား။ ကျုပ်ကတော့ မပုကြွယ်ကြီးအကြောင်း ပြောချင်တာတော့"

"နင် မပြောပါနဲ့ . . . ကျုပ်ပဲပြောမယ်၊ ဒီလို မြို့သူရေ . . . မပုကြွယ်က စုန်းမလေ"

မပုကြွယ်ဆိုသူကို နွေဦး သိသည်။ အရပ်ပုပု၊ ဆံပင်ဖွာလန်ကျဲနှင့် ဖြစ်သည်။ မျက်လုံးတွေက ဂနာမငြိမ်ဖြစ်နေသည်။ နွေဦးအမြင်တွင် စိတ်ရောဂါဖြစ်နေသည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလေးကို သူ့ဘာသာသူ စားပစ်တယ်လို့ ပြောကြတာပဲ"

"အသေလေး မွေးတာပါဟယ်"

"ဘယ်က သေရမလဲ၊ မပုကြွယ်က ချေးစားစုန်းဖြစ်နေတဲ့ဟာကို"

"ချေးစားစုန်း ဟုတ်လား။ အဲဒါ ဘာလဲ နွေဦးကို ရှင်းပြပါလား"

နှိုက်တည်းက ပြောချင်နေကြသူများသည် နွေဦးက ထိုသို့စကားလှမ်းထောက်သောအခါ သူ့ထက်ငါ ဦးအောင်ပြောနိုင်ရေးအားယူကြပြန်သည်။

ရွာသူများမို့လားမသိ။ အေးလှရော၊ အေးပုရောနှင့် အေးပါ ရှိသားကြသည်။

"စုန်းထဲမှာ အနိမ့်ဆုံးစုန်းပေါ့၊ မြို့သူလေးရယ် ... ချေးစားစုန်း။ ဟိုးအရင်ကဆိုရင် စုန်းမများ ထမင်းချက်ထားရင် မစားရဲဘူး"

"ဘာလို့လဲ မအေးလှ"

"ဘာဖြစ်ရမှာလဲ၊ စုန်းမများ ဟင်းချက်ကောင်းမှ ကောင်း၊၊ စုန်းချက်တဲ့ဟင်း လျှာဖျားမှာစွဲလို့၊ သူတို့ချက်ပြုတ်





နေတုန်းအချိန်တော့ အိုးကို မဖွင့်မှားမိနဲ့ သွေးတက်သေသွားမယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ လူမမယ်ကလေးလေးတွေကို အိုးထဲထည့်ထားတယ်လေ၊ ဝမ်းတွင်းစုန်းဆိုတဲ့အမျိုး။ အဲဒီအထဲမှာ အဆိုးဆုံးပဲ"

"ဝမ်းတွင်းစုန်း ဟုတ်လား။ အဲဒါက ဘာလဲ"

"သြော် ... ရိုးရန်ကော မြို့ကြီးသူရယ်၊ ဝမ်းတွင်းစုန်းဆိုတာမျိုးက မိခင်ရဲ့ဝမ်းထဲမှာ သန္ဓေတည်စဉ်တည်းက တတ်လာတဲ့ စုန်းပညာ၊ အခင်မတန်စွမ်းတာ"

"အို ... ရှင်တို့ရဲ့ဝမ်းတွင်းစုန်းက ဘယ်လောက်စွမ်းစွမ်း တိမ်ညွှန့်စားတဲ့စုန်းကိုတော့ မမီပါဘူး"

/"အရွှမ အေးပုရဲ့ ... ဝမ်းတွင်းစုန်းက စုန်းသက်ကြာလာရင် တိမ်ညွှန့်စားတာပဲလေ"

"အောင်မယ်လေး ... ပြောရင်းဆိုရင်း ကျောချမ်းပါတယ်၊ ကြည့်လည်း ပြောကြနော် ... မှန်းလွဲသွားရင် မပြောကြနဲ့တော့"

"ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး မြို့သူရယ် . . . ဗဟုသုတကလည်း နည်းပါပေ့၊ စုန်းတွေက မွန်းလွဲသွားရင် ဘယ်နှမိုင်ဝေးဝေး သူတို့နာမည်ခေါ်သံကို ကြားရတယ်တဲ့"

"မြတ်စွာဘုရား . . . တကယ်ကြီး"

"ဘယ်စုန်းရဲ့အကြောင်းပဲပြောပြော ဒေါ်ရင်ရွှေကြီး အကြောင်းတော့ မပြောမိစေနဲ့၊ သူက တိမ်ညွန့်စားနေပြီလို့ ပြောတာပဲ"

"အေး . . . အဲဒါကြောင့်မို့ ထင်တယ်၊ အဘွားကြီးက သက်ဆိုးရှည်သလားမမေးနဲ့၊ စုန်းတွေက စွမ်းလေ အသက်ရှည် လေဆိုပဲ"

အိုးရွာသူတွေ ယုံကြည်နေသော စုန်းအတတ်ပညာ သည် စိတ်ဝင်စားစရာပဲ ကောင်းနေတော့သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တော့ စုန်းအတတ်ပညာသည် လေ့လာစရာပညာရပ်အဖြစ် စာတမ်းပြုစုရဦးမည်ဟု ရင်း တေးမှတ်ထားမိသည်။

သို့သော် ယခုမူကား လူသားသစ်ပင်ဆိုသော အချက် အရာကို အာရုံစိုက်ရန် လိုအပ်သေးသည်။ ထို့ကြောင့် အမှတ်တမဲ့ ထွက်ခဲ့သော သအိုဇာဆိုသူအကြောင်း မေးမြန်းရပေလိမ့်မည်





"ခုနက ပြောလိုက်တဲ့ သအိုဇာဆိုတာက"

"အောင်မယ်လေး . . . သွားမလုပ်နဲ့ မြို့သူရေ အဘွား ကြီးက ကြောက်စရာကြီး၊ ဝမ်းတွင်းစုန်းဆိုပဲ၊ ဆိုးသလားမမေး နဲ့ မွေးစားအဖေရဲ့ဗိုက်ကိုဖောင်ဖောက်ပြီး အူကို အခွေလိုက်စား တဲ့ စုန်းမ"

သူမ အံ့သြသွားသည်။ ဖြစ်နိုင်လို့လား။ ဇာတ်တွဲသားကို စားတယ်ဆိုတာ ဒဏ္ဍာရီထဲမှာသာ လုပ်ကြံဇာတ်အဖြစ် ကြားဖူး ခြင်းမျိုးသာ ရှိခဲ့သည်။

"အောင်မယ်လေး . . . အဲဒီစုန်းမကြီးအကြောင်းတော့ မပြောပါနဲ့၊ ကြားရင် ကြက်သီးထတယ်"

"စုန်းမကြီး . . . ဟုတ်လား။ တော်တော်ကြီးပြီလား"

"ကြီးတော့ သိပ်မကြီးသေးပါဘူး။ ကျုပ်တို့ငယ်ငယ် ကတော့ မြင်ဖူးခဲ့တယ်၊ လက်သုံးချောင်းနဲ့ စုန်းမကြီးလေ၊ သူ အော်လိုက်ရင် ရေကြီးတယ်၊ လေတိုက်တယ်၊ ရွာက မောင်း ထုတ်လို့ ရွာအနောက်က တောထဲ ပြေးဝင်သွားတယ်လို့ လူကြီး တွေ ပြောကြတာပဲ၊ ညညတွေဆို လင်းလင်းနေတာ သူ့ကြောင့် ပေါ့"

"အဲ . . . အခု အဲဒီအလင်းကြီး မမြင်ရတော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပ ... ဟိုအသံနက်ကြီးကြားရပြီးတည်းကပဲ ထူးဆန်းတာတွေချည်း ဖြစ်နေတယ်၊ မြက်ရိုင်းက စပါးသီးတာ မှန်းမသိ၊ အုန်းသီးထဲက ပဲတွေ ရတာမှန်းမသိ၊ သရက်ပင်က စပါးပွင့်တာမှန်းမသိ၊ ကျိုးလန့်ဆန့်စားနေရပေမယ့် သက်သောင့် သက်သာတော့ အရှိသားပဲ''

''ဘယ်လို မနှင်းအေး ... အုန်းသီးကနေ ပဲရတယ် ဟုတ်လား''

''ဟုတ်ပ ... အုန်းသီးကိုခွဲတာ ပဲစေ့တွေရလို့ တစ်ရွာလုံးက အုန်းသီးတွေ ချိုင်ထည့်လိုက်တာ အခု မှန့်ဖက်ထုတ်လုပ်ဖို့ အုန်းသီးကို ရှာမရနိုင်အောင်ပဲ''

ထူးဆန်းနေသည်။ ဆရာခန့်မှန်းခဲ့တဲ့ကိစ္စက မှန်နေပြီလား။ သူက တကယ်ပဲ အပင်တို့ရဲ့ အရှင်သခင်များလား။

ခါနွေဦး၏စိတ်ထဲ ပဟေဠိများစွာတို့ တိုးဝင်လာရကုန်သည်။ နားမလည်နိုင် ဖြစ်ရသည်။ မဖြစ်ပါ။ ဒီညတော့ ဦးဘသိန်း တောထဲသွားရင် လိုက်သွားတော့မယ်ဟုသာ ရဲရဲကြီး ဆုံးဖြတ်မိတော့၏။



## အခန်း (၂၁)

''ဒီည ကျွန်မလိုက်ခဲ့မယ် ဦးဘသိန်း''

ခါနွေဦး၏အသံက ပြတ်သားလှသည်။ နိုင်မာနေသည်။ ခါနွေဦး၏မျက်နှာလေးသည် ခပ်တင်းတင်းဖြစ်နေ၏။ ဦးဘသိန်းအား မခေါ်၍မရပါ။ ရှင် ခေါ်ကိုခေါ်ရမယ်ဟု အမိန့်ပေးနေသလောင် ရှိသည်။

''လိုက်ချင်ရင်တော့ မင်းသဘောပဲလေ၊ ကျုပ်က မင်းကို စိုးရိမ်လို့မခေါ်တာ၊ တောလမ်းခရီးဆိုတာက လွယ်တဲ့ကိစ္စမဟုတ်ဘူး။ အခု ကျုပ် လျှောက်နေတဲ့လမ်းက အဆင်မသင့်ရင် အသက်ပါ သေသွားနိုင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကလည်း စွန့်စားရတာကို ဝါသနာပါတယ်"

မတတ်နိုင်ပါ။ ထိုသို့ပြောမှ ဖြစ်တော့မည်။ နွေဦး အံ့ ကို ရောက်နေသည်မှာ ငါးရက်မြောက်ခဲ့ပြီဖြစ်သည်။ ရွာ အနေအထားကို လေ့လာရန် နှစ်ရက်မျှအချိန်ယူရုံမျှနှင့် နွေဦး အတွက် လုံလောက်နေပြီဖြစ်သည်။ သို့သော် ဦးဘသိန်းက စိမ်းရေစိမ်းမို့ နားပါဆိုသော စေတနာစကားကို ဟန်ဆောင် ကာ နွေဦးကို ပရောဂျက်မှ ပ,ထုတ်လိုသောအသွင်ဆောင် သည်။

ဆရာ့စကားတွေထဲတွင် ဦးဘသိန်းအပေါ် မယုံကြည် သော အငွေ့အသက်ကို တွေ့နေရသည်။ ထို့ကြောင့် နွေဦးကိုယ် တိုင်ကလည်း သတိနှင့် ဆက်ဆံခဲ့၏။ နေလာရင်း နွေဦး သိ ရတာက ဦးဘသိန်းသည် အလိုလောဘကြီးသူဟုဖြစ်သည်။ ထက်ဆိုးတာက ဦးဘသိန်းသည် နွေဦးအပေါ် အထင်သေး ခြင်းက ပို၍ဆိုးသည်။

ထို့ကြောင့် နွေဦးသည် မိမိပညာကို ထုတ်ပြချင်သည် ဦးဘသိန်း မျက်စိမျက်နှာပျက်သွားသည်ထိ အံ့ဩအောင် ထု ချင်သည်။ ထို့ကြောင့် ဦးဘသိန်း ဖွင့်မရသော ဂူတံခါးကို ခ က တစ်ခဏ္ဍ ဖွင့်ပြလိုက်ချင်သည်။





ခါနွေဦးသည် ခြေလျင်တောင်တက်အဖွဲ့ဝင်ဖြစ်သလို ဘူမိဗေဒသမားလည်း ဖြစ်၏။ ထို့အပြင် အပင်များကို ချစ်သည်။ အပင်များကို လေ့လာနေရမည်ဆိုပါက ထမင်းနှင့်ဟင်းကိုတောင် မေ့လျော့နေတတ်သည်။

"ခါနွေဦး ... အဆင်သင့်ဖြစ်ပြီလား၊ ဖြစ်ရင်သွားမယ်"

ဦးဘသိန်း၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် ခါနွေဦးသည် ပြင်ဆင်ထားသော ကျောပိုးအိတ်ကြီးကို လွယ်သည်။ တောင်တက်အတွေ့အကြုံရှိသောကြောင့် ကျောပိုးအိတ်ထဲတွင် ပစ္စည်းများ စုံလင်လှပေသည်။ ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ် အပြင် ရိက္ခာခြောက်များ ပါ၏။ ကြိုးခွေလည်း ပါသည်။ ဒါ့အပြင် သာမိုမီတာလည်း ပါ၏။ ကင်မရာလည်း ပါသည်။

"မင်း ... ဒီအိတ်ကြီးကို ပိုးနိုင်လို့လား"

"ဘယ်နှမိုင်လောက် ဝေးလို့လဲ"

"ငါးမိုင်နဲ့ ဆယ်မိုင်ကြား ရှိတယ်၊ ချောင်းကိုလည်း ဖြတ်ရမယ်"

"နောက် ဒီလိုနှစ်အိတ်ကိုတောင် ကျွန်မ ပိုးနိုင်ဦးမယ်လို့ ထင်တယ်"

"ကဲ ဖိုးလုံး ... သွားမယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩမိသည်။ ဒီနေ့မှ ဖိုးလုံးက ဘာလို့ပါလာတာလဲ။ ခါတိုင်း ဦးဘသိန်းသွားလျှင် ဖိုးလုံးမပါချေ။ ဖိုးလုံး အိပ်ပျော်ပြီးသောအခါမှ တိတ်တဆိတ်ထွက်သွားတတ်ပြီး ဖိုးလုံးမနိုးခင် အရုဏ်ဦးချိန်တွင် ပြန်ရောက်လာတတ်သည်။

ပဟေဠိဖြစ်နေသော်ငြား ဆက်မမေးတော့တဲ ဦးဘသိန်း နောက်သို့သာ လိုက်လာခဲ့သည်။ ဦးဘသိန်းကို ယုံကြည်ပြီး လိုက်လာခဲ့ခြင်း မဟုတ်ပေ။ သတိကြီးစွာ ထားနေမိ၏။

"အစ်မ ... ဆရာ ဘယ်သွားနေတာလဲဆိုတာ အစ်မ သိလား"

ဖိုးလုံးက ဘာမှသိသေးပုံမရချေ။

"မင်းဆရာက မင်းကို ဘာမှပြောမပြဘူးလား"

"ဒေါ်သအိုဇာကို ရှာနေကြတာဆို"

"အင်း"

"ဘာလုပ်ဖို့လဲ"

"အကြောင်းရှိလို့ပေါ့"

"ကျွန်တော်တော့ ရှုးချင်တယ်၊ ညကြီးသန်းခေါင် ကျွန်တော်က ကြောက်တတ်တယ်ဗျ။ တောကြမ်းလို့ ထင်နေ တဲ့ လူတွေတောင် ညဆို တောထဲမဝင်ဝံ့ကြဘူး။ အရုဏ်ဦး





စောစောဝင်ကြတာဗျ"

"ဘာကိုကြောက်ရမှာလဲ ဖိုးလုံးရယ်၊ လူလူချင်းက ကြောက်စရာမှ မလိုတာ၊ နာနာဘာဝဆိုတာလည်း လူ့ထက် ဘုန်းကံနိမ့်တယ် ဆိုတာပဲ၊ လူကို ဘာမှလုပ်လို့မရဘူး၊ တောကောင်ဆိုလည်း ကြောက်ဖို့ မလိုပါဘူး။ တိရစ္ဆာန်ထက် လူက ပိုပြီး အသိဉာဏ်ရှိနေတယ်လေ"

"မထင်ရဘူးနော်၊ အစ်မက သိပ်သတ္တိရှိတာပဲ"

ပြောပြောဆိုဆိုပင် ချောင်းကို ဖြတ်ကူးလာကြသည်။ နေ့လယ်က နေပူထားသော်လည်း တောင်ကျချောင်းရေဖြစ်သောကြောင့် ရေသည် ထုံကျင်နေအောင် အေးသည်။ သို့သော် သဲဖြူ ကျွန်းမှ သဲတွေတော့ နွေးနေဆဲဖြစ်၏။ ဤနေရာသည် တစ်ချိန်က သအိုဇာနေခဲ့သောနေရာ ဖြစ်လိမ့်မည်ကို နွေဦး ခန့်မှန်းမိပြန်သည်။

"ဘောဘီဝဲယာကို ကြည့်နော်၊ မြွေပါးကင်းပါး အန္တရာယ်ကိုယ့်ဟာကိုယ် ကြည့်ရှောင်"

ကိုယ့်အန္တရာယ်ကို ကိုယ့်ဘာသာကြည့်ရှောင်ရမည်ကို သိသော်လည်း ထိုစကားသည် တာဝန်မဲ့လွန်းသည်ဟု နွေဦး ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူကြီးနှင့်လူငယ် ဖြစ်နေသောကြောင့် ဘာကိုမှ စောဒကတက်ပြီး မပြောလိုပေ။

တောသည် တိတ်ဆိတ်၍နေလေသည်။ ဖိနပ်ကွက်များ၏ တတွတ်တွတ်ညည်းသံကို ကြားနေရသည်။ မျောက်လွှဲကျော်များသည် အကောင်တစ်သိန်းရှိသလားဟု ထင်ရလောက်အောင်ပင် ညာသံပေး၍ နေလေသည်။

မျောက်လွှဲကျော်များ၏အသံသည် အန္တရာယ်ကင်းပါသည်ဟု ပြောသောသဘော သက်ရောက်နေသည်မို့ နွေဦးစိတ်ထဲ သိပ်မပူပန်တော့သလို ခံစားရသည်။

တောသည် နက်သည်ထက် နက်လာသည်။ ဓာတ်မီးဖြင့် သေးဘီဝဲယာကိုကြည့်လျှင် ပင်မြင့်ပေါ်သို့ အခွေလိုက် နွယ်တက်နေသော ဘယ်လိမ်ဘယ်နွယ်ပင်များကို တွေ့ရသည်။

ခါနွေဦးသည် ကိုယ့်ကိုယ်ကို သတိပေးမိသည်။ ဘယ်လိမ်သစ်များရှိသောတောသည် ကြမ်းသည်ဟု မှတ်သားဖူးသည်။ နွေဦး၏တောအတွေ့အကြုံသည် တစ်တောနှစ်တော မရတော့ချေ။

အပင်များသည် ဖြောင့်ပြီး တစ်တန်းတည်း ရှည်သောလောက်ဖျားပင်များ ဖြစ်၏။





နွေဦးမှန်းတာ မလွဲတူးဆိုလျှင် ဤတော၌ ဆေးဖက်ဝင် ဂမုန်းပင် များစွာရှိနိုင်သည်။ ဝက်ဝံများလည်း ရှိနိုင်သည်။

"ဝူး ဝူး"

သံရှည်ဆွဲ၍အော်နေသော ခွေးအ,တို့ အသံများသည်လည်း ခပ်လှမ်းလှမ်းဆီမှ ကြားနေရသည်။

ခွေးအ,တို့မည်သည် တောထဲ၌ အုပ်စုလိုက်ကျင်လည်ကျက်စားကြကုန်သည်။

ခွေးအတို့သည်လည်း လူကို ဝေးဝေးမှရှောင်သလို လူတို့သည်လည်း ခွေးအ,အုပ်ကြီးနှင့် မတိုးစေရန် ဆုတောင်းကြရသည်။

ကောင်းကင်၌ ကြယ်ရောင်စုံတို့သည် နွေဦးတို့ကို လိုက်ကြည့်နေသည့်အလား တဖြိုးဖြိုး တဖျပ်ဖျပ် တောက်ပ၍နေလေသည်။

"ကဲ ... ဒီမှာ ခဏနားရအောင်"

"နားလို့ဖြစ်မယ် မထင်ဘူး။ ဒီနားမှာ မှို့အနံ့ရတယ်၊ ဝံအန္တရာယ် ရှိနိုင်တယ်"

"မင်းက ငါ့ထက် တောကို ပိုသိချင်နေသေးလို့လား၊ ရှေ့မှာ ဘာရေအိုင်မှမရှိဘူး။ ဒီမှာ ရေခတ်ရမယ်၊ တစ်ညလုံး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရဦးမယ့်ခရီးက အသွားအပြန် မိုင်နှစ်ဆယ်လောက် ရှိတယ်ကွ၊ နားလည်လား''

ထိုစကားကို ရွှေဦး မနှစ်သက်သော်လည်း ပြန်မပြောသာ၍ ရှေ့နှုတ်ပိတ်နေလိုက်ရသည်။ ဦးဘသိန်း လေယူလေသိမ်းသည် အလုပ်ရှင်က အလုပ်သမားကို မကျေမနပ် မနှစ်သက်၍ ဖိဟောက်နေသောပုံမျိုးနှင့် တူသည်။

ခါရွှေဦးသည် ဦးဘသိန်း၏ အလုပ်သမားမဟုတ်သလို အလုပ်ရှင်လည်း မဟုတ်ချေ။ ဆရာဦးဉာဏ်လွင်၏တပည့်သာ ဖြစ်၏။ ဆရာ့ကို လေးစားသည်။ ဆရာ့ထံ ပညာဆည်းပူးလိုသည်။ ထို့ကြောင့် ဦးဘသိန်း၏လေသံကို မကြိုက်သော်လည်း သည်းခံလိုက်ရသည်။

''မင်းနဲ့ဖိုးလုံး ဒီမှာနေခဲ့၊ ငါ ရေသွားခတ်ဦးမယ်''

ဟုဆိုပြီး ဦးဘသိန်း ထွက်သွားသည်။ ဦးဘသိန်းကို နားမလည်ချေ။ ဘာကြောင့် ရေသွားခတ်တာလဲ။ ရွာကနေ သယ်လာလို့ မရလို့လား။ လမ်းမှာလည်း ဦးဘသိန်း ရေသောက်သည်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးချေ။

''ဆရာကလေ သရက်ချောင်းရေကို မသောက်ဘူး အစ်မရဲ့''





တစ်ရွာလုံးက သရက်ချောင်းရေကို သောက်သုံးကြသည်ကို ရွှေဦးသိသည်။ ရွှေဦးလည်း တစ်ရွာလုံးနှင့်နည်းတူ သရက်ချောင်းရေကိုသာ သောက်သည်။

ချောင်းရေဆိုသော်ငြား ချောင်းနံဘေးတွင် သဲတွင်းတူးထားသော သန့်ရှင်းသည့်ရေ ဖြစ်သည်။

''တောလည်ထွက်လာရင် ဆရာက ရေခပ်ပြီး ပြန်ယူနေကျလေ၊ ဒီနားမှာ ရေတံခွန်ရှိတယ်၊ အေးပြီး ကြည်စိမ့်နေတာ၊ ရေပူစမ်းလည်း ရှိတယ်၊ ဒါပေမဲ့ . . . ကျွန်တော်တို့က ရေပူစမ်းကို ကျော်ခဲ့ပြီ''

ဖိုးလုံး ဖြေရှင်းတော့မှ ဦးဘသိန်း၏ထူးဆန်းမှုကို လက်ခံ၍ ရသွားသည်။

တောသည် မှောင်မည်းတိတ်ဆိတ်နေသည်။ တော၏နက်ထဲရောက်လာပြီဟု ရွှေဦး ထင်သည်။ တော၏အသံကို နားစွင့်မိသောအခါ မျောက်လွှဲကျော်အော်သံများ တိတ်ဆိတ်၍ သွားသည်။

ပုရစ်အော်သံများ၊ ကြိုကြား ကြိုကြား ကြားနေရသည်မှ လွဲ၍ အသံများ ငြိမ်သက်နေသည်။

လေတိုးသံသဲ့သဲ့ကိုသာ ချောက်ချားဖွယ်ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

ကွဲရှသံကြီးကို ကြားလိုက်ရသည်။ ဒါ . . . ဦးဘာသိန်း၏ အသံ ဖြစ်သည်။

"ဘာဖြစ်ပြီလဲ"

"အစ်မ . . . ဒီမှာခဏနေခဲ့၊ ကျွန်တော် သွားကြည့်မယ်"

"အား"

ထပ်မံကြားရပြန်သည်။ ဒုတိယအကြိမ် ထွက်ပေါ်လာသောအသံသည် နာကျင်လွန်း၍ မချိမဆန့်အော်သည့်အသံ ဖြစ်သည်။

ဖိုးလုံးသည် တပည့်ကောင်းပီသလှသည်။ ဆရာ့အော်သံကို ကြားသောအခါ မိန်းကလေးတစ်ယောက်တည်း တောထဲမှာ ချန်ထားမိပါလားဆိုသည့် အသိမျိုး ခေါင်းထဲ ဝင်မလာတော့ချေ။

"အား"

"ဆရာ . . . ဆရာ . . . ဆရာ ဘယ်မှာလဲ၊ ဆရာ"

ဖိုးလုံးသည် တကြော်ကြော်အော်ခေါ်ကာ ပြေးထွက်သွားသည်။





"ဆရာ"

ဖိုးလုံး၏အသံသည် မြင့်လာသည်။

"ဆရာ"

ဖိုးလုံးသည် အုံးရွာသားဖြစ်၏။ ထို့ကြောင့် ရေတံခွန်က ဘယ်နေရာမှာရှိသလဲဆိုတာ သိနေသည်။ ရေတံခွန်ရှိရာအရပ်သို့သာ ဦးတည်ပြေး၏။

လောက်ဖျားပင်အကွယ်မှ တစ်စုံတစ်ဦး ကြည့်နေတယ်ဆိုတာကို သတိပင် မပြုမိတော့ပေ။

ဦးဘာသိန်း ဖြစ်သည်။ ဦးဘာသိန်းသည် ကောက်ကျစ်စွာ ပြုံးနေ၏။

မိန်းမငယ်လေးကိုမှ လူယုံအဖြစ်လွှတ်ချင်တဲ့ ဦးညဏ်လွှင် တစ်သက်လုံး နောင်တရသွားစေရမည်။

နေနှင့်ဦးပေါ့ ခါန္တေဦးရယ်။ မင်း အခုရှိနေတဲ့နေရာက ဘယ်လိမ်ကြိုးဝိုင်းထဲမှာ။ မင်းဟာ ဘယ်လိမ်နွယ်ကြိုးကို နင်းမိမှာကနဲပဲ။

မင်း ဒီတစ်သက် အဲဒီတောထဲက ထွက်လာနိုင်မှာမဟုတ်တော့ဘူး။ ငါ စိတ်မကောင်းပါဘူး။

တောထဲမှာ မင်းက ကျားစာပဲမိမလား၊ လင်းတစာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမလား၊ ဝံပဲကုတ်သွားမလား မသိပေမယ့် ...မင်း အသက်နဲ့ရင်းပြီး မင်းဆရာကို ပညာပေးရမယ်။

သူပေးတဲ့ နှစ်ပဲခြောက်ပြားလောက်ငွေလေးကို ယူပြီး ငါက အသက်စွန့်အလုပ်လုပ် နေရတယ်ဆိုတာ၊ ဒါမှ သူ သဘော ပေါက်သွားမှာ။

မင်းကတော့ ကောင်းရာဘုံဘဝကို ရောက်မှာပါ။ မင်း ဆရာကို အသက်နဲ့ရင်းပြီး အသိဉာဏ်ပွင့်စေလို့လေ ...ဟား ဟား။

ဦးဉာဏ်လွင်သည် အပင်နောက်ကွယ်မှထွက်ပြီး ရှာသို့ ဦးတည်လာခဲ့တော့သည်။

ဖိုးလုံးက စိတ်ပူပြီး ဘယ်အချိန်ထိ အော်ရှာနေဦးမလဲ ဆိုတာ မသိပေ။ ဦးဉာဏ်လွင် ရောက်လာတော့လည်း ဖိုးလုံးက ခါနွေဦး ပျောက်ဆုံးမှုက ရိုးရိုးသားသား ပျောက်ဆုံးခဲ့ပါတယ်ဆို တဲ့ အကောင်းဆုံးသက်သေ ဖြစ်သွားနိုင်သည်။

ယုတ္တိရှိသွားအောင် ကိုယ်ခန္ဓာကို သွေးထွက်သံယို အနည်းငယ် ဖြစ်ပေးဖို့သာ ရှိတော့သည်။

ဒါလည်း ...သိပ်ခက်ခဲလှသည်မဟုတ်ပေ။ အဖြိ သဲဖြူကျွန်းရှိ ကျောက်တုံးများတွင်ထိုင်ပြီး ကျောက်တုံးနှင့်





ခြေထောက်ကို ထုလိုက်လျှင် ဖြစ်သည်။

ပြုံးနေမိသော ဦးဘသိန်း၏နှုတ်ခမ်းသည် ပြန်စေ့လို့ပင် မရတော့ချေ။ ကိုယ့်လုပ်ရပ်ကို ကိုယ်ကိုယ်တိုင် ကျေနပ်နေမိ သည်။

ခါနွေဦးကိုထားခဲ့သောနေရာသည် ဝံခြေရာများသော နေရာ ဖြစ်၏။ တောင်ငှက်ပျောကြမ်းများနှင့် မကုပ်သီးများ ပေါသည်။ မှိုများလည်း ပေါက်သည်။

မိုးဦးကာလတွင် တောင်ပို့မှိုနှင့် ဓွေ့ပ်မှိုများ၊ တောထ အောင် ပေါက်သည်။

ထိုမှိုများကို လိုချင်ကြသော်လည်း ထိုနေရာသည် ဘယ် အိမ်ကြီးပိုင်းဖြစ်သောကြောင့် တော်ရုံလူ မတိုးရဲချေ။ ဘယ်လိမ် နှယ်ကို နင်းမိပါက တောထဲမှအိမ်သို့ ပြန်မရောက်တတ်တော့ချေ။

တောထဲ၌ တဝဲလည်လည်ဖြစ်နေပြီး တောခေါ်ပြုစားခြင်း ကို ခံရ၏။

တစ်နည်းအားဖြင့် ဝက်ပါတောဟု ခေါ်ဝေါ်ကြသည်။ ရှာခံလူများပင် ဝဲလည်လည် ဖြစ်တတ်သောနေရာဖြစ်၏။ ခုတော့ ခါနွေဦးက ညွှေ့သည်။

"ခါနွေဦးရယ် စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည် ဝမ်းနည်းခြင်းမျိုး အလျဉ်းမရှိဘဲ သရော်ခြင်းတို့သာ ပြွမ်းသိပ်၍ နေလေတော့သည်။



## အခန်း (၂၂)

"ဖိုးလုံး ဖိုးလုံး"

တောသည် တိတ်ဆိတ်၍နေသည်။ အားတင်းထားရသော်လည်း စိတ်နှလုံးသည် တစ်ယောက်တည်း ချောက်ချားစပြုလာသည်။

"ဖိုးလုံး၊ ဦးဘသိန်း"

စိုးရိမ်စိတ်က ပို၍ကြီးလာသည်။ ဦးဘသိန်းက ဘာဖြစ်သို့များ ကျောက်ခမန်းလိလိ အော်ရတာလဲ။ ဖိုးလုံးကရော ဘယ်ရောက်သွားပြီလဲ။

"ဖိုးလုံး . . . ဖိုးလုံး"



www.burmeseclassic.com

www.burmeseclassic.com



အသံကို တစ်ခေါပြန်မြင့်ပြန်သည်။ သို့သော် အော်ခေ

မရချေ။

ဆော့ကြည့်လိုက်တိုင်းလည်း သစ်ပင်တို့၏ပုံစံသ

ပြောင်းလဲသွားခြင်း မရှိချေ။

ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်ရတာလဲ။ သွားနေတဲ့ခရီ

လည်း မနည်းတော့ပင်။ သို့သော် ဤလောက်များပင်နေ

မထွက်နိုင်ချေ။

အလာလမ်းတွင် ကျွန်းပင်ရော၊ အုတ်သျှစ်ပင်ရော

မန်ကျည်းပင်၊ တောသရက်ပင်နှင့် ကတက်ပင်၊ ဆေးရိုးပင်မျ

စုံနေအောင် တွေ့ခဲ့ရသည်။

သို့သော် . . . ယခု ဘာလို့ လော်ကဲများပင်တန်

မရှုန်းထွက်နိုင်တာလဲ။ တောခြောက်နေပြီလား။

"ခါ နွေ ဦး ရေ"

သူမနာမည်ကို ခေါ်လိုက်သောအသံတစ်သံကို ရု

တရက် ကြားလိုက်ရသည်။

"ဘယ်သူလဲ"

"ခါနွေဦးရေ"

စိတ်ထဲ ချောက်ချားလာသည်။ မေမေလား။





ထိုအသံသည် မေမေ့အသံနှင့် တူသည်။ မေမေလည်း

ဖြစ်နိုင်ပါ။ မေမေ က နွေဦး ငယ်လေးတည်းက ဆုံးသွားခဲ့သည်၊

မေ မဟုတ် နိုင်ပါ။

"နွေဦးရေ"

ထပ်ကြားရပြန်သည်။ ထိုအသံသည် ညင်သာပျော့

ျောင်းလှ၏။ ဖိုးလုံးအသံလည်းမဟုတ်သလို ဦးဘသိန်း၏အသံ

ည်း မဖြစ်နိုင်ချေ။

"ခါနွေဦးရေ"

တောချောက်ခြင်းသာ ဖြစ်မည်။ တောသည် မာယာများ

ည်။ ကြားရသောအသံကို အစစ်ဟုသာ ယူဆလိုက်လျှင် နွေဦး

ုံးသွားတော့မည် ဖြစ်သည်။

"နွေဦးရေ"

ခါနွေဦးသည် နားကိုပိတ်ထားမိသည်။

"ခါနွေဦး"

ခါနွေဦး၏အတွေးတွေက ကယောင်ချောက်ချားဖြစ်ကုန်

ည်။

ငယ်ငယ်တုန်းက မေမေ ဝယ်ကျွေးခဲ့သော အာသာပုတီ

ာ မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေသည် ခါနွေဦးကို အာသာပူတီဝယ်ပေးပြီး တစ်ဖက်လမ်းသို့ ကူးသွား၏။ ထိုစဉ် ကုန်ကားတစ်စီးက ပြေးလာပြီး မေမေ့ကို တိုက်သွားသည်။

"သမီး ခါနွေဦး"

ဟွန်းအွန်း ... ဒါ မေမေ မဟုတ်ဘူး။ နွေဦးကို တောအပြုစားနေတာ။ ဒါ ... မေမေ မဟုတ်ဘူး။

"သမီး ... သမီးလေး"

နွေဦးသည် နားနှစ်ဖက်ကို တင်းတင်းပိတ်ထားလိုက်သည်။

"သမီး ခါနွေဦး"

"မလာနဲ့ ... မလာနဲ့။ မင်းတို့ ငါ့ကိုခြောက်လန့်နေတာ မခြောက်နဲ့၊ မလာနဲ့"

"သမီးရေ ... နွေဦး။ သမီးလေး"

"မလာနဲ့ ... သွား သွား သွား"

ခါနွေဦးသည် ကြောက်လွန်းသောကြောင့် ကုန်းအော်ပစ်မိသည်။

ခါနွေဦး၏အသံကို ငှက်ပျောသီးခူးနေသော သအိုဇာ ကြားသွားသည်။





သအိုဇာ လက်များပင် တွန့်သွားသည်။ ဘာသံလဲ၊ ထိုအသံသည် မိန်းကလေးတစ်ယောက်အသံဆိုတာ သေချာလှသည်။ ဘယ်ကလာတဲ့အသံလဲ။

သအိုဇာ ထပ်ပြီးနားစွင့်မိသည်။ သို့သော် ဘာသံမှ ဆက်ပြီး မကြားရတော့ချေ။

ငှက်ပျောသီးကိုသာ ဆက်ခူးဖို့ ပြင်သော်လည်း ခူးမရတော့ချေ။ ထိုအသံသည် စိတ်အနှောင့်အယှက် ဖြစ်သွားစေသည်။

ဘယ်ကလာတဲ့အသံမို့လဲ။ နားကြားမှားတာလား။ ဖြစ်နိုင်ပါ။ နားကြား မှားစရာလည်း ဘာအကြောင်းမှမရှိချေ။

ဤတောထဲမှာ နေလာသော ဆယ့်ရှစ်နှစ်တာကာလတစ်လျှောက်လုံးတွင်လည်း ထိုအသံမျိုး မကြားဖူးချေ။

ဘယ်သူလဲ၊ ဘာဖြစ်လို့ အော်တာလဲ။ မိန်းကလေးတစ်ယောက်၏အသံဆိုတာကို သိလိုက်သည်။

ဒီလိုတောကြီးထဲတွင် ဘာလို့များ မိန်းကလေးတစ်ယောက်ရဲ့အသံကို ကြားရတာလဲ။

ဘာဖြစ်လို့လဲ။ မေးခွန်းတွေက များလွန်းနေသောကြောင့် ငှက်ပျောသီးပင် ဆက်ခူး၍မရတော့ချေ။ တစ်ချိန်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



. . . ရှာသားများ လိုက်၍ ထွက်ပြေးရသောညကို မြင်ယောင်မိသည်။

နတ်သားလေးပါသော မရှိခဲ့ပါက အထီးကျန်ခြင်းဖြင့် ကြောက်လန့်နေလိမ့်မည်။ အားငယ်စိတ်နှင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးစားပေလိမ့်မည်။

မိန်းမသားတို့သည် အားငယ်သောအချိန်တွင် သေမှု မကြောက်တတ်ကြဘူးဆိုတာ သအိုဇာသာ အသိဆုံးဖြစ်သည်။ ယခု ကြားလိုက်ရသောအသံသည် မိန်းကလေးတစ်ဦး၏အသံ ဖြစ်သည်။ တောထဲ၌ဖြစ်၏။

ဘာဖြစ်တာလဲ၊ ဒုက္ခရောက်နေတာလား။ တစ်ချိန်က သအိုဇာကိုမောင်းထုတ်ခဲ့သလို မောင်းထုတ်ခံလိုက်ရတာလား။ သအိုဇာ၏ရင်ထဲသို့ ကိုယ်ချင်းစာစိတ်များ အလုအယက် ဝင်ရောက်၍လာသည်။

ထို့ကြောင့် ဘာကိုမှတွေးတောမနေတော့ဘဲ ငုက်ပျော ပင် လှဲနေသော ဓားမကို ကါးကြားထိုးကာ သုတ်ခြေတင်အောင် ပြေးတော့သည်။

အသံသည် တစ်ချက်မျှသာကြားလိုက်ရသည်ဖြစ်ရာ တည်နေရာကို မှန်းမဆရနိုင်ဘဲ ရှိလေသည်။





"ဟေ့ . . . ကောင်မလေး . . . ဟေ့ ဟေ့"

အသံကိုပြုလိုက်ပြန်သည်။ သို့သော် . . . ပြန်ထူးသံကို မကြားရချေ။

သအိုဇာက စိတ်ပူသွားမိ၏။ ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင် လိုက်ပြီလား။ မဖြစ်ဘူး ကောင်မလေး။ ဘဝကို အရှုံးမပေး လိုက်နဲ့။ အသက်ရှင်တယ်ဆိုတာ လုပ်စရာအလုပ်တွေ ပြည့်သိပ် နေရတာပဲ။ မင်းဘဝကို အရှုံးမပေးလိုက်ပါနဲ့။

"ကောင်မလေး . . . ကောင်မလေး"

ထပ်၍ အသံမြှင့်ပြီး အော်ပြန်သည်။ ကောင်မလေး မင်းဘဝကို လွယ်လွယ်နဲ့ အရှုံးမပေးလိုက်ပါနဲ့။ ကမ္ဘာကြီးအပေါ် မင်း တာဝန်မကျေရသေးဘူး။ အသက်ကို ကမ္ဘာမြေကြီးက ပေး လိုက်တာနဲ့ တစ်ပြိုင်နက် မင်းကို သူက တာဝန်ပေးခဲ့ပြီးသား။ ဆိုတာဝန်တွေကို မင်း ကျေပွန်အောင် မထမ်းဆောင်နိုင်သရွေ့ မင်း လူမဖြစ်သေးဘူး။ လောကကြီးမှာ လူလုပ်သွားပါဦး၊ ကောင်မ လေးရယ်။

"ဟေ့ . . . ကောင်မလေး ကောင်မလေး"

သအိုဇာ၏အသံသည် ခြောက်သွေ့၍နေသည်။ သအိုဇာ သည် အင်အားပြည့်နေသော်လည်း စကားပြောရချိန်နည်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျယ်သောအသံသည် သအိုဇာနှင့် ယဉ်ပါးမှုမရှိချေ။

"ကောင်မလေး ... ဟော့ မင်း ဘယ်မှာလဲ၊ အသံလေး ပြုပါဦး၊ ကောင်မလေး"

သအိုဇာသည် မျှော်ရိုမှန်းဆကာ ပြေးလာရင်း ခါနွေဦး အနီး ရောက်လာခဲ့သည်။

"ဟင့်အင်း ... မလာနဲ့ မေမေ၊ မေမေ ... မလာပါနဲ့ မလာပါနဲ့ မလာနဲ့"

လူအရိပ်သဏ္ဍာန်ကိုမြင်လိုက်ရသောအခါ ခါနွေဦးသည် စိတ်ကို လျှော့ချပစ်သည်။

"ဟော့ ... ဟော့"

သအိုဇာသည် ဘာပြော၍ ပြောရမှန်းမသိချေ။ မိမိကို မြင်သည်နှင့် တစ်ပြိုင်နက် ခွေကျသွားသော မိန်းကလေးကိုသာ နားမလည်နိုင်အောင်ဖြစ်နေသည်။

သအိုဇာသည် ထိုမိန်းကလေးအနားသို့ သွားမည်ပြုပြီးမှ ပတ်ဝန်းကျင်ကို သတိပြုမိလိုက်သည်။ ဘယ်လိမ်ကြိုးဝိုင်းမှာ ဖြစ်သည်။

လောက်ဖျားပင်ဖျားသည် သုံးပွင့်ဆိုင်ပေါက်နေသည်။ ထိုလောက်ဖျားသုံးပင်လုံးတွင် ကေရာဖ်နွယ်ပင်များ ဘယ်မှ လိမ်





တက်နေသည်။ တောအကြောင်း ကျွမ်းကျင်သော သအိုဇာသည် အပင်အကြောင်းလည်း သိနေသည်။ ထို့ကြောင့် ဘယ်လိမ်ကြိုး ဝိုင်းကို ဘယ်လိုရှောင်လွှဲရမလဲဆိုတာသိ၏။

ထို့ကြောင့် သအိုဇာသည် ထိုကြိုးဝိုင်းထဲသို့ နောက်ဆုတ်ပြီး ဝင်သွားသည်။ ပြီးနောက် မိန်းကလေးကို နောက်ပြန်ပွေ့ချီလိုက်သည်။

"ဟော့ ... ကောင်မလေး၊ ကောင်မလေး"

"မေမေ ... မေမေ၊ မေမေ သမီးကိုမထားခဲ့ပါနဲ့ မေမေ၊ သမီး ခါနွေဦးပါ၊ မေမေပဲ သမီးကိုချစ်တယ်ဆို၊ မထား ခဲ့ပါနဲ့ မေမေရယ်၊ မေမေ"

မျက်လုံးက မပွင့်တော့ပေမယ့် ပါးစပ်မှ တီးတိုးညည်း ဆိုဆဲ ဖြစ်သည်။

ဘယ်ကလာလို့ ဘယ်သွားမယ့်ကောင်မလေးမှန်း မသိချေ။ ပုံစံက ကန္ဒဲ့ကလျှနဲ့ ဖြူဖတ်ဖြူရော်ရှိလှသည်။

ဆံပင်ကြီးကလည်း ရှည်လိုက်တာ။ မွှေးလိုက်တာ။ ဘယ်လိုဟာလေးလဲ။

သအိုဇာလည်း ငယ်စဉ်က ထိုသို့ ဆံပင်ရှည်မျိုးထား ချင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သန်းပေါ်လွန်းသောကြောင့် အဘက ညှပ်ညှပ်ပစ်သည်ကို သတိရမိ၏။

အဘရယ် . . . အဘ ဘယ်အရပ်ကိုများ ရောက်နေပြီလဲ။ အဘက သအိုဇကို ပစ်ထားခဲ့ပေမယ့် သအိုဇကတော့ အဘကို အိပ်ရာဝင်ချိန် ရှိခိုးကန်တော့သဲပါ။ အဘ ကောင်းရာ သုဂတိလားပါစေ။



## အခန်း (၂၃)

"သူ . . . သူက ဘယ်သူလဲ အမေ"

လူတစ်ယောက်ကို ထမ်းပိုးပြီး သယ်ဆောင်လာသော အမေ့ပုံကိုမြင်ရသောအခါ လက်ျာ လန့်သွားသည်။

အမေသည် သယ်ဆောင်လာသူကို လက်ျာရှေ့ရှိ ကျောက်ချပ်ပေါ် တင်လိုက်သည်။ လက်ျာ မြင်တွေ့လိုက်ရလေ၏။

အမေ့လို မိန်းကလေးတစ်ဦးဖြစ်သည်။ သို့သော် ထိုမိန်းကလေးသည် ကြည့်၍ကောင်းသည်။ လက်ျာ ထပ်၍ကြည့်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောထဲမှာမှေ့မြောနေတာတွေ့လို့ ခေါ်လာတာ၊ ဘယ်က လည်းမသိဘူး။ အုံးရွာကတော့ ဟုတ်ပုံမရဘူး"

"ဘာလို့လဲ အမေ"

"အုံးရွာမှာ ဒီလိုလှတဲ့လူမျိုး မရှိဘူး။ သူက တစ်ရပ်တစ် ကျေးကပဲ ဖြစ်မှာပဲ၊ သူ့ကိုယ်နဲ့က မွှေးနေတယ်၊ ပြီးတော့ ... သူဝတ်ထားပုံက အုံးရွာကပုံနဲ့ မဟုတ်ဘူး"

လက်ျာသည် ကျောက်ချပ်ပေါ်မှ မိန်းကလေးကို အထူး အဆန်းသဖွယ် စိုက်ကြည့်နေသည်။

"အကြောက်လွန်သွားတာထင်တယ်၊ သူ့ကို ဆေးကျို တိုက်ဦးမှ"

သအိုဇာသည် ပြောပြောဆိုဆိုပင် ကျောက်နံရံပေါ် ပေါက်နေသော အပင်များကို ထုထောင်းလိုက်၏။ ပြီးနောက် တစ်ပေါက်ချင်း ကျနေသော ကျောက်ချပ်ကြားမှ စိမ့်ရေကို ဖါး ကျည်တောက်နှင့်ခံပြီး ထုထောင်းထားသောအရွက်ရေည်ကို ညှစ် လိုက်၏။

ပြီးနောက် ခါချေဦးကို ခေါင်းကိုထောင်လိုက်ပြီး ရေကို တစ်ပေါက်ချင်း နှုတ်ခမ်းပေါ် ချပေးသည်။

"သူ့ကို ဘယ်မှာတွေ့ခဲ့တာလဲ အမေ"





"ဘယ်လိမ်ကြိုးဝိုင်းမှာ၊ တောရဲ့အပြုစားခံရရင် အဲဒီ လိုပဲ စိတ်ကယောင်ချောက်ချား ဖြစ်တတ်တယ်၊ ငါလည်း အဲဒီလို ပဲ ဖြစ်ခဲ့ဖူးတယ်"

"သူက ဘယ်ကနေရောက်လာတာလဲ အမေ"

"မသိဘူး။ ညကြီးသန်းခေါင် တောထဲမှာတစ်ယောက် တည်း ရှိနေပုံထောက်ရင် သူ့ကိုလည်း ရွာက နှင်ပစ်ခဲ့တာပဲ ထင်တယ်၊ သူကတော့ စုတ်ချာလို့ မောင်းထုတ်ခံရပုံမပေါ်ဘူး၊ သူ့ကိုယ်က မွှေးနေတယ်၊ ဒါကိုလည်း ရွာကလူတွေ စုန်းလို့ပဲ သမုတ်ကြပုံပေါ်တယ်"

"စုန်းက ဘာလဲ အမေ"

"ငါလည်း မသိဘူး။ ဒါပေမဲ့ သူတို့တော့ ငါ့ကို စုန်းမလို့ အော်ပြောကြတာပဲ၊ ငါ့ကို ကြောက်ကြတယ်၊ မင်းကို မြင်ရင် လည်း ကြောက်ကြမှာပဲ၊ သူတို့ရဲ့ပတ်ဝန်းကျင်မှာ မင်းလိုလူမျိုး မရှိဘူးလေ"

လက်ျာစိတ်ထဲ သိမ်ငယ်သွားသည်။ ကိုယ့်ကိုယ်ကို ပြန်ငုံ့ ကြည့်မိသည်။ နေရာရွှေ့မရသောလူ။ အမေ့လို ခြေထောက်မျိုး လက်ျာထံ မရှိချေ။

"အင်း ... အင်း"



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ချပ်ပေါ်မှ မိန်းကလေး၏ညည်းညူသံဖြစ်သည်။ ညည်းညူသံကြောင့် သအိုဇာရော လက်ျာပါ ထိုမိန်းကလေးကို ကြည့်လိုက်ကြပြန်သည်။

ထိုမိန်းကလေးသည် မျက်ခုံးကို တွန့်ထားသည်။ ဝေဒနာတစ်ခုကို ပြင်းပြစွာ ခံစားနေရပုံမျိုးဖြစ်၏။

သအိုဇာသည် ထိုမိန်းကလေး၏နဖူးကို လက်ဖဝါးဖြင့် စမ်းလိုက်သည်။

"ဗုဒ္ဓေါ ... သူ ဖျားနေပြီ"

"ဖျားတယ်၊ ဟုတ်လား အမေ"

"အင်း ... ကိုယ်တွေပူပြီး ချမ်းနေတာပဲ"

သအိုဇာသည် ပြောပြောဆိုဆိုပင် ထိုမိန်းကလေး၏ အင်္ကျီများကို စမ်းကြည့်လိုက်ရာ အင်္ကျီများသည် နှင်းရည်တို့ဖြင့် စိုရွှဲ၍နေသည်။

သီတင်းကျွတ်လပြည့်ခဲ့ပြီးပြီမို့ နှင်းတို့ ဖြိုးဖြိုးဖြောက် ဖြောက် ကြွေခဲ့လေပြီကို သအိုဇာ မေ့လျော့၍နေလေသည်။

ဖျားနာသူကို မပြုစုတတ်သော သအိုဇာသည် ဘာလုပ်၍ လုပ်ရမှန်းလည်း မသိချေ။

ယခင်က သူမ ဖျားခဲ့လျှင် အဘသည် ဆေးနီမှုန့်များ နှင့် ရေနွေးပူပူကို တိုက်နေကျဖြစ်သည်။

ယခုတော့ လက်ျာကြောင့် ရေနွေးကို ကျိုလို့မရချေ။ ထင်းခြောက်များကို ခွဲယူပြီး မီးဆိုက်လျှင် လက်ျာသည် ပူလာသည်။ လက်ျာ၏ကိုယ်ပေါ်မှ အရွက်များသည် ညှိုးကျကုန်သည်။

"သူ တိမ်စိုင်ဂမုန်းနဲ့ မတည့်ဘူးထင်တယ်"

တိမ်စိုင်ဂမုန်းသည် ဓာတ်မတည့်ပါက တစ်ကိုယ်လုံး အေးပြီး ချမ်းတုန်လာတတ်သည်။ ဒါကို မေ့ပြီး တိမ်စိုင်ဂမုန်းကို မိန်းကလေးအား တိုက်လိုက်မိပြီဖြစ်သည်။

"သူ ဘာဖြစ်သွားနိုင်သလဲဟင် အမေ"

"သေသွားနိုင်တယ်၊ တိမ်စိုင်ဂမုန်းက သုံးတတ်ရင် ဆေးဖြစ်သလို မသုံးတတ်ရင် အဆိပ်ဖြစ်တယ်၊ သူ ပိုပြီးတုန်ယင်လာလိမ့်မယ်၊ ကိုယ်က ပူနေပေမယ့် ဝမ်းတွင်းမှာ သိပ်ကိုချမ်းနေပြီ မကြာခင် သူ အေးခဲသွားလိမ့်မယ်"

မိခင်စကားကြောင့် လက်ျာသည် တုန်လှုပ်သွားသည်။ ဖြစ်ပါ။ ထိုမိန်းကလေးသည် သေဆုံးသွား၍မဖြစ်ပါ။ ဘာလုပ်ရမလဲ။

"မီးဖိုမှဖြစ်မယ်၊ သူ သိပ်ကိုအေးနေပြီ အဲ သူ့ကိုယ်တွေက ပူနေပြန်တယ်၊ ငါတော့ သူ့ကို သတ်လိုက်မိပြီ ထင်တယ်"

www.burmeseclassic.com



"ကျွန်တော် သူ့ကိုစမ်းကြည့်လို့ရမလား အမေ"

လက်ျာစကားကြောင့် သအိုဇာ အံ့ဩသွားသည်။ လက်ျာကို မယုံနိုင်စွာ စိုက်ကြည့်၏။

လက်ျာက ဘာလုပ်နိုင်သလဲ။ ဘာလုပ်မှာလဲ။ လက်ျာက အစွမ်းထက်တယ်ဆိုတာ သိသည်။

သို့သော် ဘယ်နေရာတွေ အစွမ်းထက်နေမှန်း မသိချေ။ ထို့ကြောင့် သိချင်လှ၏။

"မင်း ဘာလုပ်နိုင်တယ်လို့ ထင်နေတာလဲ"

"ကျွန်တော် သူ့ကို တစ်ခုခု ကူညီနိုင်မယ်ထင်တယ်၊ ကျွန်တော့်စိတ်တွေ နွေးနေတယ် အမေ၊ ကျွန်တော် သူ့ကို ကိုင်ကြည့်ချင်တယ်၊ ဒါကြောင့် . . . သူ့လက်ကလေး ကျွန်တော့် နားကို တိုးပေးလို့ရမလား"

မလုပ်နိုင်စရာအကြောင်းမရှိချေ။ ထို့ကြောင့် ထိုမိန်းက လေးကို ပွေ့ယူပြီး ထိုမိန်းကလေး၏လက်ကို ဆွဲပြီး လက်ျာထံ ကမ်းပေးသည်။

လက်ျာ၏စိမ်းဖန့်သောလက်သည် ထိုမိန်းကလေး၏ လက်ချောင်းလေးများကို ဆုပ်ကိုင်လိုက်သည်။

လက်ျာ၏ဦးနှောက်သည် လင်းခနဲလက်သွားသည်။





လက်ျာ၏နှလုံးသားအစုံသည် ပူနွေးလာသည်။ မှိန်ဖျော့ဖျော့ လဲ လျောင်းနေသူလေးသည် သူ့အား အဓိပ္ပါယ်ပေးနေသလို ခံစားရ သည်။

လက်ျာသည် ရင်ဘတ်မှ သေးငယ်သောအရွက်ကို ခွေ လိုက်သည်။

"သား . . . မင်း ဘာလုပ်တာလဲ"

"ကျွန်တော် သူ့ကိုကယ်ချင်တယ် အမေ၊ ကျွန်တော့်ကို ခွင့်ပြုပါ"

လက်ျာသည် ပြောပြောဆိုဆိုပင် အရွက်ကို လုံးချေလိုက် သည်။

ကိုယ်ခန္ဓာသည် တဆစ်ဆစ် နာကျင်နေသော်လည်း သည်းခံနေလိုက်သည်။

ပြီးနောက် လုံးချေလိုက်သောအရွက်ကို ထိုမိန်းမလှလေး ၏ပါးစပ်ထဲသို့ ထည့်လိုက်သည်။

"သား . . . မင်း ဘာလုပ်တာလဲ၊ ဒီအရွက်တွေ မရှိတော့ ရင် ဒီလောကထဲမှာ မင်း ရှင်သန်နိုင်ဦးမယ်လို့ ထင်သလား"

"ဒီတစ်ရွက်ခြွေလိုက်တာနဲ့ ကျွန်တော်က သေမသွား နိုင်ပေမယ့် သူတော့ မတူဘူးအမေ၊ သူ သေသွားလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့ သူသေသွားမှာကို ကျွန်တော် မကြည့်ရက်ဘူး''

''သူတစ်ယောက် သေသွားရုံနဲ့ ကမ္ဘာမြေကြီးက ဘာမှ ဖြစ်မသွားနိုင်ဘူး။ မင်းမရှိလို့ မရဘူး။ မင်းကသာ ကမ္ဘာမြေကြီးကို ကယ်တင်နိုင်စေမယ့် လူပဲသား။ မင်း သေလို့မဖြစ်ဘူး''

''ကျွန်တော် ဘာမှမဖြစ်ပါဘူး အမေ၊ ဒီတစ်ရွက် ပြုတ်သွားပေမယ့် နောက်ထပ်အရွက်တွေ ထွက်လာဦးမှာပါ၊ အမေ သတိထားမိသလား။ ကျွန်တော် တစ်ကြိမ်ရယ်လိုက်ရင် အရွက် တစ်ရွက် တိုးလာတယ်လေ''

မှန်ပေသည်။ လက်ဦး သတိထားမိသလိုပဲ သဒ္ဒိုဇလည်း သတိထားမိသည်။

''အင်း . . . အင်း''

တအင်းအင်းနှင့် အော်ညည်းနေသော မိန်းကလေးသည် ရုတ်ခြည်းဆိုသလို ထထိုင်လာ၏။

''နွေဦး နွေဦး . . . ဘယ် ဘယ်ကိုရောက်နေတာလဲ''

ကြောက်အားလန့်အား မေးမိသည်။ ရောက်နေသော နေရာသည် မှောင်မည်းနေလေသည်။

ဘေးဘီဝဲယာသို့ အကဲခတ်လိုက်သောအခါ ကျောက်ဂူ ကြီးတစ်ခု ဖြစ်နေမှန်းသိရ၏။





နွေဦး နားမလည်နိုင်တော့ချေ။ ဘာတွေဖြစ်ကုန်တာလဲ။ ဘာတွေဖြစ်နေတာလဲ။

ဘယ်ကိုရောက်နေတာလဲ။ နွယ်ပင်တွေ ကြားတွင် သူမ သတိမေ့သွားခဲ့သည်ဆိုတာက နောက်ဆုံး စဉ်းစား၍ ရခြင်း ဖြစ်၏။

ဘယ်သူတွေလဲ၊ သူတို့တွေက ဘယ်သူတွေလဲ။

''ကျောက်ဂူထဲရောက်နေတာ၊ မင်း မေ့နေလို့ ငါက ထမ်းခေါ်လာခဲ့တာ''

ဟုဆိုသော အမျိုးသမီးကြီးကို ခါနွေဦးသည် စူးစိုက်စွာ ကြည့်သည်။

ငါ ထမ်းခေါ်လာသည်ဆိုသော်ငြား မယုံကြည်ချင်ပေ။ ဒီလောက် အရိုးဂေါင်ရိုက်ဖြစ်နေသော မိန်းမကြီးက နွေဦးကို ဘယ်လိုလုပ် ထမ်းနိုင်မှာတဲ့လဲ။

သို့သော် ကျေးဇူးတင်ပါသည်။ ဘာပဲဖြစ်ဖြစ် မိမိ၏ ကယ်တင်ရှင် မဟုတ်ပါလား။

သူတို့ ကယ်တင်ခဲ့၍သာ ဒီနေရာမှာ ခုလို အသက်ရှင် သန်နိုင်ခြင်း ဖြစ်သည်။

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ခါနွေဦးသည် မှင်တက်သွားသည်။ ခါနွေဦး၏အကြည့် များသည် လက်ျာထံတွင် ရောက်ရှိနေသည်။ လက်ျာသည် ခါနွေ ဦးကို ပြုံးပြ၍နေလေသည်။

"ရှင် . . . ရှင်"

"မင်း . . . အံ့ဩလို့ လန့်သွားတာကို ငါ လက်ခံနိုင်အေး မယ့် ငါ့သားကိုတော့ အဲဒီလိုမကြည့်နဲ့ ငါမကြိုက်ဘူး ကောင်း လေး"

ပြတ်သားလှသော အသံတစ်ခုဖြစ်သည်။

"ငါ့သား ဟုတ်လား၊ သူက အနိုတ်ဘီသားလား"

"ငါ့နာမည် အနိုတီမဟုတ်ဘူး၊ သအိုဇာ"

"ရှင်"

နွေဦးသည် ကိုယ့်နားကိုယ်ပင် မယုံချင်တော့ပေ။ သအိုဇာ ဆိုပါလား။ ဒါ သူမ ဆရာထံပါးမှ မကြာခဏကြားခဲ့ ရသော ပုံပြင်ထဲမှ ဇာတ်ကောင်မိန်းကလေး။

"သူက ငါ့သား လက်ျာပဲ"

"လက်ျာ"

အံ့ဩစိတ်ကို မျိုသိပ်၍မရနိုင်တော့ပေ။ လက်ျာဆိုပါ လား။ သူ . . . သူ . . . သူက သစ်ပင်ပုံလူသား။





ခါနွေဦးသည် တံတွေးမျိုချဖို့ပင် အခက်တွေ့၍နေလေ သည်။ ဆရာ့စကားများကိုလည်း အကြိမ်ကြိမ် ကြားယောင်မိနေ သည်။ လူသားသစ်ပင်၊ လူသားသစ်ပင်။ ဘာတွေလဲ။ သအိုဇာရဲ့ သားက လူသားသစ်ပင်တဲ့လား။ ဘယ်လိုလုပ် ဆက်စပ်ယူရတော့ မှန်း မသိချေ။

ဆရာလည်း ထိုအကြောင်းကို ဆက်စပ်၍မပြောခဲ့ဖူးပါ။ ဆရာလည်း ဒါကို ခန့်မှန်းမိပုံမပေါ်ချေ။ ဆရာ့ကို သတိရမိသည်။ လက်ျာကို ဆရာနှင့်သာ ပေးတွေ့လိုက်ချင်သည်။

"ကောင်မလေး . . . မင်း ထူးထူးဆန်းဆန်းတွေ စဉ်းစား မနေနဲ့၊ ကဲ . . . မင်းလည်း သတိရလာပြီဆိုတော့ မင်းကို ငါပြန်ပို့ ပေးမယ်၊ ဒါပေမဲ့ . . . ဒီနေရာကိုတော့ မင်း ဘယ်သူ့ကိုမှ ပြောပြလို့မဖြစ်ဘူး"

အမှန်ပြောရလျှင် နွေဦး မပြန်ချင်တော့ပေ။ လက်ျာကို လည်းကောင်း၊ ဒေါ်သအိုဇာကိုသော်လည်းကောင်း လေ့လာချင် သေးသည်။

"ဟော့ . . . ငါ ပြောတာကြားသလား"

"ကြားပါတယ်၊ ဒါပေမဲ့ . . . နွေဦး မပြန်ချင်သေးဘူး။ နွေဦး ပြန်လို့မဖြစ်ဘူး။ သူတို့ နွေဦးကို သတ်ကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ကောင်မလေး"

"နွေဦးနာမည်က ခါနွေဦးပါ။ နွေဦးက ရန်ကုန်မြို့ပေါ်က ရောက်လာတာပါ။ နွေဦးက ဦးလေးအိမ်မှာ ခဏလာနေတာ ဒါပေမဲ့ ... ဦးလေးက နွေဦးကို မကျေနပ်လို့ ဒီတောထဲ လာပစ်ထားတာ။ နွေဦး ပြန်ရောက်သွားရင်လည်း သူက ဒီ့ထက် ဆိုးတဲ့ အပြုအမူတွေ လုပ်ဦးမှာပဲ"

ခါနွေဦးသည် လျှာခလုတ်တိုက်တာမှန်သမျှ ပြောလိုက် သည်။ ထိုသို့ပြောလိုက်ခြင်းကြောင့်လည်း ဦးဘသိန်းကို ရင်ထဲ တိတ်တခိုးတောင်းပန်မိသည်။

"စုန်းထက်ဆိုးတဲ့လူတွေပဲ၊ အံ့ပါရဲ့ ... ကိုယ့်တူမ စုန်းဆိုတဲ့ မမြင်ရတဲ့အစွမ်းတွေကိုတော့ ကြောက်တယ်၊ သူ ကိုယ်ထဲက ကြောက်စရာကောင်းတဲ့ ညစ်ညစ်ဆိုးကြီးတွေ မတွန်းလှန်နိုင်ကြဘူး။ အွန်း ... လူတွေတော့ခက်ပါတယ်။ ... အန္တရာယ်များရင်လည်း နေဦး။ အရဲဆာမလာခင် အသိ ထွက်ဦးမယ် အပြင်ကို လုံးဝမထွက်နဲ့နော်၊ ခုတလော ဒီအ တစ်ပိုက်မှာ ယောကျာ်းနံ့ရရနေတယ်၊ ငါ သိပ်မသကာလှ ၄ကွဖြစ်ရင်လည်း ကယ်တင်တတ်မယ့်လူနဲ့ တွေ့မှာပဲ၊ ... တော်တော် မလွယ်တဲ့လောက၊ သူတို့နဲ့မပတ်သက်





တော့လို့ ကိုယ့်ဘာသာကိုယ် တောထဲနေလည်း ရေစက်များ ကြောက်ဖို့ကောင်းပါတယ်"

သအိုဇာသည် ပြောပြောဆိုဆိုပင် ဂူထဲမှ ထွက်သွားပြန် သည်။ ဂျိမ်းခနဲ ဂူတံခါးပိတ်သွားသံကို ကြားလိုက်ရသောအခါ ခါနွေဦး ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ဂူထဲမှာ သူနဲ့လက်ျာ နှစ်ဦးသာ ကျန်ခဲ့ပါလား။ သူမ လက်ျာ၏မျက်နှာကို မော့ကြည့်မိသည်။ လက်ျာသည်လည်း သူမ ကို စိုက်ကြည့်၍နေလေသည်။

လက်ျာ၏မျက်ဝန်းလေးများသည် စိမ်းဖန့်၍နေသည်။ နဖူးကြောလေးများကိုလည်း အစိမ်းရောင်အသားအရေပေါ် ထင် လင်း၍ မြင်နေရသည်။

လက်ျာသည် သူမကို စိုက်ကြည့်နေ၏။ ထိုအကြည့် သည် သူမနှင့်ယှဉ်ပါးသလို ခံစားရ၏။ ထိုအကြည့်များသည် သူမ၏နှလုံးသားနှင့် နီးစပ်နေသည်။

သူ့ကိုယ်ပေါ်မှအရွက်များကိုလည်း နွေဦး ကိုင်ကြည့်မိ သည်။ နူးညံ့၍နေသည်။ ကွမ်းရွက်ပုံသဏ္ဌာန်အရွက်ငယ်လေး များဖြစ်သည်။ အပေါ်ပိုင်းကို ဖလာကျင်းထား၏။ အရွက်ကိုမှ ကြီးမားသောအရွက်ကြီးနှင့် ကာရံထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လက်ျာနော်"

"အင်း"

"နွေဦး ရှင့်ကို ခဏလောက်ကိုင်ကြည့်ခွင့်ရမလား"

"အင်း"

နွေဦးသည် ထိုင်နေရာမှထရပ်ကာ သူ့ခြေရင်းတွင် ဒူးတုတ်ထိုင်ချလိုက်၏။ သူ့ခြေဖဝါးသည် မြေကြီးထဲ၌ရှိနေသည်။ အပြင်သို့ ထွက်နေသောအမြစ်များသည် သူ့ခြေချောင်းတွေများလား။

သူ၏ဆံပင်များသည် အုန်းခွံရောင်ပြောင်လက်နေသည်။ အသားရောင်သည် စိမ်းဖန့်ဖန့်နေလေ၏။

"နွေဦး ရှင့်ကို သေသေချာချာကြည့်ချင်တယ်၊ ရှင်ခွင့်ပြုပါလား"

"အင်း"

သူသည် နွေဦး၏ဆန္ဒကို မငြင်းပယ်ချေ။ ထို့ကြောင့် နွေဦးသည် သူ့ကို အားနာမိ၏။ သို့သော် ထူးဆန်းသောသူ့ပုံကို နွေဦးက လေ့လာချင်မိသည်။

ထို့ကြောင့် ကျောပိုးအိတ်ထဲမှ ဖယောင်းတိုင်နှင့် မီးခြစ်ကို ထုတ်၍ကြည့်သည်။





"အား"

"ဟင် လက်ျာ ... ရှင် ဘာဖြစ်သွားတာလဲ"

"ကျွန်တော် အဲဒီအရောင်ကို မကြည့်နိုင်ဘူး"

"ဒါ ... အလင်းရောင်လေ လက်ျာ"

"ပူတယ်၊ ကျွန်တော် အရမ်းပူတယ်"

လက်ျာ၏အသံသည် နွေဦးရင်ကို နာကျင်စေသည်။ မျက်နှာကို လက်ဖဝါးလေးနှင့် ကာကွယ်နေရှာသော လက်ျာကြောင့် နွေဦး၏နှလုံးသားတွေ နာကျင်လာသလို ခံစားရသည်။

ထို့ကြောင့် ဖယောင်းတိုင်မီးကို ချက်ချင်း ငြိမ်းသတ်လိုက်၏။

"လက်ျာ ... ရှင် နေသာရဲ့လား"

ပြောပြောဆိုဆိုပင် လက်ျာ၏လက်ကို ဆုပ်ကိုင်မိသည်။

"အမှောင်ထဲမှာ မင်း မနေတတ်ရင် ဟိုနားလေးက ကျောက်ချပ်ကို ဆွဲလိုက်၊ အပေါက်ပွင့်သွားပြီး လရောင်ဝင်လာလိမ့်မယ်"

ကင်မရာမီးရောင်ကိုသုံးမယ်ဟု စဉ်းစားမိသော်လည်း မသုံးဖြစ်တော့ပေ။ ကင်မရာမီးရောင်ကို လက်ျာ ခံနိုင်ရည်မရှိမည်ကို စိုးရိမ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လက်ျာပြောသလိုပင် ကျောက်ချပ်ကို ခွဲလှန်သည်။ သိပ်မကြာခင်မှာပဲ လရောင်ကြောင့် ဂူကြီးမှာ လင်းသွားသည်။

ထိုလရောင်သည် လက်ျာ၏ကိုယ်ပေါ် တိုက်ရိုက်ကျရောက်နေသည်။ လရောင်ကြောင့် လက်ျာသည် ပိုပြီး လင်းသွားလားဟု ထင်မိသည်။ လှလိုက်တာ။ ကြည့်လို့ကောင်းလိုက်တာ။ သိပ်တော်သော ပန်းချီဆရာ၏လက်ရာအမြောက်ဆုံးသော ပန်းချီကားတစ်ချပ်နှင့်ပင် တူ၍နေလေသည်။

"လနတ်သားက ပြောတယ်၊ မင်း ကျွန်တော့်ကို ချစ်နေတယ်တဲ့"

"ဟမ် ... ဘာကိုပြောတာလဲ လက်ျာ၊ နွေဦး နားမလည်ဘူး"

လက်ျာသည် လမင်းကို မော့ကြည့်နေရာမှ နွေဦးထံ လှမ်းကြည့်လာပြန်သည်။ လက်ျာ၏မျက်လုံးများသည် ရွှန်းစို တောက်ပ၍ နေလေသည်။

"အဲဒါ ကျွန်တော့်ကြောင့်ပါ။ စောစောက နွေဦးရဲ့ အသက်ကို ကယ်ရမယ့်အခြေအနေ ဖြစ်နေတယ်၊ ကျွန်တော့် ကိုယ်ပေါ်က အရွက်က နွေဦးရဲ့အသက်ကို ကယ်နိုင်တယ်လို့





လနတ်သားက ပြောလို့ ကျွန်တော်က အရွက်တစ်ရွက်ကို ခြွေပြီး နွေဦးကို ကျွေးလိုက်တယ်"

"ရှင် နွေဦးကို ဟုတ်လား"

"အင်း"

"ကျွန်တော်က မေတ္တာနဲ့ ကျွေးလိုက်တာဖြစ်လို့ နွေဦး ကလည်း ကျွန်တော့်အပေါ် မေတ္တာပြန်ရှိသွားတာလို့ ပြောတယ်"

"ဟာ ... မဟုတ်တာ"

နွေဦး ရှက်သွားသည်။ နွေဦးသည် မာစတာတန်းပြီးချိန်ထိ ရည်းစားမထားဖူးသူဖြစ်၏။ ပညာကိုသာ ကြိုးစားသင်ယူခဲ့သည်။ အပင်တွေကိုသာ လေ့လာခဲ့သည်။ မြေကြီးတွေကိုသာ နမ်းခဲ့သည်။ လူအများပြောကြသော အချစ်ဆိုသည့်အရာကိုမူ တွေး၍ပင် မကြည့်ဖူးချေ။

"ကျွန်တော့်လက်ကို ကိုင်လိုက်ပါလား နွေဦး"

နည်းနည်းတော့ ကြောင်တောင်တောင်နိုင်လှသည်။ အမန်ယောကျ်ားတစ်ဦးဆိုပါက စော်ကားရကောင်းလားဟု ဒေါသဖြစ်ဖြစ်နှင့် ပါးကျိုးအောင်ရိုက်မိမည်မှာ မုန်သော်လည်း လက်ျာဖြစ်နေသောကြောင့် စိတ်ဆိုးစိတ်တို၍ပင် မရနိုင်ပါ။

"ကျွန်တော် နေ့တိုင်း နွေဦးကိုစောင့်နေတာသိလား။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်မင်းက ပြောတယ် . . . ကျွန်တော့်မှာ အချစ်တွေ ရှိနေတယ်တဲ့၊ ကျွန်တော့်ဆီ လှပသောမိန်းကလေးတစ်ယောက် ရောက်လာလိမ့်မယ်လို့ ပြောတယ်''

ယုံရခက်သော်လည်း လက်ျာပြောသမျှကို ယုံကြည်သည်။ ပါးလွှသော ထိုနတ်ခမ်းလေးသည် နွေဦးကို မညာဘူးဟု နွေဦး ယုံကြည်သည်။ ပြီးနောက် ကြည်လင်ရှင်းသန့်သော မျက်လုံးစိမ်းလေးသည် လောက၏ ရှုပ်ထွေးခြင်းကို ဘာမှမသိဘူးဟု သက်သေပြနိုင်ဖွယ်ရှိသည်။

''အဲဒီလှပတဲ့မိန်းကလေးက ဘာလို့ နွေဦးဖြစ်ရတာလဲ''

''ကျွန်တော့်ရင်တွေ ခုန်လာလို့ပါ၊ နွေဦးက ကျွန်တော့်ရဲ့ ဒီနေရာကို စမ်းကြည့်ပါလား''

ဟု သူက ဆိုကာ နွေဦး၏လက်ကို ဆွဲကိုင်ပြီး သူ့ရင်ဘတ်သို့ ကပ်ပေးလိုက်သည်။

သူ့နှလုံးသား ဖြစ်နေ၏။ သူသည် နှလုံးသားရှိသောလူ ဖြစ်သည်။ သူ ရင်ခုန်နေသည်။

''ကျွန်တော်ရော နွေဦးရဲ့နှလုံးခုန်သံကို စမ်းကြည့်လို့ရမလား''





သူ့ရဲ့တောင်းဆိုမှုသည် နူးညံ့ညင်သာလှသည်။ သို့သော် သူသည် နှလုံးသားနှင့်လူသားဖြစ်သည်။ သူသည် ယောက်ျားတစ်ယောက်ဖြစ်၏။ မဖြစ်ပါ။

''ဟင့်အင်း''

''ဘာလို့လဲဟင်''

''လူ့စည်းကမ်းအရ အခြားယောက်ျားသားက မသက်ဆိုင်တဲ့ မိန်းကလေးရဲ့ရင်ခုန်သံကို နားထောင်ခွင့်မရှိဘူး''

နွေဦးသည် ခပ်ပြတ်ပြတ်ဆိုသည်။ ထိုအခါ လက်ျာသည် ငိုင်ကျသွားပြန်သည်။

''ကျွန်တော်က လူ့စည်းကမ်းတွေကို မသိတဲ့အတွက် ကျွန်တော့်ကို နွေဦးကပဲ သင်ပြပေးပါလား''

''တဖြည်းဖြည်းတော့ ရှင် နားလည်မှာပါ''

''ကျွန်တော် ဝမ်းနည်းတယ် နွေဦး။ ဒါပေမဲ့ . . . ဝမ်းနည်းလို့ မဖြစ်ဘူး။ ကျွန်တော်က ဝမ်းနည်းရင် အပင်တွေ သေဆုံးကြရလိမ့်မယ်''

''ဟင်''

''လူတွေ ဒုက္ခရောက်ကြလိမ့်မယ်၊ ကျွန်တော့်ကို ပျော်အောင် ဖန်တီးပေးပါလား နွေဦးရယ်''



www.burmeseclassic.com

www.burmeseclassic.com



နွေဦးရင်ထဲ ပြာဝေသွားသည်။ သူပြောတာ ဖြစ်နိုင်သည်။ မကြာသေးခင်ကပဲ အုံးရွာ၌ ထူးဆန်းသည့်ကိစ္စမျိုး ဖြစ်ပွားခဲ့သည်။

အဲဒါ သူ့ကြောင့်လည်း ဖြစ်နိုင်သည်။

"ကျွန်တော် မကြာခင် အိပ်ရလိမ့်မယ်၊ အရုဏ်လာရင် ကျွန်တော် ငိုက်မြည်းလာပြီ"

အမှန်တကယ်ပင် လက်ျာ၏မျက်လုံးများသည် မှေးစင်း၍ လာသည်။ ခါနွေဦး လန့်သွားသည်။ အုံးရွာမှ အထူးအဆန်းများကို တွေးမိသည်။

မဖြစ်ပါ။ လက်ျာသာ စိတ်ထိခိုက်ပါက ရွာသားများ ဘေးဆိုးနှင့် ကြုံတွေ့ရလိမ့်မည်။

"လက်ျာ ... ရှင် အိပ်ဦးမှာလားဟင်၊ အိပ်မပျော်ပါနဲ့ဦး လက်ျာရယ်နော်"

"ကျွန်တော် အိပ်ချင်လာပြီ"

လက်ျာသည် စိတ်ရှုပ်ထွေးစရာများနှင့် အိပ်ပျော်သွား၍ မရချေ။ နွေဦးသည် ကြံရည်ဖန်ရည်မဲ့လာသလို ခံစားရသည်။

နောက်ဆုံး ကြံရာမရသောအခါ လက်ျာ၏ကိုယ်လေးကို ရင်ချင်းအပ် ပွေ့ဖက်ပေးလိုက်သည်။





တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပေးထားမိသည်။ ထိုစဉ် ...

"ခါနွေဦး ... မင်း ဒါ ဘာလုပ်တာလဲ"

စူးရှသောအသံ ဖြစ်သည်။ ခါနွေဦး လှည့်ကြည့်လိုက်သောအခါ မီးဝင်းဝင်းတောက်နေသော သအိုဖာ၏မျက်လုံးနှင့် ရင်ဆိုင်ရသည်။

"ငါ့သားကို လွှတ်လိုက်စမ်း"

ခါနွေဦးသည် ကြောက်အားလန့်အားနှင့် ထွက်ပြေးပြင်သောအခါ ခါနွေဦး၏လက်သည် တစ်စုံတစ်ယောက်၏ ဆွဲကိုင်ခြင်းကို ခံလိုက်ရသည်။

လက်ျာသည် ခါနွေဦး၏လက်ကို မလွှတ်တမ်း ကိုင်ထားရာမှ ဆွဲကာ ပွေ့ဖက်ထားပြန်သည်။

ဂူထဲ တိတ်ဆိတ်ခြင်းက မင်းမူသွား၏။ သိပ်မကြာခင် အဝင် လတိုးသံသဲ့သဲ့ကို ကြားလိုက်ရသည်။ လက်ျာ အိပ်ပျော်သွားပြီဖြစ်၏။

လက်ျာ၏နှုတ်ခမ်းများသည် ပြုံးနေသည်။ ထိုခဏအတွင်းတွင် ဂူနံရံရှိ တိမ်စိုင်ကမုန်းသည် ပန်းကလေးများ ပွင့်လာ၏။ တစ်ပေါက်ချင်းကျနေသော ကျောက်စက်ရေသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင်စီးဆင်းလာသည်။ ထိုအချင်းအရာကို သဒ္ဒိဇာတ်ယောက်တည်း သိလိုက်ခြင်းမျိုးမဟုတ်ဘဲ နွေဦးပါ သိလိုက်ရသည်။ နှစ်ယောက်သားသည် တစ်ဦးကိုတစ်ဦး မယုံနိုင်စွာ စိုက်ကြည့်နေဖြစ်တော့၏။

၀၀



## အခန်း (၂၄)

"ခါနွေဦး ပြန်ရောက်လာပြီဟေ့"

ဆိုသောသတင်းသည် တစ်ရွာလုံး နှံ့၍နေလေသည်။ နွေဦး တောထဲတွင် ပျောက်သွားတယ်ဆိုသောသတင်းကြောင့် ရွာသို့ ဦးညာဏ်လွင် ရောက်ရှိလာခဲ့သည်။

ဦးညာဏ်လွင်သည် ငွေအားကိုးနှင့် ခါနွေဦးကို သုံးရက် ၍ တောနင်းရှာခဲ့သည်။ မတွေ့ရချေ။

ခါနွေဦး ပျောက်သွားသည်မှာ တစ်ပတ်ခန့်ကြာမြင့်လာ ဖြစ်၏။

ရွာသားများသည် သဒ္ဒိဇာပဲ ခါနွေဦးကို ဝိုက်ဖောက်



www.burmeseclassic.com

www.burmeseclassic.com



စားလိုက်ပြီလိုလို၊ တောဝံကြီးများပဲ ဆွဲသွားပြီလိုလိုနှင့် အမျိုးမျိုး ပြောဆိုနေကြလေသည်။

"နွေဦး ... သမီး"

ဦးဉာဏ်လွင်သည် ဝမ်းသာအားရပင် ခါနွေဦးကို ဖွေ့ ဖက်ကြိုဆိုမိသည်။

"အောင်မယ်လေး ... မသေကောင်း မပျောက်ကောင်း မြို့သူရယ်၊ ကျုပ်တို့တစ်ရွာလုံးမှာ မင်းကို စိတ်ပူလိုက်ရတာ"

"သမီးရယ် ... မင်း ဘယ်တွေရောက်နေတာလဲ"

"ဦးဘသိန်းရော ဆရာ"

"ရှိပါတယ်"

"သူ ဘာမှမဖြစ်ဘူးလား"

"ခြေထောက်ဒဏ်ရာရထားတယ်၊ ဒါပေမဲ့ ... အခု တော့ ကောင်းနေပါပြီ"

"ဖိုးလုံးရောဟင် ဆရာ"

"ကျွန်တော် ဒီမှာပါ အစ်မ၊ အစ်မ ခုလိုဖြစ်ရတာ ကျွန် တော့်ကြောင့်၊ ကျွန်တော်သာ အစ်မကို ပစ်မထားခဲ့ဘူးဆိုရင်"

"ကဲ ... ငိုမနေပါနဲ့တော့ ဖိုးလုံးရယ်၊ နွေဦးလည်း ပြန်ရောက်လာပြီပဲ၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ ဟုတ်လား"





"ဒါပေမဲ့ ... ကျွန်တော်က ငိုချင်တယ်ဗျ"

"ဩော် ... ငါ့နှယ်နော်၊ တိတ်ပါတော့ဆိုနေ"

"ကဲ ဖိုးလုံး ... မင်းလည်း မငိုနဲ့တော့၊ ဟုတ်လား၊ ဒီမှာ နွေဦးလည်း ပင်ပန်းလာရောပေါ့၊ တိတ်တော့နော်၊ ကဲကဲ ... သတင်းမေးလာကြသူများကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ ခုတော့ နွေဦးက ပင်ပန်းနေပြီမို့ ကျုပ်ကို နားခွင့်ပြုလိုက်ရအောင်"

ရွာလူကြီးဦးအောင်မြက ဆိုသောအခါ အုံဖွဲ့နေသော ရွာသားများသည် မီးကို ရေနှင့် ငြိမ်းလိုက်သလို တိတ်ဆိတ်သွား ၏။

ရွာသားများ အလျိုလျို ပြန်သွားပြီးချိန်တွင် ဦးဘသိန်း သည် အခန်းထဲမှ ထော့နင်းထော့နင်း ထွက်လာသည်။

"နွေဦးရယ် ... မသေကောင်းမပျောက်ကောင်း၊ ဦးတို့မှာ ရှာလိုက်ရတာ"

ဦးဘသိန်း၏နှုတ်ထွက်စကားကို ခါနွေဦးနှလုံးသားက ခံစားလို့မရချေ။ ထိုမျက်လုံးများကိုလည်း မယုံချေ။ ဘာကြောင့်လဲ ဆိုတာတော့ အဖြေရှာမရပေ။

"ခြေထောက်ထိခိုက်သွားတယ်ဆို"

"ကောင်းသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက ဦးဘသိန်း အော်လိုက်ပုံကို ကြားယော မိတိုင်း ကြက်သီးထမိတယ်"

နွေဦးက ထိုသို့ဆိုသောအခါ ဦးဘသိန်း၏နဖူးပြင် ချွေးစေးများ ပြန်လာကုန်သည်။

"ကဲ ကဲ ... သမီးလည်း နားဦး။ ကိုဘသိန်းလည ဒဏ်ရာ အရှင်းပျောက်သေးတာမှ မဟုတ်တာ နားဦး"

ဦးဉာဏ်လွင်သည် ပညာတတ်ပီပီ အခြေအနေ သောစကားဝိုင်းကို အဆုံးသတ်လိုက်သည်။ ဦးဘသိန်း အိမ်ထဲသို့ ပြန်ဝင်သွား၏။

"သမီးကြည့်ရတာ လန်းဆန်းနေသလိုပဲ၊ တောထဲ လမ်းပျောက်ပြီးပြန်လာတဲ့ အရိပ်အယောင်မျိုး မတွေ့ရဘူး"

"နွေဦး ဆရာ့ကို ပြောစရာရှိတယ်"

နွေဦးက ထိုသို့ဆိုသောအခါ ဦးဉာဏ်လွင်သည် ဘီဝဲယာကို အကဲခတ်မိသည်။

ပြီးနောက် ...

"ဆရာတို့ အလုပ်ခန်းထဲ ဝင်ကြရင်ကောင်းမယ်"

"ဟုတ်ကဲ့ ဆရာ"

ဦးဘသိန်းရင်ထဲ ဇဝေဇဝါဖြစ်ရသည်။ ခါနွေဦးသ





တောထဲ၌ တစ်ပတ်မျှ မျက်စိလည်လမ်းမှားပြီး ပြန်လာသောပုံ နှင့် လုံးဝမတူချေ။

ခါနွေဦး၏မျက်လုံးများသည် တောက်ပနေသည်။ ကျေနွ သူ ရှာဖွေ၍မရနိုင်သေးသော လျှို့ဝှက်ချက်ကို ခါနွေဦး တွေ့သွား ပြီလား။

သူ့စိတ်ထဲ ဇဝေဇဝါဖြစ်ရသည်။ ထို့ကြောင့်ပင် ... ခါနွေဦးနှင့် ဦးဉာဏ်လွင်နောက်သို့ တိတ်တဆိတ် လိုက်ချောင်း ဖြစ်ပြန်သည်။

"သူ့ရဲ့အကြောင်းက ယုံကြည်ဖို့ခက်ခဲပေမယ့် မယုံ ကြည်လို့ မရဘူးဆရာ၊ သူက လေ, မိုး, နေ, လတို့နဲ့ စကားပြော နိုင်တယ်၊ သူ့အမေတုန်းကဆို နေမင်းနဲ့တောင် ပြောလို့ရခဲ့တယ်၊ သူ့အမေကိုယ်တိုင် နွေဦးကို ပြောတယ်"

"အဲဒီလိုဆန်းကြယ်မှုမျိုး တကယ်ရှိပါ့မလားလို့ တွေး ခဲ့မိတာ၊ ခုတော့ တကယ်ကြီးဖြစ်နေပါလား"

"သူတို့က ပန်းပွင့်လာမယ့်အချိန်ကို စောင့်နေကြတာ"

"ပန်း ... ဟုတ်လား"

"သူ့မှာ နေ့စဉ်နဲ့အမျှ ဇီဝပြောင်းလဲမှုတွေ ဖြစ်ပေါ်နေ တယ် ဆရာ၊ ရှည်တဲ့အမြစ်တွေက တဖြည်းဖြည်းတိုလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူက တစ်နေ့တခြား လှုနဲ့ပိုပြီးတူလာတယ်၊ ဒေါ်သဒ္ဒါ သူရော စိုးရိမ်နေကြပြီ၊ အပွင့်သာမပွင့်ခဲ့နိုင်ရင် နွေဦးတို့နေ တဲ့ ကမ္ဘာမြေကြီး ပျက်စီးသွားလိမ့်မယ်၊ အဲဒီပန်းပွင့်နဲ့မှ ကန် တဲ့ ညီနောင်လေးပါးရဲ့မျက်စိတွေကို ကုလို့ရမယ်တဲ့''

''သမီးကရော သူတို့ဆီ ဘယ်ကဘယ်လို ရောက်သွား သလဲ''

''ဒါကို နွေဦးမသိဘူး ဆရာ၊ နွေဦးက သေဘေးနဲ့ ဆိုင်ခဲ့ရလို့ သူတို့ ကယ်ထားတယ်၊ နွေဦးက ဒီလောက်ပဲသိတယ် အမှန်က လက်ျာသာ မကယ်ခဲ့ဘူးဆိုရင် နွေဦးလည်း သေသွား လောက်ပြီ''

''လက်ျာဆိုတာ ဘယ်သူလဲ''

''သူပဲပေါ့ ဆရာ''

သူဆိုသည်မှာ လူသားဆန်သောသစ်ပင်ကို ရည်ညွှန်း နေမှန်း ဦးဉာဏ်လွင် သဘောပေါက်သည်။

''သူက မြေကြီးမှာ အမြစ်တွယ်နေတာဆို၊ ဘယ် လုပ်''

''သူ့ကိုယ်ပေါ်မှာ ကွမ်းရွက်ပုံသစ်ရွက်လေးတွေ ပေါ် တယ်၊ ဒါပေမဲ့ . . . သူကတော့ သစ်ရွက်တစ်ရွက်ခြွေလိုက်တိုင်း





မှာ အသည်းခိုက်မတတ် နာကျင်ခံစားရတယ်၊ အခု သူ့ကိုယ် ပေါ်မှာ သစ်ရွက် ဆယ့်ငါးရွက်ရှိနေတယ်''

''စာရေးဆရာဆိုလိုခဲ့တဲ့ ဒီသစ်ရွက်ထင်တယ်၊ သူက အနာမျိုးကိုးဆယ့်ခြောက်ပါးကို တွန်းလှန်နိုင်တဲ့ ဆေးဖက်ဝင် သစ်ရွက်တွေပဲ''

''ရှင်''

''သူက သစ်ပင်တွေကို အစိုးရတဲ့ သစ်ပင်များရဲ့အရှင် သခင်''

''ရှင် . . . ဆရာ ဒါတွေ''

''မသေချာသေးလို့ သမီးကို ထုတ်မပြောဖြစ်ခဲ့သေး တာပါ၊ ကဲ . . . ဒီအခြေအနေဖြစ်လာမှတော့ ဆရာ သိမှတ်ထား တာမှန်သမျှ ပြောရတော့မှာပဲ''

''ဟုတ်ကဲ့ ဆရာ''

''သူ့ရဲ့အပွင့်က နတ်သားလေးပါးအတွက် ဘယ်လို အသုံးဝင်သလဲဆိုတာ အခုထိ ဆရာလည်း မသိသေးဘူး၊ ဒါပေမဲ့ . . . ဆရာ သိထားတာက သူ့အပွင့်က သိဒ္ဓိပြီးတယ်၊ မအိုမနာ မသေစေတော့အောင် အစွမ်းထက်တယ်''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ . . . သူက သစ်ပင်ဖိုဖြစ်တဲ့အတွက် အပွင့်က ဘယ်လိုနည်းနဲ့ ပွင့်နိုင်မလဲဆိုတာ ဆက်ပြီးလေ့လာရမှာပဲ၊ ကဲ . . . သမီး အချိန်ဆိုင်းမနေတော့ဘဲ ဒီညပဲ အဲဒီကို ဆရာနဲ့အတူ သွားကြရအောင်"

"ဆရာ . . . သူ့ကို ဘာလုပ်မှာလဲဟင်"

"ဘာဖြစ်လို့လဲ သမီး"

"သူက မကြာခင် လူသားတစ်ယောက်ဖြစ်လာနိုင်တဲ့ အလားအလာတွေ အများကြီးရှိတယ်၊ သူ့မှာ ခြေထောက်တွေ ထင်ထင်ရှားရှား ဖြစ်တည်လာပြီး မကြာခင်မှာ လူသားတွေလိုပဲ သူ သွားလာနိုင်တော့မှာပါ ဆရာ၊ ဒါကြောင့် . . . သူ့ကို"

"သမီး စိုးရိမ်နေတာကို ဆရာနားလည်ပါတယ်၊ စိတ်ချပါ သမီး၊ ဆရာက သူ့ကို ကူညီဖို့ပါ၊ ဖျက်ဆီးဖို့ မဟုတ်ပါဘူး။ အပွင့်လည်း ပွင့်နိုင်အောင်၊ သူလည်း လူသားအဖြစ် အသက်ရှင်ကျန်ရစ်အောင် ဆရာတို့ ကြိုးစားကြတာပေါ့"

"ဘာဖြစ်လို့လဲ ဆရာ၊ အပွင့်ပွင့်ပြီးရင် သူက"

"မသေချာပါဘူး သမီးရယ်၊ လေ့လာရဦးမှာပါ၊ သူ့လို လူမျိုးကို မသမာသူတွေလက်ထဲ ရောက်သွားစေလို့ မဖြစ်ဘူး။ ကမ္ဘာကြီး ကပ်ဘေးဆိုက်လိမ့်မယ်"





"နွေဦး နားလည်ပါတယ် ဆရာ"

"ကဲ ကဲ . . . သမီးလည်း နားတော့၊ ဆရာလည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ရဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

ခါနွေဦးသည် ပြောပြောဆိုဆိုပင် ဦးဉာဏ်လွင်၏အခန်းထဲမှ ထွက်သွားသည်။

ဦးဘသိန်းသည် ကျေနပ်စွာပြုံးသည်။ ရှိုးလား ဘသိန်းကို ကျွန်လိုခိုင်းပြီးမှ သိသမျှကို အလွယ်တကူ ဖော်စားလို့ ရမလား။

သိစေရမယ်။ ဘသိန်းကို ကွက်ကျော်ရိုက်ချင်တဲ့လူတွေ ဘသိန်းအကြောင်း ကောင်းကောင်းသိစေရမယ်။

ဦးဘသိန်းသည် ရင်ထဲ လိပ်ခဲတင်းတင်း ဖြစ်ကျန်ရစ်သည်။

ခုချိန်ခါသည် ဦးဘသိန်း စောင့်မျှော်နေသောနေ့ရက်ဖြစ်၏။ အချိန်တန်ပြီ ဖြစ်သည်။

ရေမြွေဆိုပြီး အထင်သေးနေသူအပေါင်းတို့ကို နဂါးမှန်း သိသွားအောင် အမောက်ထောင်ပြရတော့မည့် အခြေအနေ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘသိန်းကို အထင်သေးချင်ကြသူတွေ ဘသိန်းအကြောင်း ကောင်းကောင်းသိစေရမယ်ဟုသာ မချိတင်ကဲ အံကြိတ်ပြောမိတော့သည်။

၁၁ ၁၂



## အခန်း (၂၅)

“ဟာ . . . ဒီမိန်းမကြီး ရွှပ်လိုက်တာကွာ”

“မလုပ်ပါနဲ့၊ ငါ့သားကို မလုပ်ကြပါနဲ့”

လူတကာတို့က ကြောက်လန့်နေသော သအိုဇာကို ဦးဘသိန်းသည် ကျောက်နံရံသို့ လွင့်သွားအောင် တွန်းပစ်လိုက်မိသည်။

“အား”

ကျောက်နံရံနှင့်ခေါင်း ဆောင့်မိလေသောအခါ သအိုဇာ၏ခေါင်းတွင် သွေးများ ချင်းချင်းနီကုန်သည်။

“ငါ့သားကို မလုပ်ကြပါနဲ့၊ ငါ့သားကို ချမ်းသာခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးကြပါ၊ မလုပ်ကြပါနဲ့"

သအိုဇာသည် သွေးအိုင်ထဲလူးလိမ့်ရင်း အော်နေရှာသည်။

"ဟော့ကောင်တွေ မြန်မြန်လုပ်၊ ဘိုးတော်နဲ့ကောင်မလေး ရောက်လာရင် အားလုံးရှုပ်ကုန်မယ်၊ သူတို့ရောက်မလာခင် ဒီအပင်ကို ငါတို့ ရွှေ့နိုင်မှဖြစ်မယ်"

နေသည် ဝင်လုဝင်ချင်ဖြစ်သည်။ ပေါက်ပြား၊ ဂေါ်ပြား၊ တံရှင်းများဖြင့် မြေကြီးကို တူးဆွနေကြကုန်သည်။

သို့သော် အိပ်ပျော်နေသော လက်ျာကတော့ နိုးမလာချေ။

"သားရေ … သား ထပါတော့၊ သားကို သူတို့ သတ်ကြတော့မယ်၊ သားရေ … သားလေး လက်ျာ၊ ထပါတော့ သားရယ်"

သအိုဇာသည် အားရှိအားကုန် အော်ပြောနေသော်လည်း လက်ျာသည် ငြိမ်သက်၍သာ နေလေသည်။

"မြန်မြန်လုပ်ကြပါကွ"

ဦးဘသိန်း၏ဆော်ဩသံသည် ဂူတစ်ခုလုံး ဆူညံ၍ နေလေသည်။





"သားရေ လက်ျာ … ထပါတော့၊ ခါနွေဦးရေ မြန်မြန်လာပါ၊ မင်းပဲ ချစ်လှပါတယ်၊ ကူညီပေးမယ်ဆို၊ ခုတော့ … ဘယ်လိုဖြစ်ရတာလဲ၊ ငါတို့သားအမိကို သေအောင်သတ်နေတာလား။ မြန်မြန်လာပါတော့ ခါနွေဦးရယ်"

သအိုဇာ၏အသံသည် သစ်ရွက်ကလေးများပင် လှုပ်ခတ်ကုန်သည်။

ခါနွေဦးသည် အိပ်ပျော်နေရာမှ ဆတ်ခနဲနိုးလာသည်။

သူမနားထဲတွင် ငိုကြွေးနေသော သအိုဇာ၏အသံကို ဆင့်ကာဆင့်ကဲ ကြားနေရသည်။

အိပ်မက်မကောင်းချေ။ ဘာကြောင့် သအိုဇာက ရှိုက်ကြီးတငင် ငိုကြွေးနေရတာလဲ။

ခါနွေဦးသည် အိပ်ရာမှလူးလဲထလိုက်သည်။ ပြတင်းတံခါးကို ဖွင့်ကြည့်မိ၏။

နေမင်းသည် တောင်နံရံကြား ဝင်ရောက်ပျောက်ကွယ်မြုပ်နေပြီဖြစ်သည်။

"ဟင်"

ခြံစည်းရိုးမှ သစ်ရွက်များသည် ညှိုးရော်ကျနေကုန်၏။

"ဒါ … ဘယ်လိုဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခါနွေဦးသည် ပျာယာခတ်သွားသည်။ အိမ်ပေါ်မှပြေးဆင်းလာမိ၏။

ခြံရှေ့ရှိ ပန်းရုံများကို ကြည့်သည်။ အရွက်သည် ညိုရော်၍နေသည်။

သရက်ပင်ကို မျှော်ကြည့်ပြန်သည်။ သရက်ရွက်များသည် နွမ်းလျှပြီး ငိုက်မြည်းနေလေသည်။

"ဘာဖြစ်တာလဲ ဆရာ . . . ဆရာ"

ခါနွေဦး၏အသံသည် ထိတ်ထိတ်ပျာပျာနိုင်လှသည်။

ထို့ကြောင့် . . . စာအုပ်တစ်အုပ်ကို သဲမဲဖတ်နေသော ဦးဉာဏ်လွင်သည် ထိတ်ထိတ်လန့်လန့်ဖြင့် ပြေးထွက်လာသည်။

"ခါနွေဦး . . . ဆရာ ရှာတွေ့သွားပြီ ပန်းပွင့်နိုင်တဲ့နည်းကို ဆရာ တွေ့လိုက်ပြီ"

"ဆရာ ခြံရှေ့က သရက်ပင် ညှိုးကျသွားပြီဆရာ"

"ဟမ်"

"နေပူရှိန်ကြောင့်တော့ မဖြစ်နိုင်ဘူးဆရာ၊ အရွက်တွေက အခြေအနေ တော်တော်ဆိုးနေတယ်"

ခါနွေဦး၏စကားကြောင့် ဦးဉာဏ်လွင်သည် စိုးရိမ်ကြီးစွာပင် ပြေးဆင်းလာခဲ့သည်။





စံပယ်ရုံလေးများသည် ညှိုးကျနေသည်။ သရက်ပင်များသည်လည်း ခြောက်သွေ့စပြုလာသည်။ မြက်ပင်များသည်လည်း အားအင်ကုန်ခမ်းနေပြီဖြစ်သည်။

မြက်တစ်ဆုပ်ကို ဆွဲနုတ်ကာ ဦးဉာဏ်လွင် ရှုစိုက်ကြည့်သည်။ ပြီးနောက် ခါနွေဦးထံသို့ အဓိပ္ပာယ်ဝှက်လျှင် လှည့်ကြည့်ပြီး ဆိုသည်။

"ပစ္စည်းတွေ မြန်မြန်သွားယူ၊ ဆရာတို့ ခုပဲ တောထဲ လိုက်ကြရအောင်"

ခါနွေဦး ထိတ်လန့်မိသည်။ ဘာယူ၍ယူရမှန်းလည်း သိတော့။ လက်ျာ ဘာမှမဖြစ်ပါစေနဲ့။ အပင်ညှိုးခြင်းသည် လက်ျာနှင့် မသက်ဆိုင်ပါစေနှင့်ဟူသော ရင်ထဲ အထပ်ထပ်ဆုတောင်းနေမိတော့သည်။

⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ခါနွေဦးတောင်းသောဆုကို လောကနတ်မင်းကြီးက ချစ်လှူရှလိုက်ပြန်ပါ၏။ ဂူထဲသို့ပြန်ရောက်သွားသောအခါ သွေးအိုင်ထဲလဲနေသော သဒိုဇာကာသာ မရှူမလှ ဆီးကြို၍ နေသသည်။

"သဒိုဇာ . . . သဒိုဇာ"

"ခါ . . . ခါနွေဦးလား"

"ဖြစ်ရလေ သဒိုဇာရယ်၊ လက် . . . လက်ျာရောဟင်"

"ဟိုလူတွေ သူ့ကိုခေါ်သွားကြပြီ၊ သားကိုကယ်ပါ ခါနွေဦးရယ်၊ သူသာ တစ်ခုခုဖြစ်ခဲ့ရင် ကမ္ဘာမြေကြီး ကပ်ဘေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရလိမ့်မယ်၊ သူ့ကို ကယ်ပါ။ သား ... သားကိုကယ်ပါနော် ... နော်''

''သအိုဇာ သအိုဇာ ... ဟင့် ဟင့် ဖြစ်မှဖြစ်ရလေ သအိုဇာရယ်၊ သအိုဇာ ... ဟင့် ဟင့်၊ အဲဒါ ... နွေဦးအပြစ်ပါ၊ နွေဦးကြောင့်ပါ''

''လာ သမီး ... မြန်မြန်သွားရအောင်၊ သအိုဇာ့ကို တော့ နောက်မှ သေသေချာချာ သင်္ဂြိုဟ်ကြတာပေါ့၊ အခု ... လက်ျာနောက် လိုက်ကြရအောင်၊ လက်ျာမှာ အန္တရာယ်ရှိနေတယ်၊ ဆရာတို့ရဲ့စကားကို ကိုဘသိန်း ကြားသွားပုံရတယ်၊ သမီး ... သတိထားမိသလား။ ဆရာတို့အိမ်က ထွက်လာတဲ့အချိန် အိမ်မှာ ဖိုးလုံးရော၊ ကိုဘသိန်းပါ မရှိကြဘူး''

''လူယုတ်မာ''

''ကဲ လာ ... လက်ျာနောက်လိုက်ရအောင်၊ ဒီမြေပုံတွေကို ကြည့်ရပုံအရ အမြစ်ကို တူးလှန်သွားပုံရတယ်၊ သူတို့ ဒဝဲဓဝေးမရောက်နိုင်သေးပါဘူး''

''ဘာအကြံအစည်နဲ့ ဒီလိုယုတ်မာရတာလဲ''

''ကိုဘသိန်းက လောဘသားကောင်ပဲ၊ အပင်ကို မွေးစိုက်မလို့ နေမှာပေါ့၊ အပွင့်ကို သူပိုင်ချင်လို့ပဲ ဖြစ်မယ်၊ ဒီလူတော့





များတော့မယ်၊ အကုန် ဒုက္ခရောက်ကုန်တော့မယ်''

ဆရာ့အသံကြောင့် အန္တရာယ်သည် သိပ်ကို ကြီးမားနေပြီဆိုတာ သိလိုက်သည်။

''အပင်ရဲ့သက်တမ်းက ... ဆယ့်ရှစ်နှစ်ကျော်ပြီးနော် သမီး''

''ဟုတ်ကဲ့ ဆရာ''

''ကံကောင်းခြင်းပဲဖြစ်လာမလား ဆိုးပဲဆိုးသွားမလား ဆိုတာ စောင့်ကြည့်ရမှာပဲ''

''ဆရာ ... သအိုဇာ့ကို''

ခုနစ်ရက်မျှ နေခဲ့ဖူးသော်လည်း သံယောဇဉ်သည် အမျှင်တန်းလျက်ရှိသည်။ ထို့ကြောင့် ဝိညာဉ်မဲ့နေသော သအိုဇာ့ကို ခဲမထားနိုင်ပြန်ပါ။

ဒါကိုသိသော ဦးဉာဏ်လွင်သည် အသက်မဲ့ခန္ဓာကိုယ်ကို ပွေ့ချီပြီး ကျောက်ချပ်ပေါ် တင်လိုက်၏။ ပြီးနောက် ... ဂူထဲမှ ထွက်လာခဲ့သည်။

ထူးဆန်းစွာပင် သူတို့အပြင်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ကျောက်ချပ်လွှာကြီးသည် ပြန်ပိတ်သွားသည်။

ထိုစဉ် မိုးသည် သည်းထန်စွာ ရွာသွန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံသည်လည်း တိုးတိုးညင်သာနေရာမှ ဆူညံလာသည်

"ဆရာ"

"သမီး သူတို့ ဒီလမ်းကြောင်းကို သွားလိုက်ပုံရတယ်

ဒီမှာ မြေသားမှုန်တွေ ရှိနေတယ်"

"ဝေါ ဝေါ"

လေနှင့်မိုးသည် ရုတ်တရက်ဆိုသလိုပင် သဲသဲထန်

ချလာသည်။

"ဝေါ ဝေါ"

လေရော,မိုးရော ပါလာသောအခါ ပူလောင်နေ

ခါးနွေဦးရင်သည် ငြိမ်းချမ်းသွားသလို ခံစားရ၏။ လေနှင့်မိုး

လက်ျာ၏မိတ်ဆွေဖြစ်မှုန်းကို ခါးနွေဦး ကောင်းစွာသိ၏။

"ဝေါ ဝေါ"

"ဆရာ . . . မုန်တိုင်းတွေတိုက်တော့မယ်"

"မြန်မြန်လိုက်မှဖြစ်မယ်သမီး။ လေနဲ့မိုးဆိုတာ

ပဲ တားနိုင်မယ်၊ လူတွေကိုပဲ တားနိုင်မယ်၊ လက်ျာရဲ့အသ

ကို မကာယ်နိုင်ဘူး"

ဆရာ့စကားကြောင့် ခါးနွေဦး စိတ်ပူသွားသည်။ အ

တို့မည်သည် မြေကြီးနှင့် ကြာကြာဝေးကွာ၍ မရပါချေ။ ဒ





အမြစ်တွေကို ခုတ်ဖြတ်ခံထားရသည်ဆိုတာ ဂူထဲတွင် ခါးနွေဦး

မျက်စိနှင့် အတည်ပြုခဲ့ပြီးဖြစ်သည်။

"လက်ျာ . . . လက်ျာ"

ခါးနွေဦးသည် အသံကုန်အောင် အော်ပစ်လိုက်မိသည်။

ထိုအော်သံကြောင့် လက်ျာ၏မျက်လုံးနှစ်လုံးသည် ပွင့်လာသည်။

လက်ျာ၏လက်များသည် လှုပ်ရှား၍မရချေ။ ကြိုးဖြင့်

တုတ်နှောင်ခံထားရသည်။

"ဝေါ ဝေါ"

မိုးသံရော,လေသံပါ တဝေါဝေါ ဆူညံ၍နေလေသည်။

တိုက်ခတ်လိုက်ကြစမ်းပါ။ တိုက်ခတ်ပေးကြစမ်းပါ။

ရင်ထဲ၌သာ အသံတိတ် ဆုတောင်းနေမိသော်လည်း

နှုတ်ဖျားသည် မလှုပ်နိုင်ပေ။

"လက်ျာ လက်ျာ လက်ျာ"

ခါးနွေဦး၏အသံကို ပြတ်ပြတ်သားသား ကြားနေရသော်

လည်း ပြန်ထူးရန် မစွမ်းဆောင်နိုင်ပြီ။

"ဝှန်း"

လေသည် အဆက်မပြတ် တိုက်ခတ်လာသည်။ ထို့

ကြောင့် တောတွင်းရှိ သစ်ပင်ကြီးများပါ လဲပြိုကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ျာရေ . . . လက်ျာ"

ခါနွေဦးဇော်ငိုသံကို ကြားနေရသည်။ သူလည်း မောပန်းလှပါပြီ။ သူ့ကို လွှတ်ပေးကြပါတော့။

"ဝေါ ဝေါ"

"အား"

သူ့ကို မ,ထားသောလူတစ်ဦးအား သစ်ပင်ဖိလိုက်သည်။

"ဟင် . . . မောင်သောင်း"

ဖိုးလုံးဇော်အော်သံသည် လေသံမိုးသံနှင့်ရောပြီး ထွက်ပေါ်လာသည်။

"ဒီတစ်ခါသာကိုစွပြီးလို့တော့ မင်းတို့အားလုံး မြို့ပေါ်ရောက်မှာကွ၊ ချမ်းသာပြီ"

ဦးဘသိန်း၊ မဲဆွယ်ခဲ့သောအသံများသည် ယခုချိန်နားထဲမှ မထွက်ပေ။

"ဝေါ ဝေါ"

"အား"

လေသည် အဆမတန် တိုက်ခတ်လာသည်။ ထို့ကြောင့် လက်ျာကို မ,ထားသူများသည် လက်ျာကိုလွှတ်ချကာ လက်လှမ်းမီရာ သစ်ပင်ကြီးများကို ဆွဲထားကြသည်။





"ဝေါ ဝေါ"

ဦးဘသိန်းနှင့် အပေါင်းအပါ ငါးဦးအဖွဲ့သည် ကစဉ့်ကလျား ဖြစ်ကုန်ကြသည်။

"အား"

"အား"

လေသည် ကြမ်းတမ်းလှပေသည်။ ကြီးမားသော လေပွေကြီးသည် ဦးဘသိန်းနှင့်လူအားလုံးကို စုပ်ယူခေါ်ဆောင်သွားလေသည်။

"ဝေါ ဝေါ ဝှူး"

လေသည် တဖြည်းဖြည်း ငြိမ်ကျသွား၏။

"လက်ျာ . . . လက်ျာ"

မိုးရေတွေစိုနစ်နေသော ခါနွေဦးသည် လက်ျာအနီးသို့ အပြေးတစ်ပိုင်း ရောက်ရှိလာသည်။

"လက်ျာ"

ခါနွေဦးသည် လက်ျာဘေးတွင် ဒူးတုပ်ထိုင်ကာ လက်ျာကို ပွေ့ချီလိုက်သည်။

"လက်ျာ"

"နွေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ဟင့် ဟင့် ... နွေဦးကြောင့်ပါရှင်၊ ခုလိုဖြစ်ရတာ နွေဦးကြောင့်၊ ဟင့် ဟင့် ... နွေဦး မှားတာပါ"

"မငိုပါနဲ့ နွေဦးရယ်၊ ကျွန်တော်လေ ... ကျွန်တော် ဘာမှမမြင်ရဘူး"

ဘာမှမမြင်ဘူးဟုပြောနေသော လက်ျာ၏အသံသည် ထူးခြားစွာပင် တိုးလျနေသည်။ မိုးရွာထားသော်လည်း ပတ်ဝန်းကျင်မှ သစ်ရွက်များသည် ညှိုးရော်၍နေလေသည်။

"ဟင့်အင်း လက်ျာ ... ရှင် မသေရဘူး။ ရှင်မရှိရင် နွေဦး ဘယ်လိုနေမလဲ၊ ရှင် မသေရဘူးနော်၊ ရှင့်ကို နွေဦး ချစ်တယ်၊ ရှင်နဲ့မခွဲနိုင်ဘူး လက်ျာ"

လက်ျာသည် အားယူ၍ ပြုံးနေရှာသည်။

"လက်ျာ"

"သမီး"

ထိုစဉ် ဆရာဦးဉာဏ်လွင်သည် ခါနွေဦးတို့အနီး ရောက်လာ၏။ ခါနွေဦးသည် ဦးဉာဏ်လွင်ကို အားကိုးတကြီး ကြည့်မိသည်။

"ဆရာရယ် လက်ျာကို ကယ်ပါဦး။ မကယ်နိုင်တော့ဘူးလားဟင်၊ ဆရာပဲ ကယ်တင်မယ်ဆို"





"သမီးရယ် ... ဆရာ စိတ်မကောင်းပါဘူး"

"ဆရာရယ် ... လက်ျာကိုကယ်နိုင်တဲ့နည်း မရှိတော့ဘူးလားဟင်၊ ရှိရင်ပြောပါ၊ နွေဦး ဘာမဆိုလုပ်ပါ့မယ်"

ခါနွေဦးစကားကြောင့် ဦးဉာဏ်လွင်သည် ငြိမ်သက်သွားသည်။

"ရှိရင် ပြောပြပါနော် ... ဆရာနော်၊ လက်ျာကို ကယ်ပါ ဆရာရယ်၊ လက်ျာ ခုလိုဖြစ်ရတာ နွေဦးကြောင့်ပါ ... ဟင့် ဟင့်"

"သမီး လက်ျာကို တကယ်ချစ်သလား"

ခါနွေဦး ခေါင်းညိတ်ပြသည်။

"နားနဲ့မနာ ဖဝါးနဲ့နာပါ သမီးရယ်"

"ပြောပါဆရာ ... လက်ျာသာ အသက်ရှင်မယ်ဆိုရင် နွေဦး ဘာမဆိုလုပ်ဝံ့ပါတယ်"

"ကဲကောင်းတယ်သမီး၊ ခုနေချိန် လက်ျာက ဇီဝ အပြောင်းအလဲနဲ့ ကြုံနေရတယ်၊ လက်ျာကို ကယ်နိုင်တဲ့နည်း ရှိတယ်၊ ဒါပေမဲ့ ... ဒါကလည်း သိပ်တော့မသေချာလှပါဘူး"

"ပြောပါဆရာ၊ နွေဦး ဘာမဆိုလုပ်ပါ့မယ်"

"လက်ျာမှာ မ,ဟော်မုန်းအားနည်းနေတယ် သမီး"

www.burmeseclassic.com



"ရှင် ဆရာ"

"ဆရာ ဘာကိုဆိုလိုချင်သလဲဆိုတာ သမီး ခန့်မှန်းမိမယ်လို့ ထင်ပါတယ်၊ ဆရာပြောနိုင်တာတော့ ဒီလောက်ပါပဲ၊ ကျန်တာ သမီးဘာသာပဲ ဆုံးဖြတ်လိုက်ပါတော့၊ ဆရာတော့ သမီးရော လက်ျာပါ ကံကောင်းပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

ခါနွေဦးရင်ထဲ ငြိမ်းချမ်းသွားသည်။ လက်ျာကို တယ်နိုင်တဲ့နည်း ရှိပါတယ်တဲ့။ လက်ျာကို ကယ်နိုင်မယ်တဲ့လား။ လက်ျာရယ် . . . ရှင့်ကို နွေဦး အရမ်းချစ်ပါတယ်။ ရှင်နဲ့မှ နွေဦးက အချစ်ဆိုတာကို နားလည်ခဲ့တာပါ။ ရှင်သာ လောကမှာ အသက်ရှင်ခွင့်ရမယ်ဆိုရင် နွေဦးလေ ဘဝသာမက အသက်ပါပေးတုံ့ပါတယ် လက်ျာရယ်။ ရှင့်ကိုလေ ရှင့်ကို နွေဦး သိပ်ချစ်ပါတယ်။

ရှင့်နှုတ်ခမ်းလေးတွေကိုလည်း ချစ်တယ်၊ ရှင့်အပြုံးလေးတွေကိုလည်း ချစ်တယ်၊ ရှင့်အသံလေးကိုလည်း ချစ်တယ်၊ ရှင့်မျက်လုံးလေးတွေရော၊ ရှင့်ကိုယ်ပေါ်က သစ်ရွက်လေးတွေကိုပါ ချစ်ပါတယ်။ ရှင်သာ နွေဦးရဲ့ဘဝပါ။ ရှင်ရှိရင် နွေဦးအတွက် ဘယ်အရာမှ မလိုတော့ပါဘူး လက်ျာရယ်။ ရှင့်ကို သိပ်ချစ်တယ်။



အခန်း (၂၇)

"အမေ့ကို သားကန်တော့ပါတယ်"

မြေဇာပုံခြေရင်းတွင် လက်ျာသည် ပွံ့ပွံ့လေးထိုင်ကာ ဒေါ်သဒ္ဒိဇာအား ရှိခိုးကန်တော့သည်။

"အမေသာ ရှိခဲ့မယ်ဆိုရင် ကျွန်တော့်ခြေထောက်တွေအတွက် အမေ ပျော်နေလိမ့်မယ်လို့ ထင်တယ်"

နွေဦးလည်း ပျော်ပါတယ် လက်ျာရယ်။

"နွေဦးက တကယ်ပဲ ကျွန်တော်နဲ့ပဲ ဒီတောထဲမှာ နေတော့မှာလား"

နွေဦး ခေါင်းညိတ်ပြသည်။ လက်ျာသည် ဒူးထောက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာမှ ထရပ်သည်။

"ကျွန်တော့်ခြေထောက်တွေက လှတယ်နော် နွေဦး"

"အင်း"

လက်ျာသည် နွေဦးကို ရင်ခွင်ထဲပွေ့ပိုက်ထားလိုက်၏။

"ကျွန်တော့်နားမှာ နေပေးတဲ့အတွက် နွေဦးကို တကယ်ပဲ ကျေးဇူးတင်ပါတယ်"

"နွေဦးက ရှင့်ဇနီးဖြစ်နေပြီပဲ၊ ရှင့်နားမှာနေမှာပေါ့ ဇနီးမောင်နှံ ဆိုတာမျိုးက မောင်တစ်ရွာ မယ်တစ်မြို့ နေလို့မှမရတာ"

"ဒါဆို . . . ကျွန်တော်နဲ့နွေဦးက သက်ဆုံးတိုင် ထာဝရ အတူနေရမှာပေါ့"

နွေဦး ခေါင်းညိတ်ပြသည်။ လက်ျာသည် မြတ်နိုးစွာပင် နွေဦး၏ခေါင်းလေးကို ငုံ့မွှေးလိုက်၏။

ထိုစဉ် လေနုအေးသည် ညင်သာစွာ တိုက်ခတ်သွားသည်။ ရာသီဥတုသည် အထူးကြည်စင်သာယာနေခဲ့သည်။

"ဒီနေ့ ရာသီဥတု သာယာတယ်နော်"

"အင်း . . . ကျွန်တော် ပျော်နေတယ်လေ"

"ဘာလို့လဲ"

"နွေဦးရဲ့နဖူးလေးကို နမ်းခွင့်ရလို့၊ နောက်ဆိုလည်း ကျွန်တော်နဲ့နွေဦး မကြာခဏ အမေ့ဆီလာရအောင်လေ"

"အင်း . . . ခဏခဏ လာကြမယ်"

တစ်ယောက်ကိုတစ်ယောက် မလွှတ်တမ်း ပွေ့ဖက်ပြီး မြေဖာပုံလေးကို ကျောခိုင်းသွားကြ၏။

လက်ျာနှင့်နွေဦးတို့ ထွက်သွားပြီးသောအခါ မြေဖာပုံထဲမှ တစ်စုံတစ်ခု ထွက်ပေါ်လာသည်။

ထိုအရာသည် ပန်းတစ်ပွင့်ဖြစ်၏။ ဝါရွှေသောအရောင် ဖြစ်သည်။ ထိုပန်းပွင့်လေးပေါ်လာသည်နှင့်တစ်ပြိုင်နက် နေမင်းနှင့်လမင်းတို့သည် ပြိုင်တူထွက်ပေါ်လာကြသည်။

မိုးဖွဲလေးများ မှုန်မှုန်ကျနေသော ညနေခင်းလေးတွင် လေနုအေးလေးသည် ထိုပန်းကို သယ်ဆောင်သွားခဲ့တယ်ဆိုတာ မည်သူမျှ မသိလိုက်ကြတော့ပေ။

ရသတို့နှင့်ပြည့်စုံပါစေ

မယ်နိုင်







www.burmeseclassic.com